
www.burmeseclassic.com

ရွှေစကား
၁၁၄၂



# မောင်စိန်ဝင်း

(ပုတီးကုန်း)

# သက်ပိုင်ခိုးစေချင်တော့သည်

design minn myint khaing

www.burmeseclassic.com

www.burmeseclassic.com

# မောင်စိန်ဝင်း (ပုတီးကုန်း)

သက် ပိုင် စိုး စေ ချင် တော့ သည်

ရှံ့ခါခဏ ၊ လျှပ်တပြမ္ဘ
တွေးဆပြစ်ရှိ ၊ မကြုံမိတည့်
မျက်စိလှုံ့မှု ၊ မှတ်မျှော်ကလျှင်
ကြင်စကြင်ခွေ ၊ ဖြိုးတွေ့မွမ်းစိုင်
သွယ်ထုံးဆိုင်သည် . . . .
သက်ပိုင်စိုးစေချင်တော့သည်။

နတ်သျှင်နောင်



သံသရာဟူသည် အရှည်ဆုံးမြစ်တစ်ခု ဆိုပါက သမုဒယသည် ထိုမြစ်၏ ကမ်းပါးဖြစ်မည်ဟု ထင်ပါသည်။ နိဗ္ဗာန် ဟူသည့် ပင်လယ်ဝသို့ မတိုင်မီမှာ သံသရာမြစ်သည် ကောက်ကွေ့ဝေ့လည် စီးရစ်သွယ်ပေ လိမ့်မည်။ ကံကြမ္မာရေစီးသည်လည်း လှိုင်းထန်မုန်ယို ကမ်းပါးကို ဖြိုချင်ဖြိုမည်။ နုညက်ညင်သာ ကမ်းပါးကိုလာ၍ နမ်းချင်နမ်းမည်။ ရေလွှမ်း၍ ကမ်းပျောက်သည့်အခါ ရှိချင်ရှိမည်။

ရေအကျမှာ သောကသောင်တို့ ထွန်းသည့်အခါ ထွန်းမည်။ အကြင်နာ ကျွန်းတို့ ပေါ်သည့်အခါ ပေါ်မည်။ ကမ်းပါးမဲ့စွာ ပင်လယ်သမုဒ္ဒရာသို့ စီးဝင်နိုင်သည့် မြစ်ဟူ၍ မရှိစကောင်း။

ထိုမြစ်၏ သမုဒယကမ်းပါးသည်သာ ထိုမြစ်ကို ဖြစ်ပေါ်စေရာအကြောင်းတရားဟု ဆိုနိုင်ပါမည် ထား။

ထားကတော့ ယုံချင်မှယုံပေမည်။

ရွှေစကားစာပေ

www.burmeseclassic.com

www.burmeseclassic.com



မောင်သည် ထားကိုချစ်ခဲ့မိခြင်း၌ အကြွင်းမဲ့မေတ္တာတရားဖြင့် ချစ်ခဲ့မိခြင်း အမှန်ပင်။

ချစ်ခြင်းမှတပါး မောင်သည် ထားထံမှ မည်သည့်အရာမျှ မျှော်လင့်ခဲ့ခြင်းမရှိခဲ့ရိုး အမှန်။

ထားသည်သာ မောင့်ဘဝ၊ ထားသည်သာ မောင့်အရိပ်ဟု မောင့်စိတ်မှာ မျှော်လင့်ယုံရဲခဲ့မိပါသည်။

ထားသာ ရှိနေပါက မောင့်ဘဝ၏ လစ်ဟာမှုအားလုံးသည် ပြည့်စုံစေမည်ဟုလည်း ထင်ထားခဲ့မိပါသည်။

မောင့်ဘဝ၌ ရခဲ့သော စိတ်ဒဏ်ရာ ဒဏ်ချက်တို့ထိုထား၏ အကြင်နာ မေတ္တာရေစင်ဖြင့် ကင်းစင် ပျောက်ပျက်စေမည်ဟုလည်း တွေးခဲ့မိဖူးပါသည်။





ထိုအတွေး ထိုအိပ်မက်တို့ ပျက်စီးလွင့်စဉ်သွားရသည့် အခါ၌ မောင်သည် မေတ္တာဆိုသည့်အရာကို မယုံချင်တော့။ သစ္စာတရား၏ စူးရှလေးနက်ခြင်းကို မောင် သံသယဝင်ချင်ပြီ။

အရာရာသည် လှည့်စားလော်လီ ပလီဖောက်ပြန်တတ်သည်သာဟု အခါခါ အထပ်ထပ် အတွေးမှာ မှတ်ထင်တတ်ပြီ။

လှည့်ပတ် စဉ်းလဲခြင်းများဖြင့်သာ ပြည့်သော လောကဟု မကောင်းမြင်ဝါဒတရားကို လက်ကိုင်ထားချင်လာပြီ။ ငယ်စဉ်က ခံစားခဲ့ရသည့် စိတ်ဒဏ်ရာ ဒဏ်ချက်တို့သည် ကျက်လုလု အနာအား ဓားဖြင့် မွှန်းကာ ဆားသိပ်ခံရလာသကဲ့သို့ နာကျင်ခံခက်ချေပြီ ထား။

အိပ်မက်များသာ ဖြစ်ချင်ပါလျက် ဘဝနှင့် ပတ်သက်ခဲ့သည်များမှ မေ့လွယ်ပျောက်လွယ် မဖြစ်ပြန်သည့်အခါ . . .

သံသရာမြစ်၏ သမုဒယကမ်းမှာ အလွမ်းဆိုတဲ့ သစ်ပင်ကလေးတွေ ရှိနေတတ်ပါသတဲ့လား . . . ထားရယ်။



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁)

## (၁)

ဆိုင်ရှေ့မှာ ထွက်ရပ်ရင်း စက်ဘီးစီးလာသော ထားသက်ပိုင်ကို စူးစိုက်ကြည့်သည်။ ထားသက်ပိုင်က ရှေ့တူရူကို ကြည့်လျက် သူ့ကို ဂရုစိုက်ဟန်မပြ။ မျက်နှာထားက တမင်တင်းထားဟန်၊ လိုသည်ထက် ပို၍ ခက်ထန်မာကျောနေပြန်သည်။

" ထားသက်ပိုင် . . . ခဏ"

သူရှေ့နားဆီ အရောက်မှာ နှုတ်မှထွက်သည်။ ထား



www.burmeseclassic.com

www.burmeseclassic.com



သက်ပိုင်က မကြားဟန်ဖြင့် စက်ဘီးကို ပုံမှန်ဆက်နင်းသည်။ စိတ်ထဲမှာ ဒေါသထောင်းခနဲ ထ၏။ ကျော်ဖြတ်တော့မည့် ထားသက်ပိုင်၏ စက်ဘီးလက်ကိုင်ကို ဖမ်းဆွဲလိုက်သည်။ ဟန်ချက်ပျက်ကာ စက်ဘီးက ဒယိမ်းဒယိုင်ဖြစ်လျက် ထားသက်ပိုင် စက်ဘီးပေါ်မှ ခုန်ဆင်းသည်။

"နင် ဘာလုပ်တာလဲ . . . စိုးဝေ"

မျက်နှာသည် သုန်မှုန်ခက်ထန်လျက် ဒေါသဖြင့် စကားတုန့်သည်။ သူ့ကို မျက်နှာချင်းဆိုင်ကာ စူးစူးရှရှ ကြည့်လျက်ပြောလိုက်၏။

"ခဏလေးပါဆို. . . နင်က ရပ်မှ မပေးတာ"

"ဘာလို့ ရပ်ရမှာလဲ . . . နင် ငါ့ကို မနှောင့်ယှက်နဲ့"

"ငါ နင့်ကို ပြောစရာ စကားရှိလို့"

"ငါ နားမထောင်နိုင်ဘူး"

"ခဏလေးပါဟာ"

"ခဏလေးလဲ နားမထောင်ဘူး"

မျက်နှာကို ဆတ်ခနဲလှည့်ကာ စက်ဘီးကို ရှေ့သို့





တွန်း၏။

"ဒါဆိုလဲ ဒီစာဖတ်ကြည့်"

ပြောလျက် ထားသက်ပိုင်၏ ပခုံးမှာ လွယ်ထားသော လွယ်အိတ်တွင်းသို့ စာကို ထည့်လိုက်သည်။ လက်တစ်ဖက်ဖြင့် လွယ်အိတ်ကြိုးကို ဆောင့်ဆွဲရင်း သူ့မျက်နှာကို စူးစိုက်ကြည့်ကာ တောက်ခေါက်သံ တစ်ချက် ထွက်လာသည်။ ပြီးတော့ စက်ဘီးပေါ်ကို ရုတ်တရက်တက်ပြီး ထားသက်ပိုင် ထွက်သွားတော့၏။ ထားသက်ပိုင်၏ လွယ်အိတ်ကို သူဆွဲ၍ စာထည့်လိုက်စဉ် နောက်ဘက်မှာ စီးနင်းလာသည့် ကျောင်းသားကျောင်းသူတို့၏ စက်ဘီးတို့ကို သူသတိမထားမိ။ ထားသက်ပိုင်က သတိထားမိဟန်တူသည်။ သူ့ကို ဘာမှ ဆက်စကားပြောမနေတော့ဘဲ အရှိန်ပြင်းပြင်းဖြင့် စက်ဘီးကို နင်းသွားတာ တွေ့၏။

"မင်းဟာ ကြမ်းလိုက်တာ စိုးဝေရာ"

ဆိုင်ထဲရောက်တော့ ဆိုင်ထဲမှ ထိုင်ကြည့်နေသည့် အောင်မြတ်ကျော်က ပြောသည်။

"ငါ အကောင်းပြောတာပဲကွ၊ သူက ငါ့စကားကို



www.burmeseclassic.com

www.burmeseclassic.com



နားမထောင်နိုင်ဘူးတဲ့"

ပြောရင်းဝင်ထိုင်လိုက်သည်။

"မင်း စက်ဘီးကို လှမ်းဆွဲလိုက်တာတွေ့တော့ ငါ လန့်သွားတယ်၊ မတော်တဆ လဲမျှားသွားရင် ဒုက္ခပဲ"

"ငါလဲ စိတ်မထိန်းလိုက်နိုင်ဘူးကွာ"

"မင်းက ဇွတ်တရွတ်ပဲ စိုးဝေ ရည်းစားစကားပြောတာနဲ့ မတူဘူး၊ မားပြတိုက် အနုကြမ်းစီးတဲ့ ပုံမျိုး"

သူ ဘာမှမပြောဘဲ အောင့်မြတ်ကျော် မျက်နှာကို စူးစိုက်ကြည့်လိုက်သည်။

"မင်း စာပေးတာကလဲ လွယ်အိတ်ကို ဖမ်းဆွဲပြီး ပစ္စည်းလုတာ ကျနေတာပဲ"

"ဒီလို မပေးလဲ ယူမှာမှ မဟုတ်တာ၊ အခုလဲ နောက်တလာတဲ့ လူတွေနဲ့မို့ ရှက်ပြီး လွှင့်မပစ်တာဖြစ်မယ်၊ လူပြတ်တဲ့နေရာကျရင် ငါ့စာကို လွှတ်ပစ်ချင်ပစ်မှာ"

"ဒီလောက်သိရင်လဲ စိတ်လျှော့ လိုက်စမ်းပါကွာ၊ မင်းနဲ့ ဒီကိစ္စလိုက်သာနေရတယ် ငါတော့ ရင်တထိတ်ထိတ်ပဲ"





ရေနွေးကြမ်း ပန်းကန်ထဲသို့ ရေနွေးကို ငှဲ့ထည့်ရင်း ကောက်ယူ မော့လိုက်၏။ လမ်းရှေ့မှ ဖြတ်သွားသည့် ရန်ကုန်မြည် အမြန်ကားကြီးဆီ အကြည့်ရောက်သွားသည်။ ဆိုင်ရှေ့မှ ကားကြီးလွန်မှ -

"ငါ ပြောချင်တာတော့ ပြောလိုက်ချင်တယ်ကွာ၊ ငါ ပြောတာ နားထောင်ရင် ငါကျေနပ်ပြီ၊ ငါလဲ ပြောလိုက်ရရင် ပေါ့သွားမှာပဲ၊ သူ ငါ့ကို ပြန်ချစ်ချင်ချစ် မချစ်ချင်နေပါ။ အခုဟာက ငါ့ကို မတူမတန် ဆက်ဆံတာကို ငါခံပြင်းတာ" ဟု သူ စကားဆက်ပြောလိုက်၏။

"သူတို့ အနေအထားနဲ့ လှမ်းကြည့်ရင်တော့လဲ မတူမတန်လို့ ယူဆချင် ယူဆလို့ရတာပဲကွာ"

"လူလူချင်းပါကွာ"

"ဘာဖြစ်ဖြစ် အဆင့်အတန်း ဆိုတာ ဂုဏ်ပကာသန ဆိုတာ မင်းမေ့ထားလို့ ဘယ်ရမလဲ စိုးဝေ"

" ငါ အဲဒါတွေ မုန်းတာ"

"မုန်းလို့ ဘယ်ရမလဲကွ၊ မင်းတို့ ငါတို့က မုန်းရင်၊ မရ



www.burmeseclassic.com

www.burmeseclassic.com



နိုင်တဲ့ စပျစ်သီးမို့ ချဉ်တယ်လို့ ပြောသလို ဖြစ်မှာပေါ့၊ မှန်းရင် ရအောင် ကြိုးစားပြုပေါ့၊ ဒါပဲရှိတာပဲ”

တောက်တစ်ချက် ခေါက်ကာ စားပွဲပေါ်ကို လက်သီးဖြင့် ခပ်ဖွဖွ ထုလိုက်၏။



BURMESE CLASSIC .com

(၂)

အတန်းတက်နေစဉ်မှာ ကျောင်းအုပ်ဆရာကြီးရုံးခန်းမှ စိုးဝေကို ခေါ်သည်။ မနေ့က ကိစ္စဟု သူချက်ချင်း နားလည်လိုက်၏။

ရုံးခန်းထဲ ဝင်လိုက်လျှင် သူ့အတန်းပိုင် ဆရာကိုပါ တွေ့လိုက်ရ၏။

“ထိုင် . . . မောင်စိုးဝေ”



www.burmeseclassic.com

www.burmeseclassic.com



ဟု အတန်းပိုင်ဆရာက သူ့ဘေးက ခုန်မှာ ထိုင်ခိုင်း လိုက်၏။ ကျောင်းအုပ် ဆရာမကြီးက သူ့ကို စူးစိုက် ကြည့်ရင်း

"မင်း . . ထောင်ထွက် ဘစိုး သားလား"

ဟုမေးသည်။

ခေါင်းကို ငုံ့လျက် . . .

"ဟုတ်ကဲ့ . . . ဆရာကြီး"

ဟု သူပြန်ဖြေသည်။ သူ့ အဖေသည် ထောင်ထွက် ဘစိုး ဟု သည်မြို့လေးမှာ နာမည်ဆိုးဖြင့် ထင်ရှားသူဖြစ်၏။

စက်သူဌေး ဦးဘစိုး၊ ရွှေဆိုင် ဦးဘစိုးတို့ ရှိသည်မို့ သူ့ အဖေကို ခွဲခြားကာ ထောင်ထွက်ဘစိုးဟု အများက ခေါ်သည်။

" မင်း ဒါကြောင့် မိုက်တာပဲ"

ဆရာကြီး စကားကြောင့် ဆရာကြီး မျက်နှာဆီကို သူ အကြည့်ရောက်၏။ ပြန်ပြောချင်သည့် စကားတို့က လည်ချောင်း ဝမှာ တစ်ဆို့လျက်နေသည်။

"မောင်စိုးဝေ မင်း မနေ့က ထားသက်ပိုင်ကို ကိုယ်ထိ လက်ရောက် နှောင့်ယှက်တယ်လို့ သူ့အိမ်က ထားသက်ပိုင်နဲ့





အတူ လိုက်လာပြီး တိုင်သွားတယ်၊ မင်းကို တို့က တာဝန်ယူ မဆုံးမနိုင်ရင် တရားဥပဒေအရ တိုင်တန်းရလိမ့်မယ်တဲ့"

ဆရာကြီးက သူ့ကို ကြည့်ရင်း ပြောလိုက်သည်။

"တဲ . . . ဘယ်လိုဖြစ်တာလဲ ပြောစမ်း"

သူ့အတန်းပိုင် ဆရာကို သူတစ်ချက် လှမ်းကြည့်လိုက် သည်။

"အမှန်အတိုင်း ပြောကွာ"

ဟု ဆရာက ပြော၏။

လည်ချောင်းကို ရှင်းကာ မနေ့က မဖြစ်အပျက်တွေကို အမှန်အတိုင်း ပြောပြလိုက်သည်။

"ရည်းစားစာ ပေးတာ ငွတ်အတင်း ပေးပြီး နှောင့်ယှက် တာပေါ့"

"ရည်းစားစာ ထင်ရင်လဲ ထင်ပေါ့ဆရာ၊ ရည်းစား စာ တော့ မဟုတ်ပါဘူး"

"ဘာကွ"

"ကျွန်တော်ပေးတာက ကဗျာ တစ်ပိုင်း တစ်စပါ"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် ဆရာကြီးက စားပွဲပေါ်မှ စာရွက်ခေါက်လေးကို ဖြန့်ပြီး ဖတ်သည်။ ပြီးတော့ ပြုံးလျက် . . .

"ရော့ ဆရာ ဖတ်ကြည့်ပါဦး"

အတန်းပိုင် ဆရာက လှမ်းယူရင်း ဖတ်လိုက်၏။

"ရံခါ ခဏ၊ လျှပ်တပြက်မျှ
တွေးဆပြစ်ရှို မကြုံမိတည့်
မျက်စိလျှံမျှ၊ မှတ်မျှော်ကလျှင်
ကြင်စ ကြင်ခွေ၊ ဖြိုးထွေမွှမ်းစိုင်
သွယ်ထုံးဆိုင်သည် . . .
သက်ပိုင် စိုးစေချင်တော့သည် "

(နတ်သျှင်နောင်)

သူ့ဆိုင်း သူ့အမည် လုံးဝ ရေးမထားသည့် ကဗျာစာရွက်လေးကို သူ လှမ်းပြီး တစ်ချက် ကြည့်မိပြန်၏။

"ဒီကဗျာကို သူဖတ်စေချင်ရင် မင်း အတန်းထဲမှာ ပေးဖတ်လဲ ရတာပဲ မောင်စိုးဝေ"

"သူက ကျွန်တော့်ကို မတူမတန်သလို စကားတောင်





ပြောချင်တာမဟုတ်ဘူးပါဘူး ဆရာ"

ဆရာက သူ့ကို ဘာမှ ထပ်မပြောတော့။

"မင်းမှာ အပြစ်ရှိလား မောင်စိုးဝေ"

ဟု ဆရာကြီး လှမ်းမေးတော့။

"ရှိပါတယ် ဆရာကြီး"

သူ ရုတ်တရက်ပြောသည်။

"အေးကွာ၊ အခုတစ်ခါ မင်းကို နောက်ဆုံးအနေနဲ့ ခံဝန်ချက် လက်မှတ်ထိုးခိုင်းမယ်၊ နောက်တစ်ကြိမ် ဒါမျိုးကြားရရင် မင်းကို ကျောင်းထုတ်ပစ်မယ် ကြားလား"

"ဟုတ်ကဲ့ ဆရာကြီး"

အတန်းပိုင်ဆရာက ကြိုတင် အသင့်ရေးထားသော ဝန်ခံချက်ကို သူ့အား ဖတ်ပြ၏။ ပြီးတော့ ဆရာကြီးရှေ့မှာ သူလက်မှတ်ထိုးလိုက်သည်။

"မင်းအဖေကို ခေါ်ပြီး ဆုံးမဖို့ပြောလဲ အလကားပဲ နေမှာပဲ စိုးဝေ။ မင်းအဖေက အရက်သောက် ဖဲရိုက်နဲ့ အချိန်ကုန်နေတာ၊ အဲဒီတော့ မင်းကိုယ်မင်းပဲ တာဝန်ယူတော့"



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးက သူ့ကိုပြောလိုက်၏။ အတန်းပိုင်ဆရာ
လှမ်းပေးသဖြင့် သူ စာရွက်ခေါက်ကလေးကို ယူလိုက်သည်
"မိဘက အသုံးမကျတော့လဲ ကလေးတွေရဲ့ စရိုက်
ကြမ်းတမ်းပြီး ပျက်စီးနေတာပေါ့ ဆရာရယ်"
အခန်းထဲကအထွက်မှာ ဆရာကြီး၏စကားသံကို စိုး
ကြားလိုက်ရပြန်၏။



(၃)

အရက်ပုလင်းနှင့် အခေါက်ကင် အသားကင် ထုပ်များ
ါသည့် လွယ်အိတ်စုတ်ကလေးကို ဆွဲလျက် အရက်ဖြူဆိုင်ထဲ
က အထွက်မှာ ဖြတ်လျှောက်လာသော အတန်းပိုင် ဆရာကြီး
ီးကြည်ဆွေနှင့် ဆုံသည်။
ခေါင်းကို ရုတ်တရက် ငုံ့ပစ်လိုက်မိသည်။ အရှက် တရား
ဖြင့် သိမ်ငယ်စိတ်သည် ရင်၌လှိုင်းနှယ်ကြွ၏။ ရုတ်တရက်
တိုယ်ရှောင်ဖျောက်ကာ ပုန်းအောင်းရပါလျှင် ကောင်းလေ့



www.burmeseclassic.com

www.burmeseclassic.com



ထင်သည်။ သည်ဆိုင်ထဲက အထွက်မှာ သူငယ်ချင်းတွေနှ ဆုံခဲ့ပေါင်းများပြီ။ အစကတော့ ယခုနှယ်ခံစားသိမ်ငယ် သော်လည်း သူငယ်ချင်းတွေမို့ ကြာတော့ ရိုးသွားကြသည် ဆရာကြီး ဦးကြည်ဆွေနှင့် သည်တစ်ခါ ပထမဆုံးအကြိမ် ဆုံဖြစ်လိုက်ခြင်းပင်။ ထောင်ထွက်အရက်သမား၊ ဖဲသမား သား အရက်ဆိုင်ထဲက အရက်သောက်ပြီး ပြန်လာပြီ ထင်မှာလားမ ၏။

"စိုးဝေ မင်းအဖေအတွက် ဝယ်တာလား"

အနားရောက်တော့ သူ့ပခုံးကို ပုတ်လျက် ဆရာ မေးစဉ် အံ့ဩကျေးဇူးတင်စွာ ဆရာ့မျက်နှာကို မော့ကြည့် လိုက်သည်။

"ဟုတ်ကဲ့ ဆရာ"

ဟု သူဖြေရင်း ခေါင်းကို ငုံ့၏။

"အေးပေါ့ကွာ၊ မင်းအဖေကိုယ်တိုင်က ခိုင်းတဲ့အလုပ် ဆိုတော့လဲ ဆရာ ဘာမှ ပြောလို့မဖြစ်ဘူးပေါ့၊ မင်းတို့ အရွယ် မျိုးက အရက်ဆိုင်လို မကောင်းတဲ့နေရာကို ဝင်ဖို့ ထွက်





မကောင်းတာတော့ အမှန်ပဲ စိုးဝေ၊ မင်းအဖေကလဲ ပြောရမယ့် လူစားမျိုးမဟုတ်တော့ ခက်သားပဲ၊ မင်းအဖေကြောင့် အရက်ဝိုင်း ဖဲဝိုင်းဆိုတာ ရောက်ရင်လဲ အဲဒီအရက်သမား ဖဲသမားတွေရဲ့ စရိုက်တွေကို အားမကျမိစေနဲ့ စိုးဝေ၊ မင်းက အညွန့်တလူလူနဲ့ မင်းအဖေကြောင့် အညွန့်မကျိုးစေနဲ့"

"ဟုတ်ကဲ့ ဆရာ"

လမ်းခွဲရောက်တော့ ဆရာကို နှုတ်ဆက်ရင်း ခွဲသည်။

"နောက်ကို ကျွန်တော်သွားမဝယ်ချင်တော့ဘူး အဖေရာ"

အိမ်ရောက်တော့ အဖေ့ရှေ့မှာ အရက်ပုလင်းပါသည့် လွယ်အိတ်ကို ပစ်ချရင်း သူပြောသည်။

"ဟေ"

သူ့အဖေ နားမလည်သလိုကြည့်သည်။

"ကျွန်တော့်ကို မဝယ်ခိုင်းနဲ့တော့ ကျွန်တော် မဝယ် ချင်ဘူး"

"မင်းက ရှက်တာလား၊ ကိုယ့်ပိုက်ဆံနဲ့ကိုယ်ဝယ်တာ



www.burmeseclassic.com

www.burmeseclassic.com



ဘာရှက်ရမှာလဲကွ"

သူ့အဖေကို စိတ်ပျက်စွာကြည့်ရင်း ဘာတစ်ခွန်းမှ ပြန်မပြောမိတော့။

တကယ်တော့လည်း သူ့အဖေသည် အရက်ဆိုင်သို့ သွားသောက်နိုင်ရန် ကျန်းမာရေး ကောင်းတော့တာမှမဟုတ်ဘဲ ဟု သူနားလည်ရင်း သက်ပြင်းကို ချမိပြန်သည်။

"ဟုတ်သားပဲ လူပျိုလူရွယ်လေး၊ သူလဲရှက်မှာပေါ့"

ဟု မီးဖိုခန်းထဲမှ ထွက်လာသော ဒေါ်လေးက ပြောသည်။

ထိုစဉ် အဖေ့သူငယ်ချင်း ဖဲသမားနှစ်ယောက် အိမ်ပေါ် တက်လာတာတွေ့၏။

အဖေကတော့ အရက်နာကျပြီး အိပ်ရာထဲက ထနိုင်ရုံသာ ရှိတော့သဖြင့် ဖဲမရိုက်ဖြစ်တော့။

စိတ်ပျက်စွာဖြင့် ဒေါ်လေးရှိရာသို့ သူထွက်လာခဲ့တော့ သည်။



(၄)

"လောကမှာ လူတွေရဲ့ ဘဝအခြေအနေကို ပြုပြင် ...န်တီး ပေးနိုင်တဲ့ အကြောင်းတရားတွေ အများကြီးရှိတယ်၊ အဲဒီအကြောင်းတရားတွေကို သေသေချာချာ ခွဲစိတ်လိုက်တဲ့ အခါကျတော့ ဗီဇနဲ့ ပတ်ဝန်းကျင်ဆိုပြီး နှစ်မျိုးထွက်လာတယ်။ ...ဇဆိုတာက မိဘနှစ်ပါးဆီက ရရှိတဲ့မျိုးစေ့ ဗီဇ၊ ပင်ကိုသန္ဓေသတ္တိ ...ိုခေါ်တာ၊ ပတ်ဝန်းကျင်ဆိုတာကတော့ အဲဒီ ဗီဇသတ္တိကလွဲလို့ ...ျန်တဲ့လူကို ပြုပြင်ပြောင်းလဲပေးတဲ့ အကြောင်းတရားတွေပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဆရာ ဥပမာပြောမယ်၊ သစ်ပင်တစ်ပင် ကြီးထွားလာဖို့ဆိုတာ မျိုးစေ့ ကောင်းဖို့လိုတယ်၊ ပြီးတော့ လူက ရေလောင်းပေါင်းသင် မြေတောင်မြှောက်ပေးဖို့ လိုတယ်၊ ရာသီဥတုမျှတဖို့လိုတယ် မျိုးစေ့က ညံ့ရင်လဲ ဘယ်လိုမှ ကြီးထွားလာမှာ မဟုတ်ဘူး မျိုးစေ့က အောင်ပေမယ့် ပတ်ဝန်းကျင်ဖန်တီးပေးမှုလိုရင်လဲ အပင်က အသက်ရှည်ဖို့ ခက်မယ်၊ အဲဒီတော့ မျိုးစေ့ဆိုတဲ့ ဗီဇ အရေးကြီးသလို ပတ်ဝန်းကျင်ဆိုတာလဲ အရေးပါတယ်ဆိုတာ နားလည်ကြရမယ်”

ဆရာဦးကြည်ဆွေက ခဏ ရပ်လိုက်၏။

စိုးဝေက မိမိ၏ ပတ်ဝန်းကျင်သည် အလွန်ညံ့သော ပတ်ဝန်းကျင်ပါလားဟု သတိတရ ဖြစ်နေပြန်သည်။

“အဲဒီ ဗီဇနဲ့ ပတ်ဝန်းကျင်အကြောင်းတရား နှစ်ခုအနက်က လူတစ်ယောက်ရဲ့ ကြီးပွားတိုးတက်မှုမှာ ဘယ်ဟာက အရေးပါသလဲဆိုတဲ့ မေးခွန်းဟာ တော်တော် ရှုပ်ထွေးစေတဲ့ မေးခွန်းပဲ။ တကယ်တမ်းကျတော့ နိုင်ငံတစ်နိုင်ငံမှာ ကာယ လုပ်သားနဲ့ ဉာဏလုပ်သား ဘယ်သူက အရေးပါသလဲ၊ လက်ရုံး





ရည်နဲ့ နှလုံးရည် ဘယ်ဟာက ပိုအသုံးဝင်သလဲ၊ ဒီလို မေးခွန်း မျိုးတွေ ဖြစ်နေတယ်၊ ကာယ လုပ်သားနဲ့ ဉာဏလုပ်သားဟာ နှစ်ဦးလုံး ပူးပေါင်းဆောင်ရွက်မှ နိုင်ငံတိုးတက်မှာပဲ။ နှစ်ဦးလုံး မရှိမဖြစ်တဲ့အရာတွေပါပဲ၊ လက်ရုံးရည်နဲ့ နှလုံးရည်လဲ ဒီလိုပဲဆိုတော့ကာ ဒီဗီဇနဲ့ ပတ်ဝန်းကျင်ဟာလဲ နှစ်ဦးစလုံးက အကျိုးပြုပြီး လူ့ဘဝကို ဖန်တီးနိုင်တာချည့်ပါပဲ။ ဒီနေရာမှာ ထင်ထင်ရှားရှားဖြစ်အောင် လို့ (ဝုဝပ်သ်)ရဲ့ သချာနည်းနဲ့ ပြထားတာကို ဆရာပြောမယ်”

ဆရာသည် ကျောက်သင်ပုန်းဘက်သို့လှည့်ကာ ထောင့်မှန် စတုဂံ တစ်ခုကို မြေဖြူဖြင့် ဆွဲသည်။ ထောင့်မှန် စတုဂံ၏ အလျား (ဝါ) အခြေကို ဗီဇဟု ရေးပြီး၊ ထောင့်မှန် စတုဂံ၏ အနံ (ဝါ) အမြင့်ကို ပတ်ဝန်းကျင်ဟု ရေးသည်။ ပြီးတော့ ထောင့်မှန် စတုဂံ၏ အလယ်ဧရိယာကို လူသတ္တဝါ၏ ကြီးထွားမှု ဟု ရေးလိုက်၏။

“တပည့်တို့ ဒီမှာ ကြည့်၊ ဒီထောင့်မှန်စတုဂံရဲ့ ဧရိယာ ဟာ ဒီအလျားနဲ့ ဒီအနံရဲ့ မြှောက်လဒ်ပဲ၊ ဒီဗီဇကို အလျားလို့



www.burmeseclassic.com

www.burmeseclassic.com



ထားရင် ပတ်ဝန်းကျင်က အနံ့ပဲ၊ ဒီနှစ်ခုမြောက်လို့ရတဲ့ ရလဒ်ဟာ လူတစ်ယောက်ရဲ့ တိုးတက်မှုပဲ၊ အလျားမပါဘဲနဲ့ ဧရိယာကို မရနိုင်သလို အနံမပါဘဲနှင့်လဲ ဧရိယာကို ဘယ်နည်းနဲ့မှ ရမှာ မဟုတ်ဘူး၊ ဒီတော့ ဆရာပြောချင်တာက ဗီဇနဲ့ ပတ်ဝန်းကျင်ရဲ့ ဆက်သွယ်မှုဟာ ဂဏန်းနှစ်ခုရဲ့ အပေါင်းလက္ခဏာလို ဆက်သွယ်မှုမျိုးမဟုတ်ဘဲ အမြှောက်လက္ခဏာနဲ့ ဆက်သွယ်မှု မျိုးလို့ ဝုဝပ်သ်က ပြောထားတယ်၊ ဒီတော့ ဗီဇက အရေးကြီးတယ် ပတ်ဝန်းကျင်က အရေးကြီးတယ်လို့ ဘယ်လိုမှ ပြောလို့မရပါ ဘူး၊ နှစ်ခုလုံး အရေးကြီးတာချည့်ပဲ ဆိုတာ နားလည်ရမယ် ဒီမှာကြည့် ”

ဆရာသည် မြေဖြူဖြင့် ပုံများကို ရေးဆွဲလိုက်ပြန်၏။

အမြင့် တူ၍ အလျားမတူသော ထောင့်မှန်စတုဂံ တစ်ခုကို ဆွဲကာ အေဘီစီဟု တပ်လိုက်၏။

“ဟောဒီမှာကြည့် ထောင့်မှန်စတုဂံ သုံးခု အေဘီစီမှာ စောစောက ပြောခဲ့သလို အခြေ ဒါမှမဟုတ် အလျားက ဗီဇ အနံ ဒါမှမဟုတ် အမြင့်က ပတ်ဝန်းကျင်၊ ဒီထောင့်မှန် စတုဂံ





သုံးခုမှာ အေနဲ့ဘီက အလျားမတူကြဘူး၊ အမြင့်က တူတယ်။ စီက အလျားတူပြီး အမြင့်မတူဘူး။ ဒီထောင့်မှန်စတုဂံတွေရဲ့ ဧရိယာတွေဟာ တစ်ခုနဲ့ တစ်ခု မတူနိုင်ကြဘူး၊ ဟုတ်တယ်နော်”

“အဲဒီတော့ ဆရာတို့က ဘာကောက်ချက်ချလို့ရလဲ ဆိုတော့ လူတစ်ဦးနဲ့ တစ်ဦး မတူညီတာဟာ ဗီဇ ဒါမှမဟုတ် ပတ်ဝန်းကျင် မတူလို့ဘဲ၊ ပုံမှာ အေနဲ့ဘီဟာ ပတ်ဝန်းကျင်တူပြီး ဗီဇမတူတော့ သူတို့ ဧရိယာ တစ်နည်းပြောရင် သူတို့ရဲ့ဘဝ ကြီးထွားမှု မတူနိုင်ကြဘူး။ ဘီနဲ့စီ ကျတော့ အလျားအခြေဆိုတဲ့ ဗီဇတူပြီး ပတ်ဝန်းကျင်ဆိုတဲ့ အမြင့်မတူလို့ ဧရိယာကွာသွားပြန် ရော၊ အေနဲ့ စီကျတော့ အမြင့်ရော၊ အလျားရော၊ ဗီဇရော၊ ပတ်ဝန်းကျင်ရောမတူလို့ ဧရိယာတွေ မတူနိုင်ပြန်ဘူး၊ တွေ့တယ် နော်၊ ဒီတော့ ဆရာပြန်ချုပ်ပြောရရင် လူတစ်ဦးနဲ့ တစ်ဦး မတူတာဟာ ဗီဇတစ်ခုတည်းကြောင့် ဖြစ်နိုင်တယ်၊ ပတ်ဝန်းကျင် တစ်ခုတည်းကြောင်လည်း ဖြစ်နိုင်တယ်။ ဗီဇနဲ့ ပတ်ဝန်းကျင် နှစ်ခုလုံးကြောင့်လည်း ဖြစ်နိုင်တယ်။ ဗီဇတူတဲ့ လူနှစ်ဦးဟာ ပတ်ဝန်းကျင်မတူလို့လည်း ခြားနားသွားနိုင်သလို ပတ်ဝန်းကျင်



www.burmeseclassic.com

www.burmeseclassic.com



တူတဲ့ လူနှစ်ဦးဟာလည်း ဗီဇမတူလို့ ခြားနားသွားတတ်တယ်၊ ဒီနေရာမှာ ဗီဇမတူလို့ ခြားနားမှုနဲ့ ပတ်ဝန်းကျင်မတူလို့ ခြားနားမှုမှာ ဘယ်ဟာကြောင့် ခြားနားမှုက ပိုပြီး နက်နက်ရှိုင်းရှိုင်း ဖြစ်တတ်သလဲ ဆိုတာ ကျတော့ တစ်ချို့နေရာတွေမှာ ဗီဇ သတ္တိက ပဓာနကျသလို တစ်ချို့နေရာတွေကျတော့ ပတ်ဝန်းကျင် သတ္တိက ပဓာနကျနေတယ် ဆိုတာကို တွေ့ရပြန်ရော၊ ဒါကိုလည်း သာဓကတစ်ခုစီ ဆရာပြောမယ်၊ မြင်းနဲ့ မြည်းနဲ့ သားဖောက်ရင် လားသတ္တဝါမွေးလာတယ်၊ အမေကမြင်းမကြီးရဲ့ ဝမ်းထဲမှာ သန္ဓေသားအဖြစ် ကိန်းဝပ်နေရတာဟာ မြင်းမှာရတဲ့ ပတ်ဝန်းကျင်ပါပဲ၊ ပတ်ဝန်းကျင်သာ အဓိကဆိုရင် မြင်းမဝမ်းထဲက မွေးတာမြင်းပဲ ထွက်လာသင့်တယ်၊ ဒါပေမယ့် မျိုးစေ့ ဗီဇကြောင့် မွေးလာတော့ မြင်းနဲ့မတူဘူး၊ တဖြည်းဖြည်း ကြီးလာလေ လားရဲ့အသွင်သဏ္ဌာန်တွေ ထင်ရှားလာလေ တွေ့ရတယ်၊ ဒါကြောင့် ဒီနေရာမှာ ပတ်ဝန်းကျင်ထက် ဗီဇက အရေးပါကြောင်း ထင်ရှားတယ်"

"နောက် တစ်ခုကြည့် ငါးဖလောင်းလေးတွေ မျက်စိ





ပေါက်ခါနီးမှာ အဲဒီ ငါးဖလောင်းကချို့ကို ရေခဲသေတ္တာထဲမှာ နာရီအနည်းငယ် ထားကြည့်၊ အဲဒီ အအေးဓာတ်လွန်ကဲမှုကြောင့် ရေခဲသေတ္တာထဲက ငါးဖလောင်းလေးတွေမှာ မျက်စိတစ်လုံး တည်းပါလာတာ တွေ့ရလိမ့်မယ်။ ဒါဟာ ပတ်ဝန်းကျင်မတူလို့ ဖြစ်လာတာ၊ ဒီနေရာမှာကျတော့ ပတ်ဝန်းကျင်ဟာ ဗီဇထက် အရေးပါနေတာ တွေ့ရပြန်ရော"

"ဒီတော့ ဆရာ ပြန်ချုပ်ပြောရရင် တချို့နေရာတွေမှာ ပတ်ဝန်းကျင်ထက် ဗီဇက အရေးကြီးသလို တချို့နေရာတွေမှာ ကျတော့ ဗီဇထက် ပတ်ဝန်းကျင်က အရေးကြီးတယ်၊ လူတစ်ဦးတစ်ယောက်ရဲ့ ဘဝတိုးတက်ကြီးပွားမှုမှာလဲ ပတ်ဝန်းကျင်အရေးကြီးသလို ဗီဇလဲ အရေးကြီးတယ်။ အလျားကြီးလို့ ငယ်လို့ ဧရိယာပြောင်းနိုင်သလို အနံကြီးလာလို့ ငယ်သွားလို့လဲ ဧရိယာဟာ ပြောင်းနိုင်တာပဲ၊ အလျားမရှိဘဲ ဧရိယာမရနိုင်သလို အနံမရှိဘဲ ဧရိယာထွက်မလာနိုင်ပါဘူး၊ ဒီတော့ တပည့်တို့ရဲ့ မျိုးရိုးဗီဇဆိုတာ အရေးပါသလောက် ဘဝပတ်ဝန်းကျင်ဆိုတာလဲ အရေးပါတယ်၊ ဒီနှစ်ခု ကောင်းမှ



www.burmeseclassic.com

www.burmeseclassic.com



တပည့်တို့ရဲ့ ဘဝတိုးတက်မြင့်မားမှာ ကောင်းလာလိမ့်မေ
ကဲ. . . ဒီနေ့ ဒီလောက်ပဲ မရှင်းတာ မေးနိုင်တယ်"

ဆရာက မြေဖြူကို စားပွဲပေါ်မှ မြေဖြူဘူးထဲ ပစ်ထ
လိုက်သည်။ တစ်တန်းလုံး ငြိမ်လျက်ရှိ၏။ ခဏအကြာ
အချိန်ပြောင်း ခေါင်းလောင်းသံမြည်လာသည်။

"ပတ်ဝန်းကျင် ဗီဇဟာ ဘဝတိုးတက်မှုကို ပြောင်းေ
နိုင်တယ်"

အတွေးဖြင့် စိုးဝေ၏ ရင်ထဲမှာ ခေါင်းလောင်းမြည်
နှယ် ဆူညံလျက် နေပြန်တော့၏။

သူ့မှတ်စုစာအုပ်မှာ ဆရာရေးဆွဲခဲ့သည့် ထောင့်
စတုဂံပုံလေးတွေကို ကူးဆွဲ နေလိုက်မိပြန်သည်။



(၅)

"မြင်းလှည်းအားလား၊ မြင်းလှည်းဆရာ ဘယ်ရောက်
နေလဲမသိဘူး"

အသံကြားတော့ မြင်းလှည်း၏ တစ်ဘက်မှာ ရပ်နေရာ
မှ လှည့်ထွက်လာခဲ့၏။

"ဟင် . . . ထားသက်ပိုင်"

ဆွဲခြင်းကို လက်တစ်ဖက်ကဆွဲရင်း မြင်းလှည်းနောက်
မှာ ရပ်နေသည့် ထားသက်ပိုင်ကို တွေ့တော့ အံ့ဩစွာ ရှုတ်မှ



www.burmeseclassic.com

www.burmeseclassic.com



အသံထွက်သည်။

"ဪ"

ဟု ထားသက်ပိုင် နှုတ်ကလည်း အာမေဋိတ်သံ လွင့်စဉ်လာတာ ကြားရ၏။ ပြီးတော့ ထားသက်ပိုင်၏ မျက်နှာကွက်ခနဲ ပျက်သွားတာ တွေ့သည်။ နောက်လှည့်ရန် ခြေလှမ်းတို မြင်သည်။

"နေပါဦး . . . ထားသက်ပိုင်၊ ငါ့ မြင်းလှည်း မောင်းနေတာ ငါ့ မြင်းလှည်းကို စီးပါလား ဟာ . . ."

ပြောရင်း ရှေ့တိုးလျက် ထားသက်ပိုင်၏ လက်ထဲမှ ဆွဲခြင်းတောင်းကို လှမ်းဆွဲယူသည်။ ငေးကြောင် ရပ်ကြည့်နေရာမှ ဆွဲခြင်းက သူ့လက်ထဲ ပါအလာမှာ ထားသက်ပိုင် သတိဝင်လာသည် ထင်၏။

"ပေးပါ"

"လာပါဟာ ငါ့ မြင်းလှည်းပေါ်တက်၊ ငါလိုက်ပို့ပါရစေ၊ နင့်ကို ငါ ဘာမှ မနှောင့်ယှက်ပါဘူး၊ ငါတောင်းပန်ပါတယ်"

သူတို့နှစ်ဦး အချီအချ ပြောနေစဉ်မှာ တခြားခရီးသည်





များ ရောက်လာကြသည်။

"လာထက် ထားသက်ပိုင်"

ဆွဲခြင်းတောင်းကို မြင်းလှည်းပေါ် တင်ရင်းသူပြော၏။ သူ့မျက်နှာကို တစ်ချက်ငေးစိုက်ကြည့်ရင်း သက်ပြင်းငွေ့ငွေ့ချကာ မြင်းလှည်းပေါ် တက်ထိုင်သည်။ ထားသက်ပိုင် မြင်းလှည်းပေါ် ရောက်သည်နှင့် သူ့မြင်းလှည်းဈေးထိပ်မှ စထွက်သည်။

"ငါ မြင်းလှည်းမောင်းနေတာ နှစ်ပတ်ကျော်ပြီ ထားသက်ပိုင်၊ ညနေပိုင်း ရုပ်ရှင်ရုံဂိတ်မှာရှိတယ် ဒီလိုကျောင်းပိတ်ရက်တော့ ဈေးဂိတ်မှာလေ၊ တို့လမ်းထဲက မြင်းလှည်းအုံနာကြေးပေးပြီး မောင်းနေတာ"

ထားသက်ပိုင်ကိုမကြည့်ဘဲ သူပြောသည်။ ဈေးထိပ်လမ်းမှ လမ်းမကြီးပေါ် ရောက်လာသည်။ မြင်းခွာသံတခွပ်ခွပ်အသံက ပို၍ ကျယ်လောင်လာသလို။

"ငါ နင့်ကိုလဲ တောင်းပန်ချင်တာနဲ့ အခုတော်ပဲ၊ ဆရာဗိုဇနဲ့ ပတ်ဝန်းကျင် အကြောင်းအတန်းထဲမှာ ပြောလိုက်ပြီး ကတည်းကငါ့ကိုယ်ငါ ဆင်ခြင်ရင်း စိတ်ပြောင်းသွားတယ်



www.burmeseclassic.com

www.burmeseclassic.com



ထားသက်ပိုင်"

ငဲ့စောင်းအကြည့်မှာ သူ့စကားကို စူးစိုက်နားထောင်နေမှန်းသိလိုက်၏။

"ငါက ပတ်ဝန်းကျင်ကောင်းမှာ ကြီးလာရတဲ့ သူမဟုတ်ဘူး၊ တစ်ခါ တစ်ခါမှာ ငါ့စိတ်တွေက ရိုင်းတယ်၊ ကြမ်းတယ်၊ ဘာကြည့်ကြည့် အဆိုးမြင်နဲ့ ကြည့်တတ်တယ် ဆိုတာ ငါနားလည်လာတယ်၊ ဒီလိုသာ ဆက်သွားရင် ငါ့ဘဝမှာ ဘာမှ မျှော်လင့်စရာရှိမှာမဟုတ်ဘူး၊ ငါ့ကိုယ်ငါ သတိထားပြီး ပြုပြင်ပြောင်းလဲမှလို့ ငါနောင်တရလာတယ်ဟာ၊ ဟိုနေ့က နင်နဲ့ ပတ်သက်ပြီး ငါ့အပြုအမူတွေ အရမ်းရိုင်းသွားတာလဲ ငါ့ရဲ့ စရိုက်ကြမ်းတစ်ခုလို့ ငါ့ကိုနားလည် စေချင်တယ်"

ပြန်လှည့်အကြည့်မှာ ခေါင်းကိုငုံ့ထားတာ တွေ့သည်။

"ရတဲ့ အချိန်မှာ အရင်လို ဟေးလား ဟားလား ငါ မလုပ်ချင်တော့လို့ မြင်းလှည်းမောင်းတာ၊ ငါ့အိမ်အခြေအနေကလဲ အဖေ့ကို ဆေးကုရတာနဲ့ သူ့အရက်ဖိုးနဲ့ တော်တော်လေး ယိုင်နေပြီ"





"အလုပ်လုပ်တာ ကောင်းပါတယ်"

ထားသက်ပိုင်ထံမှ စကားတစ်ခွန်းထွက်လာ၏။ ထားသက်ပိုင် သူ့ကို စကားပြန်ပြောဖော်ရပြီ အသိဖြင့် ရင်ထဲမှာ ကြည်နူး ကျေနပ်သွားမိပြန်သည်။

"နင် ငါ့ကို ရှုံ့မုန်း ရွံ့ကြောက်ဖြစ်နေမယ်ဆိုတာ ငါနားလည်ပါတယ်၊ ဆရာဦးကြည်ဆေါကို ငါသွားပြောသေးတယ်၊ နင့်ကို ငါတောင်းပန်ချင်တယ်လို့၊ ဆရာက နင် စိတ်ဆိုးနေဦးမှာပဲ၊ ခဏနေဦး ပြောလို့၊ ငါ့အမှားကို ငါတောင်းပန်ရလို့ ရင်ထဲမှာ ပေါ့သွားပြီ"

လမ်းမကြီးမျှ ထားသက်ပိုင်တို့ရှိရာလမ်းထဲသို့ ချိုးဝင်ရန် တွေ့ချလိုက်၏။

"ဒီထိပ်မှာပဲရပ်တော့ စိုးဝေ"

"ဟင် . . . နင့်အိမ်ကဝေးသေးတာပဲ"

"ရတယ်"

လေပူတစ်ချက်ကို သူ မှုတ်ထုတ်လိုက်၏။

"ငါ့မြင်းလှည်းကို နင် အခုလောက်ထိစီးရဲတာကိုပဲ နင့်ကို



www.burmeseclassic.com

www.burmeseclassic.com



ငါ ကျေးဇူးတင်ပါတယ်"

"ဘာဆိုင်လို့လဲ မြင်းလှည်းစီးတာပဲ"

မြင်းလှည်းကို သူရင်ပေးလိုက်၏။

"ငါနဲ့ ပတ်သက်ရတာ နင်ဂုဏ်ငယ်မှာ စိုးလို့ပါ"

"မဆိုင်ပါဘူး၊ ဒါပေမယ့် ငါ့အိမ်ကသိရင်တော့ ဘယ်ကောင်းမလဲ၊ မြင်းလှည်းပေါ်တက်တုန်းကလဲ လူတွေ ရောက်လာလို့ ကြာကြာရပ်မနေချင်လို့ တက်လိုက်တာ"

"ငါသဘောပေါက်တယ်"

"ဘယ်လောက်ပေးရမလဲ"

"မပေးနဲ့ နင့်ကိုတောင်းပန်ခွင့်ရလို့ ငါကတောင် ကျေးဇူးတင်သေးတယ်"

မြင်းလှည်းပေါ်မှ ဆင်း၍ရပ်ရင်း . . .

"ဘယ်ဟုတ်မှာလဲ စိုးဝေ၊ ယူပါ"

"မယူချင်ဘူး ထားသက်ပိုင်"

"ဒါဆို နင့်လှည်း နောက် ငါမစီးဘူး"

ပြော၍ ဆွဲခြင်းကို ယူသည်။





"ဒါဆိုလဲ နင်ခါတိုင်းပေးနေကျ ပေးခဲ့"

"ရော့ . . ."

လက်ထဲမှ တစ်ဆယ်တန်တစ်ရွက်ကို ထုတ်ပြီး ပေးလိုက်သည်။ ပြီးတော့ ချာခနဲလှည့်ကာ လမ်းထဲသို့ ဝင်သွား၏။ ခဏကြာ ငေးကြည့်နေမိပြီးမှ မြင်းလှည်းကို ပြန်တွေ့လိုက်သည်။

သူ့ရင်ထဲမှာ ကြည်နူးမှုများပြည့်လျှံနေတာသာ သတိထားမိ ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com

## (၆)

ထားသက်ပိုင် ဝင်လာတော့ သူစကားရပ်ပစ်လိုက်သည်။ ဆရာဦးကြည်ဆွေက ထားသက်ပိုင်ကို လှမ်းကြည့်ရင်း . . .

"ကျူရှင်က ပြန်လာတာလား ထားသက်ပိုင်"

ဟု မေးသည်။

"ဟုတ်တယ်ဆရာ၊ ဆရာ့ကို စာမေးစရာရှိလို့ ဝင်လာ





တာပါ"

ဟုပြောရင်း ဆရာ့ဆီ လျှောက်လာ၏။

"ထိုင်ဦးကွာ၊ ကဲ . . . စိုးဝေ ဆက်ပြောပါဦး၊ ဒီကောင်က ကျူရှင်မယူနိုင်တော့ သူ့ကို အားတဲ့အချိန်မှာ ဆရာပဲ စာခေါ်ပြပေးရတယ်၊ သူငယ်ငယ်က အကြောင်း ပြောပြခိုင်းနေမိတာ၊ ထားသက်ပိုင်လဲ သိသွားတာပေါ့၊ ဆက်ပြောကွာ"

သူ ထားသက်ပိုင်ကို လှမ်းကြည့်မိသည်။ ထားသက်ပိုင်က အားနေသည့်ဟန်ဖြင့် သူ့ကိုမကြည့်ဘဲ အကြည့်ကို နံရံဆီ လွှဲထားတာ တွေ့၏။

"စောစောက ဆရာပြောတာဟုတ်ပါတယ်။ ကျွန်တော်တို့ ငယ်ငယ်က အိမ်စီးပွားရေးကောင်းပါတယ် ဆရာ၊ မေမေက ဈေးထဲမှာ ရွှေဆိုင်ရှိတယ်၊ ဖေဖေကလဲ ဆန်စက်မှာ ပွဲစားလုပ်တော့ ပိုဝင်ငွေကောင်းတယ်၊ ကျွန်တော်မှတ်မိ သလောက် ဖေဖေနဲ့ မေမေနဲ့က ခဏခဏ ရန်ဖြစ်တယ်၊ ဖေဖေက အရက်မူးပြန်လာ မေမေ့ကို ရိုက်တာ ခဏခဏ ကြုံတယ်၊ ကြီးကြီးတင်တတော့ အဲဒီလိုဖြစ်ရင် ရှောင်သွားရော"



www.burmeseclassic.com

www.burmeseclassic.com



"မင်းအဖေရဲ့ အစ်မကြီးမဟုတ်လား"

"ဟုတ်ပါတယ် ဆရာ၊ ဒီအိမ်ကြီးက ဖေဖေနဲ့ ကြီးကြီးတင် အမွေဆိုင်အိမ်၊ ကြီးကြီးတင် နာမည်နဲ့ပေါ့"

"ပြောပါဦး"

"နောက်ပိုင်းတော့ ဆရာရယ်၊ မေမေကလဲ ဖေဖေ့ကို စိတ်ကုန်လာပုံရတယ်၊ ရန်ကုန်ကရွှေကုန်သည်ဆိုတဲ့သူနဲ့ လက်ပွန်းတတည်း ဆက်ဆံလာတယ်၊ ဒါကို အဖေသိတော့ ပိုပြီးဆိုးတာပေါ့၊ ရန်ဖြစ်တာ ခဏခဏ စိပ်လာတယ်၊ ကျွန်တော်လဲ သူတို့ ရန်ဖြစ်ရင် ဘာလုပ်ရမှန်းမသိဘူး။ ဟစ်ခါတစ်ခါ ကျွန်တော်ပါ ကြားက အရိုက်ခံရတာ မှတ်မိနေတယ် ဆရာ၊ ဖေဖေက 'မေမေ့ကို အဲဒီရွှေကုန်သည်နဲ့ စွပ်စွဲတာ ကျွန်တော် ကြားရတယ်၊ မေမေက အနေအထိုင် မဆင်ခြင်တာလဲ ဈေးထဲက ဖေဖေ့ကို ပြန်တိုင်ကြတယ်၊ တိုတိုပြောရရင်တော့ ဆရာရယ် ဖေဖေခေါ်ထိုးမှုဖြစ်မယ့် ညနေက ကျွန်တော် ကျောင်းကပြန်လာတာ"

"မင်းငယ်ငယ်လေး ရှိဦးမှာပေါ့"





"ဟုတ်တယ် ဆရာ၊ ကျွန်တော် နှစ်တန်း သုံးတန်းလောက်ပဲ ရှိမှာပေါ့။ ကြီးကြီးတင်ကလဲ ဘယ်သွားနေလဲ မသိဘူး၊ အိမ်မှာ မရှိဘူး၊ ကျွန်တော် လှေကားထိပ်ရောက်တော့ မေမေ့ပခုံးဖက်ပြီး အဲဒီရွှေကုန်သည်က အိမ်ခန်းထဲ ဝင်သွားတာ ကျွန်တော် မြင်လိုက်ရတာပါပဲ ဆရာ၊ သူတို့က ကျွန်တော့်ကို မတွေ့ဘူး၊ ကျွန်တော် ဘာလုပ်ရမလဲ၊ အကြာကြီးရပ်နေမိသေးတယ်၊ ပြီးတော့မှ အသာလေး အိမ်ပေါ်က ဆင်းပြီး ဖေဖေ့ကို ရှာတယ်၊ ဖေဖေ့ကို ညနေရှာဖို့က မခက်ဘူး ဆရာ။ အရက်ဆိုင်မှာရှိနေတတ်တာ ကျွန်တော် သိတယ်။ အရက်ဆိုင်ကိုပြေးပြီး ဖေဖေ့ကို ပြောပြလိုက်တယ်၊ ကျွန်တော့် စကားလဲဆုံးရော ဖေဖေ အရှမ်းဒေါသထွက်ပြီး ဝုန်းခနဲဆို အရက်ဆိုင်ထဲက ထွက်သွားတာ ကျွန်တော်က နောက်က ပြေးလိုက်တာပေါ့"

"မင်း အကုန်မှတ်မိနေသားပဲ"

"မှတ်မိတာပေါ့ဆရာရယ်၊ ကျွန်တော့်ရင်ထဲမှာ ဒဏ်ရာရသလို ထင်နေတဲ့အဖြစ်တွေပဲဟာ၊ ဖေဖေအိမ်ထဲရောက်တော့



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုထဲက ဓားသွားယူပြီး ပြန်ထွက်လာတာ ကျွန်တော် မြင်ရတယ် ပြီးတော့ မေမေတို့အခန်းထဲ ဝင်သွားတာပဲ၊ အော်သံ တွေ ဆူညံပြီးတော့ အဲဒီရွှေကုန်သည်က ရင်ဘတ်မှာ သွေးတွေနဲ့ အိမ်ပေါ်က အတင်းဆင်းပြေးတာပဲဆရာ၊ အမေ့ အော်သံ ငိုသံတွေကြားလို့ ဘေးအိမ်ကလူတွေရောက်လာပြီး ဖေဖေ့ကို ဝိုင်းဆွဲကြတယ်၊ မေမေ့ကိုတော့ ဓားမထိဘူး"

"ကံကောင်းတယ်နော် . . . ဟိုလူမသေဘူး၊ ဆရာ အဲဒါတွေ သိလိုက်တယ်"

"ဟုတ်တယ် ဆရာ၊ ဒဏ်ရာရရုံပါပဲ၊ နောက်ဆုံးတော့ ဖေဖေနဲ့ မေမေ ကွဲကြတယ်၊ မေမေ အိမ်ပေါ်က ဆင်းသွား တယ်၊ ဖေဖေ အမှုပြီးတော့ ထောင်သုံးနှစ်ကျတာပါပဲ၊ အဲဒါတွေ အားလုံးဟာ ကျွန်တော့်ကြောင့်ဆိုပြီး ကျွန်တော် အရမ်းခံစား ရတယ်၊ ဖေဖေရော မေမေရော အတူမနေနိုင်တဲ့ဘဝ ရောက်အောင် ကျွန်တော့်ဘာသာလုပ်မိတာပဲလို့ နောင်တရပြီး ကိုယ့်ကိုယ်ကို ခွင့်မလွှတ်နိုင်တော့ဘူး၊ အဲဒီအရိပ်ကြီးက ကျွန်တော့်ရင်ထဲမှာ စွဲနေတာပဲဆရာ၊ နောက် ဖေဖေ ထောင်က





ထွက်လာတော့ အရင်လို စီးပွားရေးမလုပ်တော့ဘူး၊ အရက်နဲ့ ဖဲနဲ့ပဲ အချိန်ကုန်တော့တယ်၊ ကြီးကြီးတင်စကားလဲ နားမထောင် တော့ဘူး၊ အိမ်မှာ ဖဲဝိုင်းလုပ်လိုက်၊ အရက်ဝိုင်း လုပ်လိုက်နဲ့ လူစည်နေတာပဲဆရာ၊ ကျွန်တော်လဲ အဲဒီပတ်ဝန်း ကျင်မှာ ကြီးပြင်းလာရတာပဲပေါ့၊ တစ်ခါတစ်ခါ ဖေဖေ ဖဲသွားရိုက်ရင် ကျွန်တော့်ကိုခေါ်သွားပြီး ဝိုင်းဘေးမှာ အိပ်ပျော်ခဲ့ရတာတွေ အများကြီးရယ်၊ ဖဲဝိုင်းမှာ ရန်ဖြစ်တာလဲ ခဏခဏ ကြုံဖူးတာပါပဲ"

"တော်တော် ဆိုးတဲ့ ပတ်ဝန်းကျင်မှာ မင်းကြီးပြင်း လာခဲ့ ရတာပဲ"

"ဟုတ်တယ် ဆရာ၊ ဒါကြောင့် ကျွန်တော့် စိတ်တွေ ကြမ်းနေသလားမသိပါဘူး၊ ကျွန်တော့် အပြုအမူတွေကလဲ ရိုင်းနေမှာပဲ၊ ကျွန်တော် ခဏခဏ ရန်ဖြစ်တတ်လာတယ်၊ ဘာမှ အကောင်းမမြင်ဘူး၊ သည်းခံစိတ် နည်းလာတယ် ဆရာ၊ ပြီးတော့ ကျွန်တော် မေမေ့ကို အရမ်းမုန်းသွားခဲ့တာပဲ ဆရာရယ်၊ ငယ်ငယ် တုန်းက အမုန်းဟာ အခုထိ မကျေသလိုပါပဲ"

စကားကို ခဏရပ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို စူးစိုက်ကြည့်ရင်း နားထောင်နေသော ထားသင်ပိုင်ကို ကြည့်လိုက်သည်။ သားသက်ပိုင်၏ မျက်ဝန်းမှာ ကရုဏာ ရိပ်ကို သူတွေ့နိုင်လိုက်သလိုပင်။

"မင်းမှာက ငယ်ကတည်းက မိဘနှစ်ပါးလုံးရဲ့ မေတ္တာ ရခဲ့တာမှမဟုတ်တာ"

"ဟုတ်ပါတယ် ဆရာ အဲဒီလို မေတ္တာ ငတ်တာ ခေါ်မလား၊ သူများတွေ မိဘတွေနဲ့ နွေးနွေးထွေးထွေး ကြင်ကြင် နာနာ နေကြတာ တွေ့တိုင်း ရင်ထဲနာတယ်၊ ပြီးတော့ မေမေ့ ပိုနာကြည်းတယ်၊ ကျွန်တော် မိန်းမတွေကို မယုံသလို၊ မုန်းသလို ချည့်ပဲ"

"ဒါ ... ဖြစ်တတ်ပါတယ်၊ ငယ်ငယ်က ရခဲ့တဲ့ စိတ်ဝေဒနာ တစ်မျိုးပေါ့ကွာ၊ ဆရာ စာထဲမှာ ဖတ်ဖူးတယ်"

"ကျွန်တော် ဆရာ့ကို အရမ်းကျေးဇူးတင်တာပဲ ဆရာ ရယ်၊ ဟိုနေ့က ဗီဇနဲ့ ပတ်ဝန်းကျင်အကြောင်း ဆရာပြောသွား ခဲ့တာ ကျွန်တော့်ဘဝကို အလင်းရောင် ပြပေးလိုက်သလိုပါပဲ ကျွန်တော်သာ ဒီအတိုင်း ဆက်သွားနေရင် ကျွန်တော့်ဘဝဟာ





သွားပြီ၊ မျှော်လင့်စရာ မရှိတော့အောင်ပါပဲ၊ ဆရာ့စကားတွေ ကြားပြီးတော့ ကျွန်တော်ကျင်လည်ခဲ့ရတဲ့ ပတ်ဝန်းကျင်ကို ကျွန်တော် ပြန်တွေးမိလာတယ်၊ ဒီပတ်ဝန်းကျင်က လွတ်အောင် ကျွန်တော် ဘယ်လိုလုပ်မလဲ စဉ်းစားတတ်လာတယ်၊ ဒီပတ်ဝန်း ကျင်က စရိုက်တွေကို ကျွန်တော့်ဆီ ကူးမလာအောင် ကျွန်တော် ဘယ်လိုနေရမလဲ တွေးတတ်လာတယ် ဆရာ၊ ကျွန်တော် အကာတ်နိုင်ဆုံး ပြုပြင်ကြည့်ချင်လာတယ်"

သူ့အသံမှာ အားတက်ကြွနေမည်ဟု သူသိလိုက်၏။

"မင်း ဆရာ့ဆီ ရောက်လာပြီး ပြောတဲ့နေက ဆရာ တောင် မယုံချင်ဘူး၊ နောက်မှ မင်းစိတ်ထဲမှာ သိပ်ပြင်းပြ နေတယ်ဆိုတာ ဆရာရိပ်မိလာတယ်၊ ပြီးတော့ ခုချိန်မှာ မင်းဒီလို ပြောင်းလဲလာတာ အချိန်မီတယ်၊ ဆယ်တန်းကို မင်းအောင်မှာ သေချာတယ်"

"ဆယ်တန်းအောင်ပြီး တက္ကသိုလ် တက်နိုင်အောင် ကြိုးစားတာဟာ မင်းဘဝရဲ့ ပတ်ဝန်းကျင်သစ်ကို မင်းပြောင်းယူ နိုင်တဲ့နည်းပဲလို့၊ ဆရာကျွန်တော့်ကိုပြောခဲ့တာဟာ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



ဘဝရဲ့ အလင်းရောင်ပါပဲ ဆရာ၊ တက္ကသိုလ် မတက်နိုင် တောင် အလုပ်လုပ်ပြီး စာပေးစာယူနဲ့ ကျွန်တော် ဖြေမယ်"

"အေးကွာ . . . ဒီလို ကြားရတာ ဆရာတော့ ဝမ်းသာ တယ်၊ ကဲ . . . ထားသက်ပိုင်ကိုလဲ ဆရာကပဲ တဆက်တည်း ပြောရဦးမယ်"

ဆရာ့စကားကြောင့် ထားသက်ပိုင် ဆရာ့မျက်နှာကို ရူးစိုက်ကြည့်ရင်း နားစွင့်သည်။

"စောစောက စိုးဝေ ပြောသွားတာတွေ ထားသက်ပိုင်လဲ ကြားတာပဲ၊ သူ့ဘဝ သူ့ပတ်ဝန်းကျင်က သူ့ကို စိတ်ကြမ်း ကိုယ်ကြမ်း ဖြစ်အောင် လုပ်ပေးခဲ့တာပဲလေ၊ ဒီတော့ ဟိုနေ့က ကိစ္စ၊ ထားသက်ပိုင်ကို ဟော့ဟော့ရမ်းရမ်း စော်စော်ကားကား လုပ်သလိုဖြစ်သွားရတာလဲ သူ့ရဲ့မကောင်းတဲ့ စရိုက်တစ်ခုပေါ့ သူ့ဘဝကိုတို့က နားလည်ခွင့်လွှတ်ပြီး ဝိုင်းထိန်းပေးကြရမယ် ဟုတ်ဘူးလား"

"ကျွန်မ နားလည်ပါပြီဆရာ"

"ကျွန်တော် ဆရာရှေ့မှာပဲ ထားသက်ပိုင်ကို တောင်းပန်





ပါရစေ၊ ငါ့ကို ခွင့်လွှတ်ပါ ထားသက်ပိုင်၊ နောင် ဘယ်သူ့အပေါ် မှာမှ ဒီလို မပြုမူမိအောင် ငါနေပါ့မယ်"

သူ့စကားကြောင့် ထားသက်ပိုင်က သူ့ကို ကြည့်ရင်း နှုတ်မှစကားထွက်မလာသော်လည်း မျက်ဝန်းများမှ စကားဆိုနေ သယောင်။

"ကျွန်မလဲ တတ်နိုင်သရွေ့ စိုးဝေအတွက် ဆရာ့လိုပဲ ကူညီပါ့မယ်၊ ကျွန်မ သူ့ဘဝကို နားလည်နိုင်ပါပြီ ဆရာ"

"အေးကွယ်၊ ကြားရတာ ဆရာဝမ်းသာတယ်"

"နင် ကျူရှင်တွေ ဘာတွေ တက်ချင်ရင်လဲ အားမနာပါနဲ့၊ ကျူရှင်လခ ငါ တာဝန်ယူမယ် စိုးဝေ"

"ကျေးဇူးပါပဲဟာ၊ ငါ ဆရာ့ဆီမှာပဲ လုံလောက် ပါပြီ၊ အချိန်လဲ အများကြီး ငါ့အတွက် မပိုတော့ဘူး၊ အိမ် အတွက်လဲ ငါ မြင်းလှည်းမောင်းဖို့လိုသေးတယ်"

"ကဲ ထားသက်ပိုင် ဘာမေးမှာလဲ မေး၊ နင် ဒီနေ့ ရောက်လာတာ စိုးဝေဘဝကို စာနာ နားလည်သွားနိုင်တာတော့ အမြတ်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ထားသက်ပိုင်က သူ့လွယ်အိတ်တွင်းမှ စာအုပ်ငယ်
ခေါင်းငုံ့ရင်း နှိုက်သည်။

ထားသက်ပိုင်၏ မျက်နှာနုနုကို သူငေးကြည့်နေလိုက်
မိပြန်သည်။

သည်မျက်နှာမှာ ကရုဏာရောင်ခြည်တို့က သူ့ဘဝ
အလင်းပြပေးနိုင်လေမလား သူမျှော်လင့်ကြည့်မိပြန်သည်ပဲ။



(၇)

ဆရာ့ခြံမှ ပိန္နဲပင်တန်းနှင့် သရက်ပင်အုပ်တို့က အရိပ်
သည် စိတ်နှလုံးချမ်းမြေ့ဖွယ်ရာအရပ်ဟု သူထင်မှတ်ခဲ့ရသည်။

ကျောင်းက အိမ်ပြန်ရောက် အလုပ်မရှိသည်နှင့် ဆရာ့ခြံ
သို့သူရောက်ကာ ဆရာနှင့် ကျောင်းစာအကြောင်း သို့မဟုတ်
ဆရာ ဖတ်ခိုင်းသည့် စာအုပ်များအကြောင်း ပြောဆိုဖြစ်ကြ၏။

ညနေဘက် မြင်းလှည်းမောင်းဖြစ်သည့် နေ့များမှာ



www.burmeseclassic.com

www.burmeseclassic.com



ဆရာ့အိမ်မှာ သူ့ညအိပ်ဖြစ်တော့သည်။

ကျောင်းပိတ်ရက်များမှာလည်း မြင်းလှည်း မောင်းသည့် အချိန်မှအပ ကျန်အချိန်များမှာ ဆရာ့အိမ်မှာ သူ ရှိနေတတ်ပြန် ၏။

ဖေဖေသည်လည်း အရက်ကို ခါတိုင်းနှယ် သောက်နိုင်တော့သည်မဟုတ်။ တစ်ပုလင်း ဝယ်ထားပေးလျှင် သုံးလေးရက်လောက် သောက်ရသည့် အခြေအနေသို့ ရောက်လာပြီ။ အိပ်ရာထဲမှာသာ တခွေခွေနေပြီး အစားအသောက် မမှန်ချင်တော့။

ဒီတစ်ဆောင်းကို ကျော်မယ် မထင်ဘူးဟု ကြီးကြီးတင်က သူ့ကိုပြောသည်။

ကြီးကြီးတင်က ကျန်းကျန်းမာမာနှင့် ချက်ပြုနေနိုင်သေးသော်လည်း ကြီးကြီးတင်မှာ သွေးတိုးရှိသည်ဆို၏။

သူ ဆရာ့အိမ်မှာ အချိန်ကုန်တာကို ကြီးကြီးတင်က မငြိုငြင်။

အခုလို သူစရိုက်ပြောင်းလာတာကိုကြည့်ရင်း ကြီးကြီး





ဆင် ဝမ်းသာနေဟန်တူ၏။

မြို့မ စာကြည့်တိုက်သည် ဟိုစဉ်က သူနှင့်ဘာမှ ပတ်သက်စရာမရှိခဲ့သော နေရာ။

စာအုပ်အငှားဆိုင်တွေမှာ မရှိတဲ့ ဟိုတုန်းက ရှားရှားပါးပါး စာအုပ်တွေ အဲဒီမှာ ရှိတယ်၊ သွားရှာဖတ်ဆိုသော ဆရာ့စကားကြောင့် မြို့မ စာကြည့်တိုက်ကို သူ ရောက်ဖြစ်ခဲ့၏။

စာကြည့်တိုက်မှ ဆရာ့သူငယ်ချင်းကလည်း ဆရာမှာထားသဖြင့် သူ့ကို ဖတ်သင့်သော စာအုပ်များကို ရှာဖွေပေးတတ်သည်။

အောင်မြတ်ကျော်ပင်လျှင် သူ့ကြောင့် အရင်နှယ် သမ်းပေါ်မှာချည့် မနေတော့။

ရံဖန်ရံခါလောက်သာ သူတို့နှစ်ဦး လက်ဖက်ရည်ဆိုင်မှာ ထိုင်ဖြစ်ကြသည်။

အောင်မြတ်ကျော်လဲ ကျူရှင်တွေ ဘာတွေ ပြန်တက်နေပြီဟု ထားသက်ပိုင်က ပြော၏။

ရာသီတစ်ခု ပြောင်းလဲသွားသလို သူတို့၏ အပြောင်း



www.burmeseclassic.com

www.burmeseclassic.com



အလဲသည် မြန်ဆန်သိသာ ထင်ရှားနေသောကြောင့် သူငယ်ချင်းတွေက အံ့သြကြ၏။

အေးချမ်းသာယာ၍ ကြည်နူးစရာ နေရာထိုင်ခင်းဟု သူ့စိတ်မှာ ခံစားရခြင်းတို့၏ အကြောင်းတစ်ချက်မှာ ထားသက်ပိုင်က ကျောင်းပိတ်ရက် ဆရာ့ထံ ရောက်လာ၍ သူနှင့်အတူ စာသင်ခြင်းပင် ဖြစ်ပေလိမ့်မည်။

သည်ရက်မှာ ကျူရှင်ချိန်နှင့်လည်း လွတ်နေသဖြင့် ဆရာက သူ့ကို စာသင်ပြစဉ် သူလည်း လာသင်ပါရစေဟု ဆရာ့ကို ထားသက်ပိုင် ပြောခဲ့ခြင်းဖြစ်၏။

ဆောင်းမနက် နေသည် သရက်ပင်အုပ်ကို ထိုးဖောက်လာနိုင်ခြင်းမရှိ။ အရွက်သိပ်သိပ်ကြားမှာ ဖြာကျသော အစက်အပြောက်ကလေးများသာ တွေ့ရသည်။

ဆရာသည် စားပွဲထိပ်မှာ ထိုင်လျက် ဆေးလိပ်ကိုဖွာ၏။ ထားသက်ပိုင်နှင့် သူက စားပွဲတစ်ဘက်စီမှာ ထိုင်ရင်း သင်္ချာတစ်ပုဒ်တို တွက်နေမိကြသည်။ တွက်ပြီးတော့ ဆရာ့ကို သူတို့ ပြလိုက်၏၊ ဆရာက စစ်ဆေးကြည့်ပြီး စာအုပ်တွေ ပြန်ပေး





သည်။

"ဒီနေ့တော့ ဒီလောက်ပဲပေါ့ကွာ၊ မင်းတို့ ဘာမေးစရာ လဲ မေး "

ဟု ဆရာ ပြော၏။

"ထားသက်ပိုင် ရှိလား"

ထားသက်ပိုင်က သူ့ကို ကြည့်ရင်း ခေါင်းခါပြသည်။

"ဒါဆို ကျွန်တော် ဆရာ့ကို တစ်ခုမေးပါရစေ ဆရာ၊ ကျောင်းစာတော့ မဟုတ်ပါဘူး"

"ဘာလဲကွ"

"ဟိုနေ့က ဆရာပြောတဲ့ ဇီဇနဲ့ ပတ်ဝန်းကျင်ကိစ္စပါ"

ဆရာက ပြုံးသည်။ ပြီးတော့ . . .

"မင်း တော်တော် စိတ်ဝင်စားနေလား မသိဘူး"

ဟုဆို၏။

"စိတ်ဝင်စားတာပေါ့ ဆရာရယ်၊ ကျွန်တော့်အတွေးအခေါ်တွေ ပြောင်းသွားအောင် လုပ်ပေး လိုက်တဲ့ အကြောင်းပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . မေးပါဦး၊ ဘာလဲ"

"ဗီဇဆိုတာ ဘာလဲ ဆရာ၊ အဲဒါ ကျွန်တော် မရှင်းဘူး"

ဆရာက ဆေးလိပ်ပြာခြွေ၏။ ပြီးတော့ တစ်ရှိုက်ဖွာသည်။

"ဆရာ အတန်းထဲမှာတုန်းကတော့ ခြုံပြီး ပြောခဲ့တယ် ထင်တယ်၊ ဗီဇဆိုတာ မိဘနှစ်ပါးဆီက သတ္တဝါတစ်ဦးက ဆက်ခံရရှိတဲ့ မျိုးစေ့ ဗီဇပဋိသန္ဓေကို ခေါ်တယ်ဆိုတာ"

"ဟုတ်တယ် ဆရာ"

ဟု ထားသက်ပိုင် ပြောသည်။

"အကျယ် ပြောပါဦးဆရာ"

ဟု သူမေး၏။

"မင်းတို့ ဘိုင်အိုမှာလဲ သင်ရမှာပေါ့ကွာ၊ အသေးစိတ်တော့ မပြောတော့ပါဘူး၊ လူတစ်ယောက် ဖြစ်လာဖို့ဆိုတာ အဖေရဲ့ သုတ်ပိုးက ရတဲ့ ခရိုမိုဆုန်း နှစ်ဆယ့်လေးခုနဲ့ အမိရဲ့ မျိုးဥက ရတဲ့ ခရိုမိုဆုန်း နှစ်ဆယ့်လေးခု ပေါင်းပြီး ခရိုမိုဆုန်းလေးဆယ့်ရှစ်ခုနဲ့ အစပြုခဲ့ရတာပဲ။ အဲဒီ ခရိုမိုဆုန်းဆိုတာ





ဗီဇသတ္တဝါရဲ့ အရင်းမူလ မဟုတ်သေးဘူးကွ၊ အဲဒီ ခရိုမိုဆုန်းတွေရဲ့ အတွင်းမှာ ဂျင်းစ် (genes)တွေရှိသေးတယ်။ အဲဒီ ဂျင်းစ်တွေကမှ ဗီဇသတ္တိရဲ့ မူလဘူတ ဖြစ်တယ်လို့ သိပ္ပံပညာရှင်တွေက ဆိုကြတယ်၊ အဲဒီဂျင်းစ်တွေက လူသတ္တဝါတွေရဲ့ ကြီးပွားတိုးတက်မှုဆိုင်ရာ ကိစ္စတွေကို လွှမ်းမိုးနိုင်တယ် ပြောတယ်၊ အဲဒါ ဗီဇသတ္တဝါပဲလို့ ဆရာ ဖတ်ဖူးတယ်"

"ရှင်းပြီ ဆရာ"

ဟု သူပြောလိုက်၏။

"ဗီဇ ခေတ်၊ ဗီဇသတ္တိရဲ့ ပြုပြင်ပြောင်းလဲပေးနိုင်မှုဟာ နေရာတကာမှာ မလွှမ်းမိုးနိုင်ဘူးတဲ့ကွ၊ အနည်းအများ လွှမ်းမိုးချုပ်ကိုင်မှု ကွာတတ်တယ်တဲ့"

"မရှင်းဘူး ဆရာ"

ထားသက်ပိုင်က ပြောလိုက်သည်။

"ဒီလိုကွာ၊ လူတစ်ယောက်ရဲ့ ရုပ်ရည်သွင်ပြင် ရုပ်ဆင်းအင်္ဂါပေါ့၊ ပြီးတော့ လူတစ်ယောက်ရဲ့ အသိဉာဏ်၊ ပြီးတော့ အာရုံငါးပါးကို ခံယူနိုင်မှု၊ ဘယ်လိုခေါ်မလဲကွာ၊ ဥပမာ . . .



www.burmeseclassic.com

www.burmeseclassic.com



အနံ့ခံကောင်းတာ မကောင်းတာ၊ အဲဒီလိုမျိုးပေါ့၊ အဲဒီအချက်တွေအပေါ်မှာ ဗီဇသတ္တိဟာ အလွှမ်းမိုးနိုင်ဆုံးပဲတဲ့၊ ဗီဇမတူလို့ အဲဒါတွေ မတူနိုင်ဘူးပေါ့ကွာ"

"ရှင်းပါပြီ ဆရာ"

"နောက်ပြီး စိတ်နဲ့ ဆိုင်တာ၊ စိတ်လှုပ်ရှားမှုဖြစ်တာ၊ စိတ်ပြောင်းလဲတတ်တာ၊ စိတ်တည်ငြိမ်မှုရှိတာ၊ တက်ကြွဖျတ်လတ်တာ၊ ပျင်းရိ ထိုင်းမှိုင်းတာတာ၊ အဲဒီလက္ခဏာတွေကျတော့ ဗီဇက အသင့်အတင့် လွှမ်းမိုးတယ်တဲ့၊ ပြောချင်တာက အဲဒီစိတ်နဲ့ ဆိုင်ရာ လှုပ်ရှားမှုတွေဟာ ဗီဇကြောင့် တချို့ တစ်ဝက်ပါတယ်ပေါ့ကွာ"

"အဲ . . ဗီဇ လွှမ်းမိုးမှုအနည်းဆုံး အရာတွေကတော့ အလေ့အကျင့်နဲ့ တမင်ဖန်တီးပြီးမှရတဲ့ ကိစ္စမျိုးတွေပေါ့၊ ဟန်ပန် အမူအရာ၊ ခံယူချက် ယုံကြည်ချက်၊ ကောင်းဆိုး ခွဲခြားနိုင်မှု အဲဒါတွေဟာ လူတစ်ယောက်ရဲ့ အလေ့အကျင့် ဖန်တီးရယူနိုင်တဲ့ ကိစ္စတွေမို့ ဗီဇကလွှမ်းမိုးနိုင်မှု အနည်းပါးဆုံးပဲတဲ့"

"ကျွန်တော် တစ်ခု စဉ်းစားမိတယ် ဆရာ၊ ဒီဗီဇ





သတ္တိဟာ အနုပညာရှင်တွေမှာ ပိုပြီးပေါ်လွင်နေမလားဘဲ"

"ဟုတ်တာပေါ့ မောင်စိုးဝေ မင်းပြောတာ သိပ်ဟုတ်တယ်၊ အနုပညာရှင်တွေမှာတော့ အဓိက အရင်းခံ ဗီဇပဲတဲ့ ပတ်ဝန်းကျင်က ဒုတိယနေရာမှာပဲရှိတယ်၊ အနုပညာအသိုင်းအဝိုင်း ပတ်ဝန်းကျင်မှာ ကြီးလာရတဲ့ လူတိုင်း အနုပညာရှင်မဖြစ်တာဟာ ဗီဇမပါလို့ ဆိုတာ ရှင်းတယ်၊ ဒါပေမယ့် ဗီဇပါတဲ့ ဗီဇရှိတဲ့ အနုပညာရှင်မှာလဲ သူအောင်မြင်ဖို့ ကျော်ကြားဖို့ဆိုတာကြတော့ ပတ်ဝန်းကျင်နဲ့ပ ဆိုင်သွားပြန်ရော သူလေ့လာလိုက်နိုင်စားခွင့် သူ့မှာ ဆရာသမားကောင်းတွေနဲ့ တွေ့ခွင့်၊ အားပေးကူညီမှုတွေ ရနိုင်ခွင့်၊ အဲဒီ ပတ်ဝန်းကျင်တွေရဲ့ အထောက်အကူဟာလဲ ဗီဇရှိတဲ့ အနုပညာသမားအတွက် အရေးကြီးလာပြန်တာပဲ၊ အနုပညာဗီဇရှိတဲ့ သူတွေဟာ ငယ်ငယ်ကတည်းက အစွမ်းအစတော့ ပြတတ်ကြတယ်တဲ့။ ဒါပေမယ့် ပတ်ဝန်းကျင်က သူ့ရဲ့ အတွေ့အကြုံ အလေ့အကျင့်၊ စိတ်ဓာတ် ရင့်ကျက်မှုတွေ ပေးနိုင်တာမို့ အသက်ဆယ့်ရှစ်နှစ်ကျော်ပြီးမှပဲ သူတို့ဟာ ထင်ရှားလာတတ်ကြတယ်လို့ ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ဖတ်ဖူးတယ်၊ အောင်မြင်တဲ့ အနုပညာရှင်တစ်ယောက်ဖြစ်ဖို့ဆိုတာ သူများတွေထက် အာရုံခံစားမှု၊ တွေ့ထိ သိရှိမှုမှာ သိမ်မွေ့ပါးနပ်စွာ စူးရှနေဖို့ လိုပြန်တယ်တဲ့၊ စောစောက ဆရာပြောခဲ့တဲ့ အာရုံငါးပါးကို ခံယူနိုင်မှုပေါ့ကွာ၊ ပြီးတော့ ဒုတိယတစ်ခုက စိတ်ကူးစိတ်သန်းနဲ့ စိတ်လှုပ်ရှားမှုဟာ သာမန်လူတွေနဲ့ မတူကြဘူးတဲ့၊ အဲဒီစွမ်းရည်တွေဟာ ဗီဇစိတ်ကြောင့်ရတဲ့ စွမ်းရည်တွေပဲတဲ့၊ ဆရာပြောခဲ့သလိုပေါ့၊ ပန်းချီဆရာ ဖြစ်လာမယ့် သူဟာ အရောင်တွေကို စိတ်ဝင်စားတာ၊ ခံစားရတာ၊ ခွဲခြားတတ်တာ တခြားသာမန်လူတွေထက်သာတယ်၊ ဒါ ဗီဇသတ္တိပဲ၊ တတိယအချက်ကတော့ အဲဒီ အနုပညာရှင်ရဲ့ အသိဉာဏ်၊ ဖွဲ့သတ္တိစိတ်နေစိတ်ထားနဲ့ ပေါင်းသင်းဆက်ဆံရေး အရေးကြီးတယ်တဲ့ အဲဒါတွေဟာလဲ ဗီဇကအနည်းအကျဉ်းလွှမ်းမိုးတတ်တာပဲတဲ့ ဒါပေမယ့် စတုတ္ထ အရေးကြီးဆုံးအချက်ကတော့ ပတ်ဝန်းကျင်ပဲလို့ ဆိုတယ်၊ ဘယ်လောက်တော်တဲ့ ဗီဇရှိတဲ့ အနုပညာရှင်ပဲဖြစ်ဖြစ် အားပေးအားမြှောက်ပြုပေးတဲ့ ပတ်ဝန်းကျင်မရှိရင် တိမ်မြုပ်နေမှာပဲတဲ့လေ. . .”





ဆရာက စကားဖြတ်ပြီး ဆေးလိပ်ကို မီးညှိဖွာသည်။

“ထုတ်ဝေပေးမယ့်သူမရှိလို့ တိမ်မြုပ်နေရတဲ့ စာရေးဆရာတွေ ကဗျာဆရာတွေ၊ ဒါမျိုးတွေပေါ့နော်”

“ဟုတ်တာပေါ့ ထားသက်ပိုင်”

“ချုပ်လိုက်ရင်တော့ကွာ ဗီဇသတ္တိဟာ လူတွေရဲ့ ရုပ်ရည်ချောင်ပြင်၊ ဥပမာ ဆံပင်ကောက်တာ ဖြောင့်တာ၊ အသားဖြူတာ ညိုတာ ဒါတွေကို ဖြစ်စေတယ်၊ ပြီးတော့ အနုပညာရှင်တွေ ထိပ်တော်တဲ့ သချာပညာရှင်ကြီးတွေ ဒါတွေကို ဖြစ်လာစေတယ်၊ ဒါတွေကတော့ ဘယ်လိုမှ ယှဉ်ပြိုင်လို့မရတာတွေဘဲ၊ အနံ့ခံကောင်းတာ၊ အရောင်းကို ခွဲခြားမှုတော်တာ၊ အာရုံခံစားမှုမှာ ထူးခြားဆက်တစ်ဖြစ်တာ စူးရှတာပေါ့ကွာ သချာဉာဏ်ရှိတာ ဒါတွေဟာ ဗီဇ ပေးတဲ့ သတ္တိတွေပဲ၊ဒါပေမဲ့ ဗီဇက နည်းနည်းပဲ ထိန်းချုပ်နိုင်တဲ့ စိတ်လှုပ်ရှားမှု၊ တည်ငြိမ်မှုတွေ၊ဖျတ်လတ်မှု ထားလံထိုင်းမှိုင်းတွေဟာ လေ့ကျင့်ပြီးပြုပြင်သွားလို့ရတယ်ကွာ၊ စွမ်းနိုင်ရည်ရှိအောင် အသိဉာဏ်နဲ့ ထိန်းချုပ်ပြီးလေ့ကျင့်မယ်ကွာ၊ ဒါတွေဟာဖြစ်နိုင်တာပဲ၊ ဒီတော့ ဘဝမှာ လောကဓံကို ခံရတဲ့



www.burmeseclassic.com

www.burmeseclassic.com



အခါ၊ ပတ်ဝန်းကျင်ဆိုးကိုရင်ဆိုင်ရတဲ့ အခါ ဗီဇနဲ့နဲ့ လိုဆို
ငုံ့ခံမနေဖို့ အရေးကြီးတယ်၊တွန်းလှန်နိုင်အောင် ခံနိုင်ရည်ရှိ
အောင် စိတ်ကိုလေ့ကျင့်ယူဖို့က အရေးကြီးတယ်ကွာ”

နေပြောက်ကလေးတို့သည် နေရာပြောင်း၍ အရိပ်သည်
အနည်းငယ် ကျဉ်းမြောင်းလာပြီ။

“ကဲ. . . နောက်နေ့ ဆက်ဆွေးနွေး တာပေါ့ကွာ. . .

ဟု ဆရာက လက်မှနာရီကို ကြည့်ရင်း စကားစ ဖြတ်သည်။

ထားသက်ပိုင်နှင့်ပြိုင်တူ ထရပ်လိုက်၏

“မနေ့ညက မင်းဘာလို့ မလာလဲ စိုးဝေ”

ဟုဆရာက မော့ကြည့်ရင်းမေးသည်။

“မနေ့ညက ပိုအေးတော့ ဖေဖေ မသက်သာလို့
ဆရာ၊ ဒီအတိုင်းဆို ဖေဖေ ဒီဆောင်းကုန်မယ်မထင်ဘူး
ကြီးကြီးတင်က ပြောတယ်. . .”

ဆရာ မသက်မသာ သက်ပြင်းချတာ တွေ့၏။

“ဆေးရုံတင်မလား၊ ငါ. . . ဘာလုပ်ပေးရမလဲ”

ယှဉ်တွဲ၍ အထွက်မှာ ထားသက်ပိုင်သူ့ကိုကြည့်ကာမေးသည်





“မလိုသေးပါဘူးဟာ”

ဟုသူပြန်ဖြေ၏။

ထားသက်ပိုင်၏ ကရုဏာစကားသည် ရင်ထဲသို့ လှိုင်း
နှယ် ဂယက်ထစေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

## (၈)

မြို့မ စာကြည့်တိုက်ထဲကအထွက်မှာ ကူးလာသည့် ကဗျာစာရွက်တစ်ရွက်ကို သူဖတ်လာမိသည်။

"ဟော့"

အသံကြားလို့ မော့အကြည့်မှာ ထားသက်ပိုင်၏ မြင်သည်။ စက်ဘီးကို အရှိန်သတ်လျက် စက်ဘီးပေါ်မှဆင်း၍ သူ့အနားမှာ လာရပ်၏။





"ဘာစာရွက်လဲ"

"ကဗျာ . . . မဂ္ဂဇင်း တစ်အုပ်တည်းမှာတွေ့လို့ သိပ်ကြိုက်လို့ ကူးလာတာ"

သူပြောလိုက်သည်။

ပြီးတော့ ထားသက်ပိုင်ကို နတ်သျှင်နောင်၏ ရတုထဲမှ တစ်ပိုင်းတစ်စကို သူပေးခဲ့မိတာ ပြန်သတိရနေ၏။

သူ့နှယ်ပင် ထားသက်ပိုင်လည်း သတိရသွားဟန်တူသည်။ စက်ဘီး လက်ကိုင်ကို လက်ဖြင့်ပွတ်သပ်ပြီးနေတာတွေ့၏။

"ငါ့ကို ပေးမဖတ်ဘူးလား"

မြို့မ စာကြည့်တိုက်ရှေ့မှာ အတူလျှောက်လာစဉ် သူက စာရွက်ကို ခေါက်ခနေတာ မြင်ရင်း ထားသက်ပိုင်မေးသည်။

ထားသက်ပိုင်၏ မျက်နှာကို သူတစ်ချက်ငေ့ကြည့်သည်။ ပြီးတော့ ပြုံးဟန်ပြုလျက် . . .

"ဒီတစ်ခါ ဆရာကြီးကို မတိုင်နဲ့နော်"

ဟု ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . နှင်ကလဲ"

ထားသက်ပိုင်၏ မျက်နှာ သွေးရောင်လွှမ်းသွားပြီး အကြည့်တိုလွှဲ၏။

"အလကား နောက်တာပါဟာ၊ ကဗျာက အန္တိမမိုးတဲ့။ အခြေအနေတစ်ခုက တစ်ခု အပြောင်းအလဲကို ရေးထားတာ၊ မိုးအကုန် ဆောင်းအပြောင်း ကာလလေးကိုရေးတာ၊ ရော့ ဖတ်ကြည့်"

ကဗျာစာရွက်ကို ထားသက်ပိုင် လက်သို့ လှမ်းပေးလိုက်သည်။

"ပေး စက်ဘီး . . . ငါတွန်းခဲ့မယ်"

စက်ဘီးလက်ကိုင်ကို ထားသက်ပိုင်လက်မှ ယူလိုက်သည်။ သူ့ကို နားလည်စွာဖြင့် ငေးကြည့်စဉ် ကော့လျားသော မျက်တောင်ကိုမြင်ရင်း ရင်ဖိုချင်ပြန်၏။ ထားသက်ပိုင်က ကဗျာစာရွက်ကို ငုံ့ဖတ်ရင်း လျှောက်သည်။

အန္တိမမိုး . . .

ခဲပုပ်ရောင် တိမ်တစ်ဆုပ်





ကျွန်ုပ်တို့ ခေါင်းပေါ်မှာ၊
ကောင်းကင် ပင်လယ်ထဲက
သဲကတော့ တစ်ပွက်
အစက်ကလေး တစ်စက်လို . . .
အပြာရောင်ထဲကို စီးဖြတ်
မုတ်သုန်ရဲ့ အဆုံးသတ် အကျန်အကြွင်းဟာ
မာန်သွင်းလို့လဲ ညိုမှောင်မလာ
ဟိုတောင်မှာ မခြိမ်း
ပြုမယောင်လဲ ပိန်းပိတ်နေတာမဟုတ်
(ဒါပေမယ့် . . ) ဆုတ်ခွာသူတို့ရဲ့လမ်း
သွေးရူးသွေးတန်းထုံးစံ
မိုးဒပြေးတစ်ပြိုက်ကို ဖန်တီးပြန်ရဲ့ . . .။
မိုးရေရွဲစို
ကောင်းကင်ကို မော့ကြည့်ဆဲ
ခဲပုပ်ရောင်ဟာ တဖြည်းဖြည်းလွင့်
မကြာမြင့်မီမှာ . . .



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်ဟာ ပြာကြည်စင်

ဒီလိုနဲ့ . . . ရာသီခွင်အသစ်ပြောင်းတော့မယ်

ရှေ့တူရူကိုကြည့်လိုက်၊ ငုံ့လိုက်နှင့် ထားသက်ပိုင်က လမ်းလျှောက်လာသည်။

"မြင်းလှည်းတိုက်မိနေပါဦးမယ်ဟာ၊ နောက်မှ အေးအေးဆေးဆေး ဖတ်ချင်ဖတ်"

ဟု သူပြော၏။

"ဖတ်ပြီးပြီ ကြိုက်တယ်၊ ငါ ကူးထားဦးမယ်၊ ငါ့ကိုပေး"

ကဗျာစာရွက်ကို ခေါက်ရင်း ထားသက်ပိုင် ပြောတော့ သူခေါင်းညိတ်လိုက်၏။

"ဟော့ကောင် စိုးဝေ"

မျက်နှာချင်းဆိုင်မှ စက်ဘီးဖြင့် ဖြတ်လာရင်း လှမ်းအော်သော သူငယ်ချင်းနှစ်ယောက်ကို တွေ့သည်။

"ဘယ်လိုလဲ အဆင်ပြေနေပြီလား"

ဖြတ်ကျော်စဉ်မှာ တစ်ယောက်က လှမ်းနောက်သွား၏။ အားနာဟန် ထားသက်ပိုင်မျက်နှာကို ရှုတ်ခြည်းအကြည့် ရောက်





သည်။ ထားသက်ပိုင်က တည်တည်ငြိမ်ငြိမ်ပင်။ စာရွက်ဖတ်၍ သမ်းလျှောက်လာသော ထားသက်ပိုင်၏ ဘေးမှ စက်ဘီးကို ထွန်းကာ ယှဉ်လျှောက်လာသည့်သူကို တစ်မျိုးထင်နေကြပြီဟု ားလည်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

## (၉)

"အရက်သား ထောင်ထွက်တစ်ယောက်သားနဲ့ ...
ဘယ်လိုလုပ် အပေါင်းအသင်း ဖြစ်နေရတာလဲ သမီး...
သမီးကို တစ်ခါလဲ စော်ကားမော်ကား ရိုင်းရိုင်းပျပျ လုပ်...
သမီးမမှတ်ဘူးလား"

မေမေ့စကားကို ထားသက်ပိုင် ခေါင်းငုံ့ရင်း နားထော...
နေသည်။ စားပွဲပေါ်မှ ဖော်မီကာ အကွက်ကလေးတွေကို...
စူးစိုက်ကြည့်နေမိပြန်၏။





"ဆရာ့ဆီမှာ စာအတူတူသင်တာတောင် အမေတာ့ ကြိုက်တာမဟုတ်ဘူး၊ သမီးပညာရေးမို့ မေမေမတားတာ၊ ဒီ သူငယ်လေးတွေဟာ ဒီမြို့မှာ လူဆိုးလူတေလေးတွေဆိုတာ, အားလုံးသိကြတာပဲ၊ ခပ်တန်းတန်းနေပေါ့ သမီးရယ်၊ အတူတူ လမ်းသွားလမ်းလာလုပ်ဖို့ မကောင်းဘူး၊ တစ်ယောက်ယောက်က မြင်သွား၊ တွေ့သွားရင်လဲ သမီးဂုဏ်သရေကို ထိခိုက်မယ်၊ မေမေတို့ကလဲ မဆုံးမဘူးလားလို့ လွှတ်ထားသလို ဖြစ်နေမယ်၊ အဆင့်အတန်း တူတာမတူတာ၊ ဆင်းရဲတာ ချမ်းသာတာတွေ မေမေတွက်ပြီး ပြောနေတာမဟုတ်ဘူးနော်၊ အရက်သမား၊ ဖဲသမား၊ ထောင်ထွက်တစ်ယောက်ရဲ့သားဆိုတာတော့ ဘယ်သူမှ မကြိုက်နိုင်ကြတဲ့ ဝိသေသတွေပဲ"

"သမီးတို့ သူငယ်ချင်းမိတ်ဆွေလို ရိုးရိုးဆက်ဆံကြတာပါ မေမေ"

မျက်လွှာကို ပင့်ရင်း ခပ်ဖြည်းဖြည်းပြောသည်။

"အဲဒီလို သူငယ်ချင်းမိတ်ဆွေ ဖြစ်စရာကို အကြောင်း မရှိဘူး သမီး၊ အဲဒီလို သူငယ်ချင်း မိတ်ဆွေ ဖြစ်တာကိုက သမီး



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ငယ်တယ်၊ ရိုးရိုးဆက်ဆံလို့ မေမေ ဒီလိုပြောနေတာပေါ့ သမီးသာ ဆန်းဆန်း ဆက်ဆံကြည့်ပါလား၊ မေမေ သမီးကို သတ်ပစ်လိုက်မယ်၊ ပြီးတော့ ရှက်လွန်းလို့ မေမေလဲ ကိုယ့်ဘာသာ သက်သေပစ်လိုက်မယ်"

"မေမေရယ် မဟုတ်တာတွေ ပြောမနေပါနဲ့၊ သမီး အယူအဆက သူ့အဖေ အရက်သမား၊ ဖဲသမား၊ ထောင်ထွက် ပေမယ့် သူက အရင်လို မရိုင်းဘူး၊ ချေချေငံငံ ရှိလာတယ် ဒါကြောင့် သမီးအခေါ်အပြောလုပ်တာပါ"

"မလိုဘူး သမီး၊ နောက်တစ်ခါ အဲဒီလို တရင်းတနှီး နေတာကို မေမေမကြားချင်ဘူး"

"မေမေ့ကို ပြောတဲ့သူက ပိုပြောတာပါ"

"အပေါင်းအသင်းကြောင့် ဂုဏ်တတ်သလို အပေါင်း အသင်းကြောင့် ဂုဏ်ပျက်တာလဲရှိတယ်သမီး၊ အပေါင်းအသင်း ကို ရွေးပေါင်းရတယ်"

မေမေ့မျက်နှာကို ကြည့်ရင်း နားထောင်လျက် ဘာမှ ပြန်မပြောမိတော့။





"အရက်သမား၊ ဖဲသမားရဲ့သားဟာ အရက်သမား ဖဲသမား ဖြစ်လာဖို့ လမ်းများတာပေါ့၊ အခုမဖြစ်သေးလဲ နောက် ဖြစ်လာနိုင်တာပဲ၊ ဒီလို လူမျိုးကို မပေါင်းနဲ့ သမီး"

ထားသက်ပိုင် သက်ပြင်းရှည်ကို ချမိပြန်သည်။

မြမြဦး စကားတို့ကို ကြားတော့ အားငယ်ချင်စိတ် င်သည်။ ရင်ထဲမှာ ထိခိုက်ကြေကွဲစွာလည်း ခံစားရပြန်၏။

"နင် သူ့ ပြန်မမေးနဲ့နော်၊ ငါပြောပြတာက ထားသက်ပိုင် တော့ နင့်ကို နားလည်တယ်၊ သူ့အိမ်က နင့်ကို နားမလည်ဘူး ဆိုတာ နင်သိစေချင်လို့"

"ကျေးဇူးပဲ မြမြဦးရာ၊ ငါ အနေအထိုင် ဆင်ခြင်ရမှာပေါ့၊ ဒါ့ကြောင့် သူ့ကို ဘာမှ မထိခိုက်စေချင်ပါဘူး"

ဟု မြမြဦးကို သူပြန်ပြောလိုက်သည်။

မြမြဦးနှင့် သူက တစ်လမ်းကျော်မှာမို့ ခဏခဏ တွေ့သည်။ မြမြဦးက ထားသက်ပိုင်နှင့် အရင်းနှီးဆုံး သူငယ်ချင်း ထားသက်ပိုင် သူ့ကို ဖွင့်ပြောတာဖြစ်မည်။ ဘာဖြစ်ဖြစ် ထားသက်ပိုင် သူ့ကို နားလည်ကြောင်း သိရခြင်းကိုကား ကျေ



www.burmeseclassic.com

www.burmeseclassic.com



မိပြန်သည်။



(၁၀)

"ဆရာ တစ်ခု မေးချင်လို့ပါ ဆရာ"

ဆရာက ခေါင်းကို ဆတ်ပြသည်။ ထားသက်ပိုင်က လွယ်အိတ်ထဲကို စာအုပ်ထည့်နေရာမှ သူ့ကို လှမ်းကြည့်သည်။

"အရက်သမား သား တစ်ယောက်က အရက်သမား ဖြစ်လာဖို့များလား ဆရာ၊ ဖဲသမား သား တစ်ယောက်ကရော ဖဲသမားဖြစ်လာနိုင်လား ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



သူ့အမေးကြောင့် ထားသက်ပိုင်က လွယ်အိတ်ကို ရင်မှာပိုက်ရင်း သူ့ကို ခပ်စူးစူး ကြည့်နေတာတွေ့၏။ သူကတော့ ထားသက်ပိုင်ကို မကြည့်ဘဲ ဆရာအဖြေကို နားစွင့်ထားလိုက်သည်။

“အရက်သမား ဖဲသမားတွေရဲ့ သားတွေဟာ တခြားလူတွေနဲ့ စာလို့ရှိရင်တော့ အရက်သမား ဖဲသမားဖြစ်ဖို့ လမ်းပိုများတယ် မောင်စိုးဝေ၊ ဒါက ရှင်းရှင်းလေးပါ၊ အတုမြင် အတတ်သင်ဆိုတဲ့ စကားရှိတယ်မဟုတ်လား၊ သူဘေးပတ်ဝန်းကျင်မှာ မမြဲတစေ တွေ့နေရတဲ့အရာကို သူရင်းနှီးသွားနိုင်တာပဲပေါ့၊ ဒါပတ်ဝန်းကျင်ကြောင့် ဖြစ်လာနိုင်တဲ့ ကိစ္စတစ်ခုပဲ၊ ဗီဇသတ္တိကြောင့် အရက်သမားသားဟာ အရက်သမား ဖြစ်ရမယ် ပြောလို့ရတာမဟုတ်ပါဘူး၊ ဆရာပြောခဲ့ဖူးတာပဲ၊ ပတ်ဝန်းကျင်ကြောင့် ရလာတဲ့ ဖြစ်လာတဲ့ ကိစ္စတွေကျတော့ ကိုယ့်အသိပညာ၊ ကိုယ့် စိတ်အင်အားနဲ့ ခုခံတားဆီးရနိုင်တယ်လေ၊ ဗီဇပညာရှင်တွေက ကြွက်တို့၊ ယုန်တို့၊ ပုးတို့ကို အရက်တိုက်ပြီးတော့ မျိုးဆက်တော်တော်များများ မွေးကြည့်ကြတယ်တဲ့၊





ပြီးတော့ အရက်ကြိုက်တာဟာ မျိုးရိုးဗီဇကြောင့်မဟုတ်ဘူး ဆိုတဲ့ ဆုံးဖြတ်ချက်ကို သူတို့ချခဲ့ကြတယ်ကွ”

“ရှင်းပါပြီ ဆရာ”

“ဆရာ ဆက်ပြောဦးမယ်၊ မင်းတို့ အချိန်ရလား”

“ရပါတယ် ဆရာ”

ဟု ထားသက်ပိုင် ပြန်ဖြေ၏။

“ပတ်ဝန်းကျင်ကြောင့်လို့ ဆရာ အခုနပြောခဲ့တယ်၊ အရက်သမား ဖဲသမားတင်မကဘူးကွာ၊ လူဆိုးလူမိုက် ဒုစရိုက်သမားတွေဟာ အဓိကပတ်ဝန်းကျင်ကြောင့် ဖြစ်ကြတာပဲ၊ ဒါပေမယ့် ဘယ်ပတ်ဝန်းကျင်လဲ၊ ဆရာတို့ သေသေချာချာ ထောက်ပြဖို့ စွပ်စွဲဖို့ဆိုတာက မလွယ်ဘူး၊ ဒါတွေဟာ ဗီဇမှာ ုံးဝတာဝန်ကင်းတယ်လို့တော့ မပြောရဲဘူးတဲ့၊ ဒါပေမယ့် ပတ်ဝန်းကျင်နဲ့စာရင် မပြောပလောက်ဘူး၊ စောစောက ပြောသလို ပတ်ဝန်းကျင်ဆိုတာက ဗီဇက လွဲတဲ့အရာအားလုံးကို ခေါ်တာဆိုတော့ ပတ်ဝန်းကျင်ဟာ အများကြီးပဲ၊ ရာသီဥတု တောတောင်ရေမြေ ဒါတွေလဲပါမယ်၊ အဲဒီများတဲ့ ပတ်ဝန်းကျင်



www.burmeseclassic.com

www.burmeseclassic.com



တွေထဲက ဘယ်ပတ်ဝန်းကျင်ကြောင့် လူတွေ လူဆိုးဖြစ်ရတယ် ဆိုတာ ပြောလို့ မလွယ်ဘူးတဲ့၊ လူတွေကတော့ သူတို့ ဥပါဒါန် အစွဲရှိတဲ့အနီးဆုံးပတ်ဝန်းကျင်ကို တရားခံရှာတတ်ကြတယ်တဲ့ ဒါမဟုတ်ဘူးတဲ့၊ ဥပမာကွာ ဒုစရိုက်မှုတွေပေါ်လာတာဟာ လူတွေ ဆင်းရဲကျပ်တည်းလို့ဆိုတာ လူတိုင်းပြောကြ လက်ခံကြ တယ်၊ ဆင်းရဲကျပ်တည်းတယ်ဆိုတဲ့ ပတ်ဝန်းကျင်ကို တရားခံရှာ တယ်၊ ဒါ သူတစ်ခုတည်းကြောင့် မဟုတ်ဘူးဆိုတာ ထင်ရှား တယ်၊ ဆင်းရဲကျပ်တည်းတဲ့သူတိုင်း ဒုစရိုက် ကျူးလွန်ကြသလား ပိုက်ဆံချမ်းသာပြည့်စုံတဲ့သူတွေရော ဒုစရိုက် မကျူးလွန်ကြဘူး လား၊ ဒါ စဉ်းစားစရာပဲ၊ ပြီးတော့ မင်းတို့ စဉ်းစားကြည့် မိန်းကလေးတွေ မကောင်းတဲ့ မိန်းကလေး လုပ်စားကြတာဟာ စီးပွားရေးကျပ်တည်းမှုတစ်ခုတည်းကြောင့်ပဲလား၊ ဒါဆို ဆင်းရဲတဲ့ မိန်းကလေးတွေ အများစုက ဘဝကို ရုန်းကန်နေကြ တာတွေ ဘယ်မှာ သွားထားမလဲ၊ ဆင်းရဲတဲ့ မိန်းကလေးတိုင်း ဒီအလုပ်ကို လုပ်မစားကြဘူး၊ နယူးယောက်မြို့မှာ မကောင်းတဲ့ မိန်းကလေး (၂၀၀၀)ကို စစ်တမ်းကောက်ကြည့်တဲ့အခါ ၂





ခိုင်နှုန်းပဲ စီးပွားရေးကျပ်တည်းလို့ ဒီအလုပ်ကို လုပ်စားတယ် တဲ့ အဖြေထွက်တယ်၊ ကျန်တဲ့ သူတွေဟာ မကောင်းတဲ့ ပတ်ဝန်းကျင် အမျိုးမျိုးက တွန်းပို့လိုက်လို့ ဒီဘဝကို ရောက်လာ ကြတာပဲ၊ မကောင်းတဲ့ ပတ်ဝန်းကျင်ဆိုတာက အများကြီးပေါ့၊ မကောင်းတဲ့ ယောကျ်ားတစ်ယောက်က ဖျက်ဆီးပြီး အတင်း ကြပ်လုပ်ခိုင်းခဲ့တာ၊ မကောင်းတဲ့ မိတ်ဆွေသူငယ်ချင်းက ဆွယ်ပြီး ဖျက်ဆီးခဲ့တာ၊ အလုပ်လုပ်ဖို့ ပျင်းတာ၊ ငွေကို တ်သက်သာသာနဲ့ ရနိုင်တယ်ထင်တာ၊ အဲဒီလို တိုက်တွန်း ဆော်ပေးတဲ့ ပတ်ဝန်းကျင်တွေကြောင့် ဒီဘဝတွေကို ာက်ကြတာလို့ ဆရာ ဖတ်ဖူးတယ်"

ဆရာက စကားကို ဖြတ်၍ ရေနွေးကြမ်းငှဲ့၏။

"မကောင်းတဲ့ ပတ်ဝန်းကျင်နဲ့ ကြုံလာရင် အဲဒီပတ်ဝန်း ျင်က အရိုက်အခတ်ကို ခံနိုင်ဖို့၊ ကျော်လွှားနိုင်တဲ့ ဗွဲသတ္တိရှိဖို့ သိဉာဏ်ရှိဖို့ ဒါတွေ လိုအပ်တာပဲပေါ့ ဆရာ"

"အဲဒါ အချုပ်ပဲ မောင်စိုးဝေ၊ ဒါမကောင်းဘူးဆိုတာ သိဉာဏ်ကသိရင် မကောင်းတာကို မလုပ်ဖြစ်အောင် ရှောင်



www.burmeseclassic.com

www.burmeseclassic.com



နိုင်အောင် စိတ်ခွာတ်က ရင့်ကျက်ခိုင်မာနေရမယ်၊ ဒါပါပဲ"

"ကျေးဇူးပါပဲ ဆရာ"

"ဆရာ ဒီနေ့ ပြောခဲ့တာတွေ ကျွန်မ အမြင်အရှမ်းရှ

သွားလို့ ကျေးဇူးပဲ ဆရာ"

ပြောရင်း ထားသက်ပိုင်နှင့်သူ ထရပ်လိုက်ကြ၏။

ပြီးတော့ ဆရာ့ခြံဝန်းထဲမှ ထွက်သည်။ ထားသက်ပိုင်

စက်ဘီးကို မစီးသေးဘဲ တွန်း၍ လျှောက်လာ၏။

"သွားလေ ထားသက်ပိုင် စက်ဘီးစီးသွားနှင့်"

"ရပါတယ်၊ ဘာဖြစ်လို့လဲ"

မျက်နှာကို တစ်ချက် ငဲ့စောင်းကြည့်ကာ . . .

"ငါနဲ့ အတူ လျှောက်တာ တစ်ယောက်ယောက်

တွေ့ပြီး အပြောခံနေရမှာ စိုးလို့"

ထားသက်ပိုင်က သူ့မျက်နှာကို ငေးကြည့်ရင်း . . .

"ငါ့ရင်ထဲမှာ ရှင်းသွားပြီ စိုးဝေ၊ ရင်ထဲမှာရှင်းနေ

အရာမှန်သမျှ ငါ လုပ်ရဲတယ်၊ ငါ့ရင်ထဲမှာ မှန်တယ်လို့ ရှင်းရှ

လင်းလင်း ယုံဖို့ပဲ အရေးကြီးတယ်"





ဟု ပြောလိုက်၏။

"နင် ဘာပြောချင်တာလဲ"

"နင်နဲ့ တွဲသွားတဲ့ကိစ္စ၊ ဘာ်သူပြောပြော ငါဂရုမစိုက်ဘူး၊

ဘာကြောင့်လဲ ဆိုတော့ နင့်ကို ငါယုံလို့"

"ဒါပေမယ့် ငါ့ အဖေက အရက်သမား၊ ဖဲသမား

ဆိုတော့ . . ."

"အရက်သမား၊ ဖဲသမားသားဟာ အရက်သမား

သမား မဖြစ်နိုင်ဘူးဆိုတာ ငါ့ရင်ထဲမှာ ရှင်းသွားပြီ စိုးဝေ၊ ငါ

ပေါင်းတာ နင့်ကို၊ နင့်အဖေကိုမှ မဟုတ်ဘဲ"

သာ ထားသက်ပိုင်ကို အကြည့်ဆုံလိုက်၏။ ထားသက်ပိုင်

က သူ့ကို ပြန်၍ စူးစိုက်ကြည့်နေပြန်သည်။

"ငါ့ကို ဒီလို နားလည်ပေးတာ အရှုမ်းပျော်သွားတာပဲ

ထားသက်ပိုင်ရယ်၊ ငါ . . . ငါ့ကို နားလည်တဲ့သူဟာ ဆရာနဲ့

နင်ပဲ၊ ငါအားရှိသွားပြီ"

လက်ဝါးကို လက်သီးဆုပ်ဖြင့် ဖွဖွထုရင်း သူ့ အားတက်

ရောရော ပြောနေမိပြန်၏။



www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

နိုဝင်ဘာ၏ ဆောင်းနှင်းစက်တို့သည် ဖေဖေ့အလော
ထည့်ရာ ခေါင်းပေါ်သို့ တစ်ညလုံး ကျနေခဲ့ပြီထင်၏။

ဖေဖေ့ အလောင်းကို ညနေကတည်းက ခေါင်းမှ
ထည့်ပြီး အိမ်ရှေ့မှာ လေးတိုင်စင်ဖြင့် တင်ထားခဲ့ရာ မနက်
စော သူ ကန်တော့ရန် ခေါင်းနား ရောက်ခဲ့၏။

ခေါင်းမှာ နှင်းစက်တို့ဖြင့် စိုထိုင်းထိုင်းဖြစ်နေသည်
အဖေ၏ အသည်းတွေ အဆုတ်တွေသည် ဘာဖြစ်နေသည





မပြောတတ်ပါ။ ဖေဖေသေပြီး မကြာမီမှာပင် အနံ့အသက်
ခပ်ပြင်းပြင်း ထွက်လာတော့၏။

ကြီးကြီးတင်ကတော့ ကျောက်ဖရုံသီးကိုခွဲ၍ ခေါင်းထဲ
သို့ထည့်ပေးသည်။

ကျောက်ဖရုံသီးက အနံ့အသက်ကို စုပ်သည်ဆို၏။
ခေါင်းကို ချက်ချင်းပြင်ပြီး အိမ်ရှေ့မှာ ထုတ်ထားကြရသည်။

ဦးသုံးကြိမ်ချလျက် ကန်တော့ပြီးနေ ခေါင်းနားမှာ
သူရပ်သည်။ အဖေ့နာမည်နှင့် အသက်ကိုရေး၍ ကပ်ထားသော
စာရွက်မှာ နှင်းတို့စိုရွှဲ၍ မင်တို့ ပြန့်လွင့်နေကြပြီ။

အိမ်ထဲကို သူပြန်ဝင်ပြီး မကြာခင်မှာပင် လမ်းထဲက
ဘကြီးခင်တို့ လူသိုက်ရောက်လာကြသည်။

ကူညီလုပ်ကိုင်စရာရှိသည်တို့ကို လုပ်ပေးရင်း ကြီးကြီး
တင်ကို လှမ်းကြည့်တော့ အိမ်တိုင်မှာ ခပ်ငူငူ ထိုင်နေတာ တွေ့
သည်။

"ငါ ဘာလုပ်ပေးရမလဲ"

အောင်မြတ်ကျော် ရောက်လာသည်။ ညကလည်း



www.burmeseclassic.com

www.burmeseclassic.com



အောင်မြတ်ကျော် ညဥ့်နက်မှ ပြန်သွားခဲ့ခြင်း ဖြစ်သည်။

"စိုးဝေ ခဏ"

အောင်မြတ်ကျော်က သူ့ကို ခေါ်လိုက်၏။

ပြီးတော့ သူ့အကျႌအိတ်ထဲမှ ပိုက်ဆံတွေကို ထုတ်သည်။

"ဒါ ညက ငါ့ကို ဆရာဦးကြည်ဆွေ ပေးလိုက်တာ မင်းအဖေဆုံးတယ်ကြားကြားချင်းပဲ ဆရာက ငါ့ကို ငွေစုခိုင်းတယ်၊ တို့ခင်မင်တဲ့ သူငယ်ချင်းတွေဆီက စုကြတာ"

"ဒုက္ခခံလို့ကွာ"

"ကူညီရမယ့် ကိစ္စပဲ၊ ဆရာတို့ ဒီမနက်လာကြလိမ့်မယ်"

"ညက ခဏရောက်လာသေးတယ်"

"သြော် . . . နေဦး၊ အဲဒီပိုက်ဆံတွေထဲမှာ အများဆုံး ထည့်တာ၊ ထားသက်ပိုင် သုံးရာတောင် ထည့်ထားတယ်၊ ပြီးတော့ ငါ့ကို မှာလိုက်တယ်၊ လိုတာရှိရင် သူ့ကိုပြောပါတဲ့"

"နေဦးကွာ . . . ဒီပိုက်ဆံတွေ ကြီးကြီးတင့်ကို ပေးလိုက်ဦးမယ်၊ ပြီးရင် အောက်ဆင်းရအောင်"

ပြောပြီး ကြီးကြီးတင့်ရှိရာ လျှောက်သွားကာ ပိုက်ဆံ





တွေကို အပ်သည်။

ကျောင်းက ဆရာဦးကြည်ဆွေနဲ့ ကျွန်တော့် သူငယ်ချင်းတွေ လှူတာပါဟု ပြော၏။ ကြီးကြီးတင်က မျက်ရည်သုတ်ရင်း သူ့ကို ငေးကြည့်သည်။

ပြီးမှ ပိုက်ဆံကို လှမ်းယူသည်။

"ကျွန်တော် အောက်မှာ လုပ်စရာရှိတာ လုပ်လိုက်ဦးမယ် ကြီးကြီးတင်"

ဟု ပြောကာ အောင်မြတ်ကျော်ကို ခေါ်ပြီး အောက်ကို ဆင်းခဲ့၏။

ကြေးစည်သံသည် ဆွတ်ပျံ့နက်ရှိုင်းစွာ ရင်ထဲမှာ စွဲထင်ကျန်ခဲ့၏။ ဖေဖေ့အလောင်း မြေချပြီးတော့ သူ့ဘေးမှာ ဆရာဦးကြည်ဆွေ၊ ထားသက်ပိုင်နှင့် အောင်မြတ်ကျော်တို့ ရှိနေသည်၊ ဆောင်းနေသည် ကုက္ကိုပင်အုပ်အုပ် လွှတ်သည့်နေရာမှာ ချက်ကျက်ပူဆဲ၊ သင်္ချိုင်းဝမှ ထွက်လာကြပြီး . . .။

"သူ့ဘဝဒုက္ခငြိမ်းသွားတယ်လို့ပဲ ကောင်းတဲ့ဘက်က ယူပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆရာဦးကြည်ဆွေက ပြော၏။

"ဖေဖေ့ကိုကြည့်ပြီး ကျွန်တော် သင်ခန်းစာယူစရာတွေ အများကြီးပါပဲ ဆရာ"

ခေါင်းငုံ့ရင်း သူပြောသည်။

"ဘာမှတော့ အားမငယ်ပါနဲ့ကွာ မင်းဘေးမှာ တို့ရှိတာပဲ"

ဟု အောင်မြတ်ကျော်က ပြော၏။

"ဆရာ"

သူ ဆရာ့မျက်နှာကို မော့ကြည့်လိုက်သည်။

"ဘာလဲ စိုးဝေ"

"ဖေဖေ အခု သေပြီဆရာ၊ ဖေဖေမရှိတော့ဘူး၊ ဖေဖေ မရှိတော့ရင်လဲ အရက်သမား၊ ဖဲသမား၊ ထောင်ထွက်ဆိုတဲ့ လောင်းရိပ်ကြီးက ကျွန်တော့်အပေါ်မှာ ရှိနေဦးမှာလား"

သူ့မေးခွန်းကြောင့် ထားသက်ပိုင် သူ့ကိုကြည့်သည့် အကြည့်မှာ ကြေကွဲရိပ်တို့သန်းနေ၏။ ဆရာက သက်ပြင်းရှည်ကို ချသည်။





"မင်းက သူ့သားပဲကွာ၊ သူသေသွားတော့လဲ သူ့သား တဲ့ ဂုဏ်ပုဒ်က ပျောက်သွားမှာမှ မဟုတ်တာ မိဘရဲ့ ဆိုးကျိုး ကောင်းကျိုးဟာလဲ သားသမီးကို ရိုက်ခတ်တတ်တာပဲ၊ အဲဒီ အရိပ်တွေ မကောင်းတဲ့ဟာတွေကို လူတွေက မေ့သွား အောင် မင်းက သိပ်ကောင်း သိပ်တော်အောင် နေပြီး ဖုံးလွှမ်းအောင် ကြိုးစားဖို့ပဲ ရှိတော့တယ်"

တရွေ့ရွေ့ဖြင့် လျှောက်ရင်း ကုက္ကိုလ်ပင်ရိပ်အောက်ကို သူတို့ ရောက်လာခဲ့ကြသည်။

"ကျွန်တော့်ဘဝမှာ အတတ်နိုင်ဆုံးလူကောင်း ဖြစ် အောင် ကြိုးစားဖို့ ဆရာ့ကို ကတိပေးပါတယ် ဆရာ"

သူ ဆရာ့ကို ကြည့်ရင်း နက်နက်ရှိုင်းရှိုင်း ပြောလိုက်မိ ၏။

ဆရာ၏ လက်တစ်ဖက်က သူ့ပုခုံးပေါ်ကို လာတင်ပြီး ညှစ်သည်။

နွေးထွေးသော မေတ္တာဓာတ်သည် ရင်၌ ပျံ့နှံ့သွားတော့



www.burmeseclassic.com

www.burmeseclassic.com

(၁၂)

နွေရိပ်နွေရောင်သည် ဆောင်းကိုချိုးဖျက်၍ နေရာယူ ပြုပြီ။ ပိတောက်တို့ စိမ်းရွက်ဖြင့် ဖားဖားဝေစည်ကာ ကုက္ကို ရွက်ဟောင်းကို ခြွေ၍ ပုရစ်နုတို့ဖြင့်ဝေပြီ။ ဥသြ၏ အသံ တစ်ရံတစ်ခါ ကြားနေရပြီတည့်။

မြေလတ်ဟုခေါ်၍ရသော သူတို့မြို့လေးသည် ဆောင်း မှာ အေးသလောက် နွေမှာလည်း မပူကဲတတ်ပြန်သည်။





စာမေးပွဲနီးကာမှ ဖျားနာနေမယ်၊ နေကာလဲ ပြင်းတယ်၊ မြင်းလှည်း မကောင်းပါနဲ့ဟု ဆရာက ပြောသည်။ ထားသက်ပိုင်ကလည်း ပြောသည်မို့ သူ မြင်းလှည်း မမောင်းဖြစ်တော့။ ကြီးကြီးတင်က သူ့မျာ ဝှက်ထားသည့် ရွှေတိုရွှေစကလေးများထုခွဲသည်။ သူတို့ နှစ်ယောက်တည်းဆိုတော့ သိပ်ပြီးပူစရာမရှိဟု ကြီးကြီးတင် ပြောသည်။ နင့်အဖေရှိတုန်းက အတင်းတောင်းပြီး ဖဲရိုက်ပစ်မှာ စိုးလို့ ဝှက်ထားခဲ့ရတာဟုလည်း ကြီးကြီးတင် ပြောသေးသည်။

ဖေဖေရှိတုန်းကနှယ် သိပ်ပြီး ပူပင်စရာမရှိတော့သည်မို့ ဆရာ့အိမ်မှာ သူ အနေများသည်။ ဆရာ့အိမ်မှာပင် ညအိပ်ပြီး သူစာကျက်ဖြစ်သည်။ တစ်ခါတစ်ခါ အောင်မြတ်ကျော်ပါ လာအိပ်သည့်အခါ အိပ်၏။

ထားသက်ပိုင်နှင့် သူတို့၏ သံယောဇဉ်ကြိုးကို အောင်မြတ်ကျော်ပင် မြင်နိုင်သိနိုင်သည့်အဆင့်ကို ရောက်ပြီဟု အောင်မြတ်ကျော်က ပြောဖူးသည်။

သူ ထားသက်ပိုင်ကို ထပ်၍ ချစ်ရေးမဆိုပါဆိုသည့် စကားကို အောင်မြတ်ကျော်က မယုံချင်။



www.burmeseclassic.com

www.burmeseclassic.com



အကြည့်မှာ အကြွင်နာငွေ့ကိုတွေ့သည်ဟု အောင်မြတ်ကျော် ထောက်ပြသည်။

စကားတို့မှာ သံယောဇဉ်၏ အနှောင်အတင်းပါသည်ဟု အောင်မြတ်ကျော်စွပ်စွဲသည်။

တကယ်တော့ သူ့ရင်ထဲက မေတ္တာတရားကို အောင်မြတ်ကျော်ကို သူရင်ဖွင့်ပြခဲ့သည်ပဲ။

ထားသက်ပိုင်၏ရင်ထဲမှာ ဘာရှိသည်ကိုတော့ အောင်မြတ်ကျော် တွေးသည့်နှယ် သူမတွေးရပါ။ အောင်မြတ်ကျော် ထွက်သည့်နှယ် သူ မထွက်ရပါ။ အရာရာသည် မျှော်လင့်သကဲ့သို့ ဖြစ်လာတတ်သည့် သဘောမရှိမှန်း သူနားလည်ခဲ့ပါ၏။

"ဘာပဲဖြစ်ဖြစ် မင်းတကယ် မပြောရသေးရင်တော့ ဖွင့်ပြောလိုက်တော့၊ နောက်ဆိုတာက ရေရာတာမဟုတ်ဘူး။ တက္ကသိုလ်တွေ ဘာတွေ ရောက်တဲ့အခါ ကွဲကွာမသွားဘူး ဘယ်သူ ပြောနိုင်မလဲ"

အောင်မြတ်ကျော် သူ့ကို တွန်းအားပေးသည်။



(၁၃)

သူ ဆရာ့အိမ်ကို ရောက်တော့ ဆရာဆွမ်းကျွေးတစ်ခုကို သွားသည်ဆို၏။ ထားသက်ပိုင်လည်း ရောက်မလာသေး။ အိမ်ဘေး သရက်ပင်အုပ် အရိပ်မှ သူတို့စာသင်မြဲ စားပွဲပေါ်မှာ သူ သွားထိုင်သည်။

စာအုပ်ကို ထုတ်လျက် စားပွဲပေါ်တင်၏။ စာအုပ်ကိုလှန်လိုက်စဉ် စာအုပ်ကြားမှာ စာရွက်ငယ်တစ်ခုကို သွားတွေ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ညဘက်မှ သည်စာအုပ်ကြားမှာ သူ ညှပ်ခဲ့တာ ပြန်သတိရ၏။ စာရွက်ငယ်ကို ဖြန့်ဖတ်နေမိပြန်သည်။

သူ ထားသက်ပိုင်ကို ပေးထားခဲ့ဖူးသည့် စာရွက်ကလေး။ နုတ်သျှင်နောင်၏ ရတုမှ သူ ကူးယူထားသော ကဗျာတစ်ပိုင်းတစ်စပါသည့် စာရွက်ကလေး။ သည်စာရွက်ငယ်ကလေးကို ရုံးခန်းမှာ ဆရာ သူ့ပြန်ပေးခဲ့စဉ်ကစ၍ အမှတ်တရ သူသိမ်းထားမိခဲ့သည်ပဲ။

ကြင်စကြင်ခွေ၊ ဖြိုးထွေမွမ်းစိုင်
သွယ်ထုံးဆိုင်သည် . . .
သက်ပိုင်စိုးစေချင်တော့သည် . . . တဲ့။

စာရွက်ကလေးထဲမှာ စာသားများကို သူပြန်ဖတ်နေမိပြန်၏။

ခြေသံအကြားမှာ မော့ကြည့်ဖြစ်တော့ ထားသက်ပိုင်တို့ ရှုတ်တရက်တွေ့သည်။ ငေးကြည့်ရင်း လက်ထဲက စာရွက်တို့ မသိမ်းမိ။

"ဘာကဗျာများ ကူးလာပြန်တာလဲ စိုးဝေ၊ ပြစမ်း ပါဦး"





ထားသက်ပိုင်က သူ့ဘေးမှာ လာရပ်ရင်းမေးသည်။ စာရွက်ကို သူကြည့်ရင်း ဘာစကားမှ ပြန်မပြောမိ။

"ပြစမ်း၊ ဘာကဗျာလဲ"

စာရွက်ကို လှမ်းယူလိုက်သည်။ စာရွက်ကလေးက ထားသက်ပိုင် လက်ထဲ ပါသွား၏။

"နင်မဖတ်ချင်တဲ့ ကဗျာပါ ထားသက်ပိုင်ရယ်"

ထားသက်ပိုင်ကို ကြည့်ရင်း သူပြောလိုက်ကာ ရင်မှာ လှုပ်လှုပ်ခါလျက်နေပြန်၏။ ထားသက်ပိုင်က ကဗျာလေးကို ဖတ်ရင်း မျက်နှာမှာ ရှက်သွေးစို့လာတာ သူသိလိုက်၏။

သူ့ဘေးမှ စားပွဲကို ကွေ့လျှောက်လျက် မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်၏။

"နင်သိမ်းထားတာလား"

သူ့ကိုကြည့်ရင်းမေးသည်။

"နင်က မှတ်မိလို့လား"

"ငါ ဒီလောက် မှတ်ဉာဏ်မနည်းပါဘူး စိုးဝေ"

ကဗျာ စာရွက်ကလေးကို ပြန်ခေါက်နေရင်း ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဘဝအတွက် အမှတ်တရလေးတွေကို ငါသိမ်းထား တတ်တယ်"

"ငါ့ကို နာလို့ပေါ့၊ ဟုတ်လား"

"မနာပါဘူး"

"မညာပါနဲ့၊ ဆရာကြီးကို ငါ တိုင်တာပဲဟာ နာမှာပေါ့"

"နင့်ကို မဟုတ်ပါဘူး၊ ငါ့ဘဝကို ငါ နာမိတာပါ"

"အခုရော"

"နင့်ကို ကျေးဇူးတင်နေပါတယ်"

"အမယ် . . . ပိုပြီ"

"တကယ်ပြောတာပါ၊ ငါ့ဘဝကိုနာကြည်းပြီးနေရ အချိန်မျိုးမှာ ဆရာ ပြောခဲ့တဲ့ ဆုံးမစကားတွေက ငါ့ကို အလင်းရောင်ပြပေးခဲ့တာပဲ၊ ငါ့ဘဝကို ငါ မနာဘဲ ရေစုန်မျော နေခဲ့ရင် ဆရာ့အဆုံးအမတွေ ငါ့နားထဲ ဝင်ချင်မှ ဝင်ခဲ့မှာ ဒါကြောင့် နင့်ကို ကျေးဇူးတင်တယ်ပြောတာ"

"ဒါဆို . . . ဘာနဲ့ ကျေးဇူးဆပ်မလဲ"

ထားသက်ပိုင်ကို သူ စူးစိုက်ကြည့်နေလိုက်မိသည်။





ထားသက်ပိုင်က မျက်လွှာကို မချ။

"ပြောလေ"

"အဲဒီကဗျာနဲ့"

"ဘာ"

"ဟုတ်တယ်၊ အဲဒီကဗျာကိုပဲ နင့်ကို ငါထပ်ပေးမယ်၊ နင်သိမ်းထားပါ၊ အဲဒီကဗျာထဲမှာပါတဲ့ နောက်ဆုံးစာကြောင်းလေး၊ သက်ပိုင်စိုးစေချင်တော့သည်တဲ့၊ ငါ့ အသက်ကိုတောင် ပိုင်စေချင် စိုးစေချင်ပါတယ် ထားသက်ပိုင်"

ထားသက်ပိုင် မျက်လွှာကို ချသွားသည်။ ခဏမျှ ငြိမ်သက် တိတ်ဆိတ်နေ၏။ သရက်ပင်ပျိုတို့အပေါ်မှ ကျေးငှက် သံသည် ထင်းထင်းပေါ်လာသည်။

ပြီးတော့ လွယ်အိတ်ထဲမှ သားရေပိုက်ဆံအိတ်ကလေး ကို ထုတ်ယူလိုက်တာတွေ့၏။ သားရေ ပိုက်ဆံအိတ်ကလေးကို နင့်ကာ ကဗျာစာရွက်ခေါက်ကလေးကို သိမ်းနေတာ ကြည့်ရင်း သူ့ရင်ထဲမှာ တလှပ်လှပ်ခုန်နေမိပြန်သည်။

"ငါသိမ်းထားမယ် စိုးဝေ၊ နင်နဲ့ ပေါင်းမိမှ ကဗျာတွေကို



www.burmeseclassic.com

www.burmeseclassic.com



ငါလဲ ကြိုက်တတ်လာတယ်"

ပိုက်ဆံအိတ်ကလေးကို လွယ်အိတ်ထဲ ပြန်ထည့်ရင်း စတားရွှင်ရွှင်ကို တမင် ဟန်လုပ်၍ ပြောလိုက်ပြန်၏။



(၁၄)

"ဘာလဲကွ၊ ဒီမှာပဲ ဘာလို့ ရပ်ထားရတာလဲ"

လက်ဖက်ရည်ဆိုင်မှာ အောင်မြတ်ကျော်ကို ပြန်ပြောပြတော့ အောင်မြတ်ကျော်က အားမလိုအားမရ ဆိုသည်။

"ရပ်မထားရင် ဘာပြောဖို့ လိုသေးလို့လဲ"

"ဟ . . . လိုတာပေါ့၊ မင်းက ချစ်တယ်ဆိုတာ ဆက်ပြောရမယ်လေ"

"ဘာလို့ ပြောတော့မှာလဲ၊ အဲဒီအဓိပ္ပါယ် သူသိပြီပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းဟာကလဲကွာ၊ ဝေ့လည်လည်နဲ့ ပြောင်ပြောရမေ အနေအထား၊ အခြေအနေရောက်နေရက်နဲ့ မင်း မပြောရဲတာ ကဲ . . . ဒါဆို သူ့ကို မင်း အဖြေမတောင်းတော့ဘူးလား"

သူ ခေါင်းကို ခါသည်။

"ဒါဆို သူက ဘယ်လို အဖြေပေးမှာလဲ"

"မလိုဘူးလေ"

"ဟာ . . . မင်းဟာကလဲ"

ဟုတ်တယ်လေ ငါချစ်တာ သူသိရင် ပြီးတာပဲတာ အဖြေတောင်းရင်လဲ သူပေးနိုင်ချင်မှ ပေးနိုင်မှာ၊ မပေးနိုင်ဘ အရာကို ငါတောင်းနေမိရင်လဲ ဘာထူးမှာတဲ့လဲ"

"မဟုတ်သေးပါဘူး စိုးဝေရာ၊ မင်းက အဲဒီ ကဗျာတေ ပေးရုံနဲ့ သူက မင်းကို ပြန်ချစ်ပါတယ်လို့တော့ ဘယ်လို ပြန်ပြေ လို့ရမှာတဲ့လဲ"

သောက်ပြီး ရေနွေးကြမ်းပန်းကန်ကို ပြန်ချရင်း . . .

"သူ ငါ့ကို ပြန်ချစ်ချစ် မချစ်ချစ် ငါချစ်တာ သူသိရင် ကျေနပ်ပြီကွာ၊ သူ ငါ့ကို ဒီလောက်အတိုင်းအတာအထိ နားလည်





တာပဲ ငါ့ဘဝမှာ အင်အားတစ်ခုလိုဖြစ်နေပြီ။ ငါ သိပ်လောဘ မကြီးချင်တော့ပါဘူး၊ ပြီးတော့ကွာ သူနဲ့ ငါဘယ်လိုမှ မဖြစ်နိုင် ဘူးဆိုတာ သိနေရက်နဲ့ သူ့ကိုငါ ဒုက္ခပေးသလို မဖြစ်ချင်ဘူး"

"ဘာမဖြစ်နိုင်တာလဲ စိုးဝေ"

"ရှင်းပါတယ်ကွာ၊ ချစ်သူ ဘဝရောက်ရင်လဲ သူနဲ့ငါ ပေါင်းကြရမှာ မဟုတ်ဘဲ၊ သူ့ကို သူတို့အသိုင်းအဝိုင်းက ငါနဲ့ ဘယ်လိုမှ သဘောတူမှာမှမဟုတ်ဘဲ၊ ဒီတော့ နှစ်ယောက်လုံး စိတ်ဆင်းရဲစရာချည့် ဖြစ်မယ့်ကိစ္စ"

"မင်းကလဲကွာ၊ အဝေးကြီးကို လှမ်းတွေးပြီး အားငယ် နေပြန်ပြီ"

"အားငယ်နေတာမဟုတ်ဘူး၊ အမှန်အတိုင်း လှမ်းမြင် ကြည့်နေမိတာ"

"အခု လောလောဆယ် လက်ထပ်မှာမှ မဟုတ်ဘဲကွာ၊ ဒီကြားထဲမှာ မင်းလဲ ဒီအတိုင်း ရပ်နေမှာလား၊ မင်းဘဝ တိုးတက် မြင့်မားလာရင် သူတို့ဘက်ကရော သဘောမတူစရာရှိ မှာတဲ့လဲ၊ နောက်ဆို ကွာ သဘောမတူဘူးထား၊ မင်းမှာ အပြေ



www.burmeseclassic.com

www.burmeseclassic.com



အနေနဲ့ ဂုဏ်ဒြပ်နဲ့ မင်းဘဝမင်းရပ်တည်နိုင်တဲ့ အချိန်မှာ
သူ့ကို လက်ထပ်ရဲရမှာပေါ့"

အောင်မြတ်ကျော် စကားကြောင့် သူ အောင်မြတ်ကျော်
မျက်နှာကို အကြည့်ရောက်၏။

"အေးကွ မင်းပြောတာလဲ မဆိုးဘူး၊ ငါက အခုလက်
အခြေအနေနဲ့တွက်နေမိတာ၊ ငါ ကြိုးစားရင် ဘာလို့ သူ့အိမ်
သဘောတူနိုင်တဲ့ အခြေအနေကို မရောက်နိုင်ရမှာတဲ့လဲ၊ အ
အခြေအနေရောက်ရင် ငါသူ့ကို တင့်တောင့်တင့်တ
တောင်းရမ်းယူနိုင်မှာပဲ"

"ငါ . . . အဲဒါ ပြောတာ"

လက်ဖျောက်တီးလိုက်၏။

"ကျေးဇူးတင်တယ် သူငယ်ချင်း၊ ဒီအတွေးမျိုးရ
ငါ့ဘဝအတွက်အင်အားတစ်ခုပဲ"

"မင်း အရင်ဆုံး သူ့အချစ်ရဖို့ အရေးကြီးတယ်"

"အခုတော့ နေပါဦးကွာ၊ စာမေးပွဲက အရေးကြီး
ပဲ၊ ဒီစာမေးပွဲ အောင်ဖို့ မအောင်ဖို့ဆိုတာလဲ ငါ့အတွက်



စကားထစ်တစ်ထစ်ပဲ အောင်မြတ်ကျော်၊ ကဲ . . . လာထ
ပြန်ကျက်မယ်"

ပြောပြီး ပိုက်ဆံရှင်းရန် စားပွဲထိုးကောင်လေးကို သူ
ခေါ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

(၁၅)

ထားသက်ပိုင်ကို ချစ်မိခြင်းသည် သူ့ဘဝရှေ့ခရီး၏ မီးရောင်ကို ထွန်းညှိခြင်းဟု သူနားလည်လာသည်။ ထိုချစ်ခြင်းဖြင့် သူ ဘဝအတွက် အရာရာကို ကြိုးစားရမည်ဟု သူယုံကြည်လာသည်။ သူ့ဘဝ တိုးတက်မြင့်မားအောင် ကြိုးစားခြင်းသည် ထားသက်ပိုင်ကို ချစ်မိခြင်းဖြင့် တစ်ဆက်တစ်စပ်တည်း ဖြစ်မည်ထင်၏။

ထားသက်ပိုင်နှင့် ဆုံဆည်းခွင့်ရနိုင်ရန် ထားသက်ပိုင်၏





ဘများက သဘောတူကြည်ဖြူနိုင်ရန်အတွက် သူ့ဘဝကို မြင့်မားစွာ ထူထောင်ချင်သည်။

မေမေ့ကို နာကြည်းခြင်း၊ မုန်းတီးခြင်း၊ မိန်းမတို့ကို ယုံကြည်နိုင်ခြင်းစသော စိတ်ခံစားမှုတို့အား ထားသက်ပိုင်၏ သာမှု၊ ကရုဏာ မေတ္တာတို့ဖြင့် ဆေးကြောပပျောက်သွားစေ ချင်ပြီ။

မေတ္တာငတ်မွတ်ခဲ့ခြင်း၊ အထီးကျန်ဆန်ခဲ့ခြင်း၊ အရာရာ လိုမပြည့်ဝခဲ့ရခြင်းစသော ငယ်ဘဝ သိမ်ငယ်စိတ်တို့သည် ထားသက်ပိုင်၏ အားပေးနွေးထွေးမှုဖြင့် လွင့်စဉ်သွားစေချင်ပြီ။

ဘဝ၌ ထားသက်ပိုင်သာ လက်တွဲဖော် ဖြစ်ပါက အစစ အရာရာ အခက်အခဲကို ရှန်းကန်ကျော်လွှားရမည် ယုံကြည်ပြန် ၏။ ဘဝ၏ လိုအပ်ခဲ့သမျှ အရာအားလုံးကိုထားသက်ပိုင် သာ ဖြည့်စွမ်းပေးနိုင်ရာဟုလည်း မျှော်ကိုးမိပြန်သည်။

"နှင့်အမေကို သတိမရဘူးလား၊ အခု သူက ဘယ် ရောက်နေလဲ စိုးဝေ"

စာမေးပွဲနောက်ဆုံးနေ့မှာ ဆရာ့အိမ်မှာ လူစုပြီး အနေ့နို့



www.burmeseclassic.com

www.burmeseclassic.com



ခေါက်ဆွဲချက်စားကြသည်။ သည်တုန်းက သူဘေးမှာလာထိုင်ရင်း ထားသက်ပိုင် သူ့ကို မေးသည်။ အုန်းသီးကို ခြစ်နေရင်း ထားသက်ပိုင်ကို မကြည့်ဘဲ . . .

"မေမေ ဆုံးသွားတာ ဖေဖေ မသေခင်ကတည်းကပဲ ဖေဖေ ထောင်ထဲမှာ ရှိနေတုန်းမှာ မေမေက ဟိုရွှေကုန်သည်နဲ့ လက်ထပ်ပြီး ရန်ကုန်လိုက်သွားတာ ထားသက်ပိုင်၊ ဆုံးပြီဆိုတာလဲ သူ့မိတ်ဆွေတစ်ယောက်က ကြီးကြီးတင်ကို လာပြောလို့ သိတာ၊ ဖေဖေလဲ သိသွားတယ်"

"ဒီမြို့မှာ သူ့အမျိုးတွေ မကျန်ဘူးလား"

"ကြီးကြီးတင်ပြောတာပဲ၊ မကျန်ဘူး ထားသက်ပိုင် ဖေဖေက ဒီမြို့သား၊ မေမေက ဟိုးအထက်ကလို့ ပြောတယ် ဖေဖေနဲ့ အိမ်ထောင်ကျတော့လဲ တစ်ကောင်ကြွက်မို့ ဒီကိုပါလာတာတဲ့၊ မေမေ့မှာ ဆွေနီးမျိုးစပ်လောက်ပဲ ရှိတယ်တဲ့၊ အရင်းအချာမကျန်ဘူးလေ"

"နင့်အမေကို မှန်းတုန်းပဲလား"

အုန်းသီးကို ဆက်မခြစ်သေးဘဲ ထားသက်ပိုင်၏





မျက်နှာကို ကြည့်လိုက်သည်။

"ငါ မွေးကတည်းက မိဘမေတ္တာ မရခဲ့ဘူး ထားသက်ပိုင်၊ ကြီးကြီးတင် လက်ပေါ်မှာ ကြီးခဲ့ရတာ၊ ပြီးတော့ မေမေက စွန့်သွားတယ်၊ ဖေဖေက အရက်နဲ့ဖဲနဲ့ပဲ မျော်နေတယ်၊ ငါက မေတ္တာမရဘူးတော့ ငါ့မေတ္တာကိုလဲ မပေးချင်ဘူး၊ အဲဒီစိတ်က လူတွေကို နားမလည်သလို မုန်းသလိုကြီး ဖြစ်နေတာပဲထင်တယ်၊ ဒါပေမယ့် ငါနင့်ဆီက မျှော်လင့်စရာတွေ အများကြီးကို တွေ့လာတယ်လေ"

ပြောပြီး သက်ပြင်းကိုချသည်။ ထားသက်ပိုင်ကလည်း မျက်လွှာကိုချလျက် ငြိမ်သက်နေတာတွေ့သည်။

"တလွဲမထင်နဲ့နော် ထားသက်ပိုင်၊ ငါမျှော်လင့်စရာ တွေ အများကြီးလို့ပြောတာ၊ နင့်ပစ္စည်းဥစ္စာ၊ နင့်ချမ်းသာမှုကို ပြောတာမဟုတ်ဘူး၊ ငါမရခဲ့ဖူးတဲ့ အကြင်နာ အယုအယ တွေ အလိုက်သိမှု နားလည်မှုတွေ ဒါတွေအားလုံး နင့်ဆီက ငါပြန်ရရင် ဘယ်လောက်ကောင်းမလဲဆိုတဲ့ မျှော်လင့်ချက်တွေ ငါ့မှာ ဖြစ်လာတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ နင့်ကို နားလည်ပါတယ်"

စကားသံ တိုးတိုးလျလျသည် ထားသက်ပိုင်၏ နှုတ်မှ ခပ်ဖွဖွ ထွက်လာသည်။

"နင် ယုံမလား မသိဘူး"

"ဘာလဲ"

"ငါ အခုလို စိတ်ရော၊ အနေအထိုင်ရော ပြောင်းသွားအောင်လုပ်ပေးခဲ့တာ ဆရာနဲ့နင်ပဲ၊ ဆရာက ဆုံးမတယ်၊ လမ်းကြောင်းပြတယ်၊ နင်နဲ့ပတ်သက်လို့က အားမာန်တွေ မျှော်လင့်ချက်တွေ ငါရတယ်"

သူ့ကို ငေးကြည့်ရင်း နားထောင်နေမှန်း သိသည်။ ခြစ်ပြီးသွားသော အုန်းသီးခွံကို ဘေးမှာချလိုက်၏။

အနားမှ ပဝါဖြင့် လက်သုတ်သည်။

"လိုရင်း ပြောရရင်တော့ဟာ နင့်အတွက် ငါလူကောင်းတစ်ယောက်ဖြစ်ချင်တယ်၊ နင့်ဘဝနဲ့ နီးစပ်အောင် ငါ့ဘဝ မြင့်မြင့်မားမားဖြစ်အောင် ကြိုးစားချင်တယ်၊ ဒါပါပဲ၊ တစ်မြို့လုံးက အပယ်ခံဘဝမှာနေခဲ့ဖူးတယ်၊ ဂရုမစိုက်ဘူးဆိုပြီး ဆက်ဆိုးခဲ့တာ





နင့်ကို ချစ်တဲ့စိတ်ကြောင့် နင့်နဲ့ ပတ်သက်ပြီး ဂရုစိုက်စရာတွေ အများကြီးဆိုတာ သိလာတယ်ဟာ"

"အခု နင်အချိုးပြောင်းသွားတယ် ဆိုတာ၊ ကျောင်းမှာ သူတော်တော်များများ သိကြတာပဲ၊ ကောင်းတဲ့ဘက်က ပြောင်းသွားတာ ဝမ်းသာစရာပေါ့ဟာ"

"အဲဒါ နင့်ကြောင့် နင်ယုံ"

ပြောပြီး အကြည့်ဆုံသည်။ ထားသက်ပိုင်က ပြုံးတုံ့တုံ့နှင့် ပြန်ကြည့်နေ၏။

"ဖြေလေ"

"ဘာဖြေရမှာလဲ"

"ယုံလား ဆိုတာ"

"အင်း . . . ငါသွားတော့မယ်"

ပြောပြီး ရုတ်တရက် ထလိုက်သည်။ ထားသက်ပိုင်လက်ထဲမှာ ကိုင်ထားသည့် လက်ကိုင်ပဝါလေး ပြုကျ၏။

ထားသက်ပိုင်က ပြန်ကောက်ရန်ပြင်သည်။ သူက လှမ်းကောက်ယူရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"မပေးတော့ဘူး . . . ငါသိမ်းထားမယ်"

ဟု ပြောရင်း မော့ကြည့်၏။

ထားသက်ပိုင်က ဘာမှ မပြောဘဲ လှည့်ထွက်သွားသည်။ ထားသက်ပိုင်၏ လက်ကိုင်ပဝါအဖြူလေးကို သူ ငုံ့ကြည့်ပြီး ယုယစွာ ခေါက်လျက် အကျီအိတ်မှာ ထည့်သည်။

"ဘယ်လိုလဲ သူငယ်ချင်း . . . ခြစ်လို့မပြီးသေးဘူးလား"

အောင်မြတ်ကျော် ရောက်လာရင်းမေးသည်။

အောင်မြတ်ကျော်၏ မျက်နှာစပ်ဖြဲဖြဲကို ကြည့်ရင်း . . .

"ပြီးပြီလေကွာ၊ အုန်းသီးကုန်ပြီ"

ဟု သူပြော၏။

"ငါ လှမ်းကြည့်နေတာ အကုန်မြင်တယ်၊ ဘယ်လိုလဲ အခြေအနေ"

"ငါ နောက်မှ ပြောမယ်ကွာ"

ဟု သူစကားကို ဖြတ်လိုက်၏။

ရင်ထဲမှာ ကြည်နူးစိတ်ဖြင့် ယောက်ယက်ခတ်နေတာကို တော့ ဘာသာအသိပင်။



# အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com

(၁)

စာမေးပွဲ အောင်စာရင်းတွေထွက်တော့ သူ့ရေ
ထားသက်ပိုင်ပါ အောင်သည်။ အောင်မြတ်ကျော်လည်း အော
သည်။ သူ့ဘဝအတွက် ပထမဆုံးလှေကားထစ်ကို ဖြတ်ကျော်
နိုင်ပြီဆိုသော အသိဖြင့် စိုးဝေ ရင်ထဲမှာ ကြည်နူး ကျေန
နေပြန်၏။

"သား ကြိုးစား ဘာမှ မပူနဲ့၊ သားပညာရေးအတွင်
ကြီးကြီးတင် အားလုံးတာဝန်ယူမယ်၊ နောက်ဆုံး ဒီအိမ်





ရောင်းလိုက်ရင် ခုခေတ်ဈေးနဲ့ဆိုရင် တော်တော်ရမယ်၊ ဝယ်ချင်တဲ့လူတွေလဲ အများကြီးရယ်၊ သားနဲ့ ကြီးကြီးတင် အိမ်လေးတစ်လုံး ငှားနေကြတာပေါ့"

သူ စာမေးပွဲအောင်သည့်နေ့က ကြီးကြီးတင်က သူ့ကို အားပေးစကားပြောသည်။

"အဖေ အမေမရှိလို့ ဆုံးမမယ့်သူ မရှိလို့ ပျက်စီးရတယ်ဆိုတာမျိုး မဖြစ်စေနဲ့သား၊ သား အခုဆယ်တန်း အောင်လိုက်တာဟာ ဒီမြို့ကလူတွေ သားအပေါ် အမြင်တစ်မျိုး ပြောင်းဖို့ဖန်တီးပေးလိုက်တာပါပဲ"

သူနှင့်အောင်မြတ်ကျော် နှစ်ယောက်စလုံး ဆယ်တန်းကို အောင်သည်ဆိုတော့ ပတ်ဝန်းကျင်က အံ့သြကြသည်။

သူတို့ နှစ်ယောက်စလုံးကို ပေပေတေတေ လူဆိုးလေးတွေဟု သတ်မှတ်ထားကြသည်မို့ ဆယ်တန်းကို နှစ်ချင်းပေါက်အောင်သည်ဆိုတော့ မယုံချင်ကြ။

သူတို့တွေ အချိုးပြောင်းသွားတာကို သိကြသည့် ဆရာဆရာမတွေက ချီးကျူးစကားဆိုကြသော်လည်း မြို့ထဲက



www.burmeseclassic.com

www.burmeseclassic.com



လူတွေကတော့ ကံကောင်းလို့ အောင်တာပါဟု ပြောဆိုနေ
ပြန်သည်။

ဘယ်လိုဖြစ်ဖြစ် သူတို့၏ ကြိုးစားမှု အသီးအပွင့်
သူတို့ စတင် တွေ့မြင်ကြရသည်မို့ စိုးဝေကတော့ အားတက်
မြန်သည်။

ကြီးကြီးတင် ပြောပြသည့် စကားကို စိုးဝေ
အောင်မြတ်ကျော်ကို ပြန်ပြောပြလိုက်၏။

"ဟာ ဒါဆို မင်းတက္ကသိုလ်တက်ဖို့ ဘာမှ အခက်အ
မရှိတော့ဘူး၊ အစက ငါမင်းအတွက် စိုးရိမ်နေတာ ထားသက်
သိရင်လဲ ဘယ်လောက်ပျော်မလဲ မသိဘူး၊ ဟိုနေ့က ငါနဲ့ေ
တော့ စိုးဝေ ဘာဆက်လုပ်မယ်စိတ်ကူးလဲ မသိဘူးလို့ ပြော
သေးတယ်"

"အစကတော့ ငါလဲ အလုပ်လုပ်ရင်း အပြင်ကပဲ စာ
စာယူ တက်မယ် စဉ်းစားထားတာ၊ ကြီးကြီးတင်က လက်မခံ
အရင်းအနှီးဆိုတာ လိုအပ်ရင် ရင်းနှီးရမှာပဲတဲ့၊ အိမ်ရောင်း
အလကားထိုင်သုံးမှာမှမဟုတ်ဘဲ ပညာရေးအတွက် ရင်းနှီး





လို့ ပြောတယ်၊ ကြီးကြီးတင် သဘောကတော့ကွာ ငါ့ကျောင်း
စရိတ်သုံးမယ် ပြီးတော့ ငွေတိုးလေး ဘာလေး ချေးငှားပြီး တို့နှစ်
ယောက် စားစရိတ်ရှာမယ်ပေါ့"

"မင်းတို့အိမ်က နေရာကောင်းတယ်၊ ရောင်းရင် တော်
တော်ရမှာပဲ"

"ဝယ်ချင်တဲ့ သူတွေရှိတယ်လို့ ကြီးကြီးတင်ပြောနေ
တယ်"

"ဩော် . . နေဦး ထားသက်ပိုင်က သူ့ဂုဏ်ထူးတစ်ခု
ပါလို့ ကျွေးမယ်၊ ဘာစားမလဲ မေးတယ်၊ ဒါနဲ့ ငါလဲ ရွှေဟသ်ာမှာ
လိုက်ကျွေးလို့ ပြောတယ်"

"ရွှေဟသ်ာက မြို့ပြင်မှာပဲ"

ရွှေဟသ်ာစားသောက်ဆိုင်သည် မြို့အစွန်က်မှာရှိပြီး
ရန်ကုန်ပြည် ကားတို့ စခန်းချ စားသောက်သည့်ဆိုင်မို့ သူက
အောင်မြတ်ကျော်ကို ကြည့်ရင်း ပြောလိုက်သည်။

"ဟုတ်တယ်လေ၊ တမင် မြို့ပြင်က ဆိုင်ကို ငါရွေး
လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ အောင်မြတ်ကျော်"

"မင်းကလဲကွာ မြို့ထဲက ဆိုင်တစ်ဆိုင်မှာ စားသောက်ကြရင် ထားသက်ပိုင်အိမ်က ပြန်သိသွားနိုင်တာပေါ့"

"ငါတို့က သူ့အိမ်က မသိအောင် လိုက်စားရမှာလား"

"ဒါကတော့ကွာ၊ မင်းနဲ့ ငါ့ကို ကျွေးမှာဆိုရင် သူ့အိမ်ကလဲ ဘယ်သဘောတူမှာတဲ့လဲ၊ ငါတို့နဲ့ အပေါင်းအသင်းမလုပ်စေချင်တဲ့ဟာ၊ သူကတော့ သူ့အိမ်ကို သူငယ်ချင်းတွေကျွေးမယ်လို့ပဲ ပြောချင်လဲ ပြောမှာပေါ့၊ ဒါက သူ့အတွက်စဉ်းစားတာ၊ ပြီးတော့ မင်းနဲ့ ထားသက်ပိုင် လွတ်လွတ်လပ်လပ်အေးအေးဆေးဆေး စကားပြောစေချင်လို့၊ ဒါက မင်းအတွက်"

"ကားဂိတ်က ဆိုင်ဆိုတော့ လူပိုရှုပ်တာပေါ့ကွာ"

"မင်းကလဲကွာ၊ ကားတွေ ဝင်တဲ့ ထွက်တဲ့ အချိန်သိနေတာပဲ၊ အဲဒီအချိန်နဲ့ လွဲပြီးသွားမှာပေါ့၊ နင့်ကို စိုးဝေကလဲစကားပြောစရာရှိတယ်လို့ ငါ့ကိုပြောတယ်လို့ ငါပြောထားတယ်ပထမ သူက မြမြဦးကို ခေါ်ခဲ့မယ်တဲ့၊ ငါက ဖြစ်နိုင်ရင်း မခေါ်ခဲ့နဲ့စိုးဝေက နင့်ကို တိုင်ပင်စရာရှိလို့လို့ ငါပြောခဲ့တယ်၊ မနက်ဖြန်





ငါပဲ့ဟိုတာသာ ရွှေဟသာမှာ သွားစောင့် နေရုံပဲ၊ ညနေ သုံးနာရီမှာသူဘာသာ လိုက်လာလိမ့်မယ်"

"ညနေ သုံးနာရီဆိုတော့ ကိုးလိုးကန့်လန့်"

"မတတ်နိုင်ဘူး၊ လူရှင်းမယ့်အချိန် ရွေးလိုက်တာပဲ၊ မနက်စာကို စောစော စားထားပေါ့ကွာ"

"ငါ ထားသက်ပိုင်ကို တကယ်တွေ့ချင်နေတယ်ဆိုတာတော့ အမှန်ပဲ အောင်မြတ်ကျော်၊ ဆရာ့အိမ်ကို ငါသွားရင်လဲခါတိုင်းလို သူရောက်မလာတတ်တော့ဘူး"

"ငါ သိတယ်၊ ဒါကြောင့် ငါအမိအရ ချိန်းလိုက်ရတာ"

"မနက်ဖြန်နော်"

အောင်မြတ်ကျော်က ခေါင်းကိုညိတ်ပြသည်။

အတွေးဖြင့် ထားသက်ပိုင်ကို မြင်ယောင်လာသည်။ အာရုံမှာ ထားသက်ပိုင်၏ အသံကို ကြားယောင်မိ၏။

အကြည့်မှာ ဝေ့ဝဲနေတတ်သည့် ကရုဏာငွေ့ကို အောက်မေ့တမ်းတနေမိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

(၂)

အဲဒီနေ့မနက်ကစပြီး စိတ်တွေ လှုပ်ရှားနေတာကိုတော့ မိမိဘာသာ အသိဆုံးပင်။ ဖေဖေဆုံးပြီးသွားကတည်းက ကြီးကြီး တင်က မြင်းလှည်းမမောင်းနဲ့တော့၊ ငါ့ရှိတာလေးပဲ ထုခွဲစားမည် ဆို၍ မြင်းလှည်း မမောင်းဖြစ်တော့သဖြင့် အလုပ်လည်း မည်မည်ရရ မရှိပြန်။

နောက်ဆုံးတော့ ငှားလာသည့် စာအုပ်တစ်အုပ်၏





ဖတ်နေမိပြန်၏။ စာထဲမှာ စိတ်ကို နှစ်ထားမိသော်လည်း အာရုံက ထားသက်ပိုင်ဆီမှာ ဖြန့်ကျက်သည်။

ဝတ္ထုစာအုပ်ထဲက ဇာတ်ကောင်မင်းသမီးလေး၏ ဆံပင်ကို စာရေးဆရာဖွဲ့ထားတာကတခြား၊ သူ့အတွေးမှာတော့ ဆံပင်အားလျား ထုကောင်းကောင်းနှင့် ထားသက်ပိုင်၏ ဆံပင်တွေကို မြင်ယောင်နေမိပြန်၏။

မနက်ပိုင်းမှာ မိုးဖွဲဖွဲရွာနေတာကို ကြည့်ရင်း ညနေမှာသည်မိုးတိတ်ပါ့မလား စိုးပူပြန်သည်။ မိုးရွာထဲမှာ သူ့ခမျာလာရခက်နေမလား စိုးရိမ်တွေး တွေးသည်။ မိန်းကလေး တစ်ယောက်အတွက် အိမ်က ထွက်ရမှာခက်မည်ဟု စာနာမိပြန်၏။

နေ့လယ်ဘက်မှာ အောင်မြတ်ကျော် ရောက်လာတော့ သူတော်တော်ပျော်သွားသည်။ ကြီးကြီးတင်ကိုပြောပြီး အောင်မြတ်ကျော် စက်ဘီးနှင့် ထွက်လာခဲ့၏။

"ရွှေဟင်္သာ သွားမလား"

ဟု သူမေးတော့ အောင်မြတ်ကျော်က သူ့ကို ပြုံးကြောင်ကြောင် လှမ်းကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်တာလဲ နာရီလဲ ပြန်ကြည့်ပါဦး၊ အခုမှ ဆယ့်တစ်နာရီကျော်ရုံပဲရှိသေးတာ၊ ချိန်းထားတာက သုံးနာရီ"

"မသိဘူးလေကွာ"

"စိတ်မငြိမ်တာကတော့ အမှန်ပဲ၊ မနက်ကတည်းက ဘာလုပ်ရမှန်းမသိ ဖြစ်နေတာ၊ ဒါဖြင့် အခု ဘယ်သွားမှာလဲ"

"လက်ဖက်ရည်ဆိုင် ခဏသွားရအောင်"

စက်ဘီးနောက်က သူခုန်းတက်လိုက်သည်။ သူတို့ထိုင်နေကျ လက်ဖက်ရည်ဆိုင်ကို သွားမည်ဟု သိ၏။

"ထားသက်ပိုင်နဲ့ ပတ်သက်လို့ ငါသတင်းတစ်ခု ရလာတယ်"

"ဟုတ်လား"

မေးလိုက်ရင်း ကိုယ်ကို တိမ်းလိုက်မိ၏။

စက်ဘီးလက်ကိုက်က ခါယမ်းသွားသည်။

"ဘယ်လိုဖြစ်သွားတာလဲကွာ၊ စက်ဘီးတောင်လဲတော့မယ်၊ မင်းက ဂနာကို မငြိမ်ဘူး"

"မင်းက ထားသက်ပိုင်အကြောင်း ပြောတာကိုး"





"နေဦး ရောက်တော့မယ်၊ ငါဆိုင်ရောက်မှ ပြောတော့မယ်"

သူ ဘာမှန် ပြန်မပြောတော့။ ထားသက်ပိုင်အကြောင်းက ဘာဖြစ်နိုင်သလဲ ဆိုသည့် အတွေးက ခေါင်းထဲရောက်လာပြန်သည်။

လက်ဖက်ရည်နှစ်ခွက်မှာသည်။

"ပြောလေကွာ"

"ပြောမှာပါကွာ . . . မင်းကလဲ"

"အခုချိန်မှာတော့ ထားသက်ပိုင် အကြောင်းက ငါ့အတွက် စိတ်ဝင်စားစရာ အကောင်းဆုံး အကြောင်းအရာပဲ"

"ငါညီမနဲ့ ထားသက်ပိုင်ရဲ့ ညီမ ဝမ်းကွဲနဲ့က တစ်တန်းတည်း သူငယ်ချင်းကွ"

"ထားသက်ပိုင် ညီမ ဝမ်းကွဲ"

"ဟုတ်တယ်လေကွာ၊ ထားသက်ပိုင်မှာ ညီအစ်ကိုမောင်နှမ မရှိဘူး၊ သူ့အမေကလဲ တစ်ဦးတည်းသောသမီး၊ သူ့အဖေဘက်တော့ ရှိလား မရှိလားမသိဘူး၊ ဒါပေမယ့် မြို့က



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးတဲ့၊ အခု ညီမဆိုတာက နှစ်ဝမ်းကွဲလား ဘာလားပဲ၊ သိပ်တော့ မရင်းဘူး၊ ဒါပေမယ့် ထားသက်ပိုင်တို့အိမ်နဲ့ မျက်နှာချင်းဆိုင် တစ်ထပ်တိုက်ကလေးမှာ နေတာ"

"အင်း ပြောပါဦး"

"ထားသက်ပိုင်မှာ လူကြီးချင်း ရည်စူးပြီးပြောဆိုထားတာရှိတယ်တဲ့"

"ဟုတ်လား"

ကြားရသည့်သတင်းသည် ရင်ကို ဆို့စေ၏။

"ဟုတ်တယ်၊ အခုတော့ ထားသက်ပိုင်လဲ ငယ်သေးတာပဲ ပြီးတော့ ပညာသင်တုန်း ဆိုတော့ စီစဉ်စရာအကြောင်းရှိချင်ရှိမှာပေါ့၊ ဒါပေမယ့် တစ်နေ့ လက်ထပ်ရင် ဒီလူနဲ့ပဲ လက်ထပ်ရမယ်ဆိုတာ သူတို့ ဆွေမျိုးထဲမှာအထိ သိနေကြ တယ်၊ လူကြီးချင်းက စီးပွားဖက်တဲ့၊ ဘယ်သူ ဘယ်ခါဆိုတာတော့ မပြောဘူး"

အပြင်ကို ငေးနေမိရင်း သက်ပြင်းကို ချမိပြန်၏။

"ထားသက်ပိုင် သိလား"





"သိနိုင်တယ်၊ သူတို့ဆွေမျိုးတွေတောင် သိတယ်ဆိုတော့ ထားသက်ပိုင်ကိုလဲ အသိပေးထားပုံရတယ်"

"ဒါ . . . လူကြီးတွေ ကိစ္စပဲကွာ"

"အေး . . ငါ အဲဒါပြောမလို့ မင်းဘက်က ထားသက်ပိုင် တစ်ယောက်ပဲရှိမယ်၊ ထားသက်ပိုင် မင်းဘက်မှာ ရှိနေဖို့ အရေးကြီးတာ"

"သူက အဲဒီလူကို လက်ခံထားလား"

"ဟ . . . ငါ ဘယ်လိုလုပ်သိမှာလဲ"

"ငါ ဒါပဲ သိချင်တာ"

"ငါက ထားသက်ပိုင်ကိုတော့ ယုံတယ်၊ ထားသက်ပိုင်က ပြတ်တယ်၊ ဟိုလိုလို ဒီလိုလို သမား မဟုတ်ဘူးကွ၊ သူလုပ်ချင်တာ မှန်တယ်ထင်ရင် လုပ်ရဲတယ်၊ ခပ်ပျော့ပျော့ မိဘစီမံတဲ့အတိုင်း ခေါင်းညိတ်မယ့် မိန်းမမျိုးတော့ ငါမထင်ဘူး၊ ဆရာကြီးဦးကြည်ဆွေကလည်း ပြောဖူးတာပဲ၊ ထားသက်ပိုင် စရိုက်က ဒိုးဒေါက်ဒေါက်တဲ့၊ မင်းကိုလဲ သူညာမှာတော့ မဟုတ်ဘူး"

"ဒါဆို ငါဖွင့်မေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မေးကြည့်လေ၊ အဲဒါ မင်းမေးလို့ရအောင် ငါပြောတာ ညနေတွေ့တော့ မင်းမေးသင့်တယ်ထင်ရင် မေးကြည့်ပေါ့ကွာ"

"ဟုတ်တယ်၊ မေးဖို့ အခြေအနေမရောက်လာတော့လဲ မမေးဘဲ နေလိုက်ရုံပေါ့ကွာ၊ ငါက အစကတည်းက သူ့ကို ချစ်ရုံနဲ့ ကျေနပ်ပြီးသားပါ၊ သူ့ဆီက ဘာမှ ပြန်မမျှော်လင့်ဘူး တစ်ခုတော့ရှိတာပေါ့၊ သူ့ကို ချစ်စိတ်နဲ့ သူ့အိမ်က လက်ခံနိုင်တဲ့ အနေအထား ငါကြိုးစားချင်တယ်"

အောင်မြတ်ကျော်က လာချပေးသည့် လက်ဖက်ရည် ပန်းကန်ကို လှမ်းယူသည်။

"မင်းပြောတာက သူ့အိမ်က လက်မခံရင် ဆက်မကြိုးစားတော့ဘူးလား၊ ငါဆိုလိုတာက သူ့အိမ်က သူ့ကိုသဘောတူတဲ့လူ ရှိပြီးသားမို့ လက်ခံမယ့်အနေအထား မရှိတော့ဘူး ဆိုတာ သိရင် မင်းဘာဆက်လုပ်မလဲ"

ကြည့်ရင်းမေးသည်။

"ဒါက ရှင်းပါတယ်၊ ထားသက်ပိုင်အပေါ်မှာ တည်တာပဲဟာ၊ ထားသက်ပိုင် အိမ်ထောင် မပြုမချင်း ငါမျှော်





လင့်ချက်နဲ့ ကြိုးစားလို့ရနေတာပဲ၊ သူ့အိမ်က လက်မခံနိုင်ရင် တောင် သူမျက်နှာမငယ်ရတဲ့အနေအထားမျိုး ဖြစ်လာအောင် ငါကြိုးစားရမှာပဲပေါ့"

ချထားသော လက်ဖက်ရည်ပန်းကန်ကို လှမ်းယူသည်။

"အေး ငါ အဲဒါ ဖြစ်စေချင်တာပါ၊ မင်းက စိတ်ဓာတ် ကျသွားပြီး အရင်လို ပြန်ဖြစ်သွားမှာ စိုးလို့"

"စိတ်ချပါကွာ၊ ဘယ်တော့မှ မဖြစ်စေရဘူး"

သောက်ပြီး လက်ဖက်ရည်ပန်းကန်ကို ပြန်ချသည်။

"ငါတို့ ဒီမှာပဲ အချိန်ဖြုန်းရအောင် နှစ်နာရီလောက်ဆို ဒီကထွက်မယ်၊ ဟိုကို စောစောသွားစောင့်တာပေါ့"

သူခေါင်းညိတ်ပြလိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com

## (၃)

ညနေဘက်မှာ ရာသီဥတုက သာသည်။ မိုးရိပ်မိုးငွေ့ကို မတွေ့ကြချေ။ အောင်မြတ်ကျော် တွက်ကိန်းက မှန်သည်။ ရန်ကုန်လေးတွေ ဝင်သွားပြီမို့ ဆိုင်မှာ လူရှင်းနေသည်။ အတွင်းစားပွဲမှာ သူတို့နှစ်ယောက် ဝင်ထိုင်လိုက်ကြသည်။ စပတ်ကလင် တစ်ပုလင်းစီမှာသောက်ရင်း ထားသက်ပိုင်ကို စောင့်သည်။လက်မှနာရီကို သူခဏခဏ အကြည့်ရောက်၏။





"စိတ်မစောပါနဲ့ကွာ၊ လာမှာပါ"

ဟုအောင်မြတ်ကျော် သူ့ကိုပြောသည်။

ထိုင်နေရာ ပြတင်းမှ လှမ်းကြည့်လျှင် ရွှေပြည်အေးစေတီသည် သိပ်မဝေးလှ။ သူတို့မြို့၏ တန်ခိုးကြီးစေတီ တစ်ဆူဝင်။ ဆိုင်ဘေးမှ စေတီသို့သွားရာ လမ်းသည် ကျောက်ခင်းထားသော်လည်း လမ်းကကြမ်းသည်။ လမ်းကတောင်ခြေအထိတော့ ရောက်သည်။ဘုရားပွဲချိန်မှာဆို ဘုရားကုန်းတော်မှာ လူပြည့်နေတတ်သော်လည်း အခုချိန်မျိုးမှာတော့ လူပြတ်သည်။ ဘုန်းကြီးကျောင်းတစ်ကျောင်းသာ ဘုရားကုန်းမှာ ရှိနေသည်။

ပြတင်းမှစေတီတော်ကို လှမ်းမျှော်ဖူးရင်း စိုးဝေအတွေးဘ ဟိုရောက်သည်ရောက် ပျံ့နှံ့နေသည်။

"ဟိုမှာ လာပြီ"

သုံးနာရီစွန်းစွန်းမှာ ဆိုင်ရှေ့သို့ ထားသက်ပိုင်ရောက်လာတာတွေ့၏။ ပြတင်းမှ အပြင်ကို ငေးနေသည့် သူ့ကို အောင်မြတ်ကျော် လှမ်းပြောသည်။ ခရမ်းရောင် လုံခြည်ပြောင်နှင့် အနက်ရောင် စပို့ရှပ်ကို ထားသက်ပိုင် ဝတ်လာ၏။ ဆံပင်ကို



www.burmeseclassic.com

www.burmeseclassic.com



ကျော်မှာ ဖားလျားချထားသည်။ စက်ဘီးကိုထားပြီး ဆိုင်ထဲ လှမ်းဝင်လာတာ သူငေးရီကြည့်နေလိုက်မိ၏။

"ရောက်တာ ကြာပြီလား"

အနားရောက်တော့ ထားသက်ပိုင်က ခပ်ပြုံးပြုံး မေးသည်။ ပြီးတော့ သူတို့နှစ်ယောက်ကြားမှ ခုံမှာ ဝင်ထိုင် လိုက်၏။ သားရေပိုက်ဆံအိတ် အနက်ကလေးကို စားပွဲ တင်လိုက်သည်။

"ဒီကောင် ဂနာမငြိမ်တာနဲ့ အစောကြီးကတည်း ရောက်နေတာ"

ဟု အောင်မြတ်ကျော် ပြောသည်။ သူဘာမှ ပြန်မ မိ။ ထားသက်ပိုက်က ခပ်ပြုံးပြုံး လှမ်းကြည့်သည်။

"မိုးမရွာလို့ တော်သေးတယ်၊ မိုးရွာရင် ထွက်ရခက် အိမ်က စစ်လား၊ ဆေးလားတွေ လုပ်ဦးမှာ၊ ကဲ မှာကြ ဘာစားကြမှာ"

ဟု ပြော၏။

"အချိန်လဲ နည်းနည်းစောတယ်၊ သိပ်လည်းမဆာ ထမင်းကြော်ဖြစ်ဖြစ်၊ ခေါက်ဆွဲကြော်ဖြစ်ဖြစ် တစ်ခုခုပဲ စားကြတာပေါ့"

ဟု အောင်မြတ်ကျော် ပြောသည်။

"ထမင်းစားပါလား"

"ရပါတယ် ထားသက်ပိုင်၊ အောင့်မြတ်ကျော် ပြောသလို ဲ ကောင်းပါတယ်"

"ကြိုက်တာစားနော်၊ ထားက အောင်မြတ်ကျော် ပြောသလို ဂုဏ်ထူးတစ်ခုပါလို့ ကျွေးတာ မဟုတ်ဘူး"

ထားသက်ပိုင်က သူ့ကိုယ်သူ ထားဆိုသည့် နာမ်စားသုံးလိုက်တာကို သူသတိထားလိုက်မိပြန်၏။

"ဒါဆို ဘာလို့လဲ"

ဟု အောင်မြတ်ကျော်က မေးသည်။

"သန်ဘက်ခါဆို ထားရဲ့မွေးနေ့လေ၊ ဆယ့်ရှစ်နှစ်ပြည့်တာ၊ အိမ်မှာ ဆွမ်းကျွေးမယ်၊ ဆွမ်းကျွေးဖိတ်ချင်ပါတယ်၊ ဒါပေမယ် သိတယ် မဟုတ်လား"

ထားသက်ပိုင်က စကားကို ဖြတ်သည်။





www.burmeseclassic.com

www.burmeseclassic.com



"ထားသက်ပိုင် အိမ်ကဘယ်ကြိုက်မှာလဲ ဟုတ်ဘူးလ

ဟု သူပြောလိုက်သည်။

"မင်းကလဲကွာ၊ ဒီလောက် ရင်းနှီးနေပြီပဲ၊ ထား

ခေါ်ပေါ့၊ ထားသက်ပိုင်လို့ ခေါ်ရတာ ရှည်ပါတယ်"

အောင်မြတ်ကျော်က ခပ်ပြုံးပြုံးနှင့် ပြောသည်။

"နင်တို့ ကြိုက်သလိုခေါ်၊ ငါက အိမ်မှာ ကိုယ့်ဟာ

ထားလို့ ပြောနေကျဆိုတော့ တစ်ခါခါ ထားပြောလိုက်၊ တစ်

ငါပြောလိုက်ဖြစ်နေတာ"

"နေပါဦး၊ အခု ရှစ်ဆယ့်ခြောက်နော်"

မူပြောရင်းသူက ဆိုင်နံရံမှ ပြက္ခဒိန်ကို လှမ်းကြည့်

၏။

"မင်းကလဲကွာ၊ ခုနှစ်တောင် မမှတ်မိတော့ဘူး

နင့်မျက်နှာမြင်ရင် ဒီကောင် အားလုံးကို မေ့သွားလား မသိ

"ဟာကွာ"

ထားသက်ပိုင် ရှက်သွားမည်လား စိုးရိမ်စိတ်

အောင်မြတ်ကျော်ကို သူ လှမ်းကြည့်သည်။





"ဟုတ်တယ်၊ ရှစ်ဆယ့်ခြောက်လေ၊ ဘာဖြစ်လို့လဲ"

ထားသက်ပိုင်က သူ့ကို ကြည့်ရင်းပြောသည်။

"ဒါဆို ခြောက်ဆယ့်ရှစ် မွေးတာပေါ့"

"အင်း . . . ဟုတ်တယ်"

"ငါ့ထက် နှစ်နှစ်လောက်ငယ်တယ်၊ ညီမလေး ထားပေါ့"

ဟု သူ နောက်ပြော ပြောသည်။

"မင်းက ငါ့ထက်တစ်နှစ်ငယ်တယ်"

အောင်မြတ်ကျော်က ပြောရင်း . . .

"ကဲ . . ကဲ ဘာမှာမှာလဲ၊ ပြီးမှစကားပြော"

ဟု ဆက်သည်။

"ထမင်းကြော်ဂဲ စားမယ်"

"နင်ရော"

"အတူတူပေါ့"

"ဒါဆို ထမင်းကြော်သုံးပွဲ မှာလိုက်မယ်"

ပြောပြီး အောင်မြတ်ကျော် နေရာမှ ထသည်။

ထမင်းကြော် သုံးပွဲ သွားမှာလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုခု သောက်ဦးမလား ထားသက်ပိုင်"

"တော်ပြီ"

"မင်းကျတော့ ဘာလို့ ထားလို့ မခေါ်လဲ"

သူလှမ်းပြော၏။

"နှုတ်က ကျိုးနေပြီကွ"

"ဒါဆို မင်းမခေါ်နဲ့၊ ငါပဲခေါ်မယ်"

"ခေါ်ပါကွာ"

အောင်မြတ်ကျော် ခပ်ပြုံးပြုံးပြောရင်း သူ့နေရာမှာ ဝင်ထိုင်လိုက်၏။

"အောင်မြတ်ကျော်က ပြောတယ်၊ စိုးဝေပြောစရာ ရှိတယ်ဆို "

ထမင်းကြော်စားပြီးတော့ ထားသက်ပိုင်က ကြည့်ရင်း မေးသည်။

"ဒီလိုလုပ်ကွာ၊ အချိန်လဲ ရသေးတာပဲ၊ မင်းပြောစရာရှိတာကို အေးအေး ဆေးဆေးပြောလို့ရအောင် ဘုရားပေါ် သွားကြ၊ ငါ ဒီက စောင့်မယ်"





အောင်မြတ်ကျော်က တမင်ဖန်တီးပေးပြီဟု သူနားလည်၏။

"မင်းပြောတာ မဆိုးဘူး၊ ထား ခဏ လိုက်နိုင်မလား"

မျက်နှာကို ကြည့်ရင်းသူပြောသည်။

"လိုက်သွားပါ၊ ဒီမှာထက် ဘုရားပေါ်က စကားပြောလို့ ကောင်းတယ်"

အောင်မြတ်ကျော် တိုက်တွန်း၏။

"ဒါဆိုလဲ ရတယ်လေ"

ထားသက်ပိုင် နှုတ်မှထွက်လာတော့ သူ့ရင်ထဲမှာ ပျော်ရွှင်ကြည်နူးသွားသည်။

"လာ . . . သွားစို့ ထား"

သူ ထရပ်လိုက်၏။

"နိုးနိုးလေးပဲ ခြေကျင် လျှောက်သွားကွာ"

အောင်မြတ်ကျော်ကတော့ အသေးစိတ် ဒါရိုက်တာ လုပ်နေပြီဟု သူနားလည်လိုက်၏။ ထားသက်ပိုင်က ပိုက်ဆံရှင်းချင် ရှားထားမယ်ဆိုတော့ ပြန်လာမှ ရှင်းပါဟု အောင်မြတ်



www.burmeseclassic.com

www.burmeseclassic.com



ကျော် ပြောသည်။ သူတို့နှစ်ဦး ဆိုင်ထဲမှ ထွက်ပြီး ဘုရား ဦးတည်သော လမ်းကလေးသို့ လျှောက်၏။

ကျနေသည် သူတို့နှစ်ဦးအပေါ်မှာ ဖြာလျက်ရှိသည် အတူတူ ယှဉ်တွဲ လျှောက်ရင်း သူ့ရင်ထဲမှာ တလှပ်လှ ခုန်နေမိပြန်၏။

"ပြောလေ . . . ဘာပြောမှာလဲ"

ဟု ထားသက်ပိုင် စကားစ၏။

"ဘယ်က စပြောရမှန်း မသိတော့ဘူးဟာ၊ စိတ်ထဲ ရှိတာတွေ အားလုံးပြောမယ်၊ အစီအစဉ်တကျ ဖြစ်ချင်မှ ဖြစ်မယ်"

သူ စကားစ၍ ဖျိုးသည်။ ထားသက်ပိုင်က ခေါင်းငုံ့ လျှောက်ရင်း နားထောင်နေဟန်ပြု၏။

"ငါ နင့်ကို သိပ်ချစ်တယ်၊ အဲဒါ နင်သိပါတယ်"

ပြောရင်း လှည့်အကြည့်မှာ ထားသက်ပိုင်က နှုတ်ခမ်း ကို ကိုက်ထားတာ တွေ့၏။

"ပထမတော့ နင့်ကို ငါချစ်တယ်ဆိုတာ သိရုံပဲ သိစေချင်





တာ၊ နင်သိရင် ကျေနပ်ပြီလို့ တွေးခဲ့မိတာ၊ ဒါပေမယ့် တစ်ခုခုကို မျှော်လင့်ပြီး အသက်ရှင်ချင်တယ်၊ နင့်ကိုချစ်တဲ့စိတ်နဲ့ ငါ့ဘဝကို ပြင်ပစ်ချင်တယ်၊ ငါစိတ်ကူးယဉ်တာတွေလဲ ဖြစ်ချင်ဖြစ်မှာပေါ့ ခဲဒါ . . ."

သူစကားစ ပြတ်သွားသည်။

ဘာကို ဆက်ရမည် မသိဘဲ အကြာကြီး ဆက်လျှောက် နေမိပြန်သည်။

"ကြာတော့ဟာ ရင်ထဲမှာ အစိုင်အခဲကြီးလို ဖြစ်လာတယ်၊ ငါက ငယ်ငယ်ကတည်းက ငါလိုချင်တာ ဘာမှ ခဲ့တဲ့ကောင်မဟုတ်ဘူး၊ ရမှာ မဟုတ်ပါဘူးဆိုတဲ့ အားငယ်စိတ် အမြဲရှိနေတတ်တာ၊ ဒါပေမယ့် နင့်ဆီမှာ ငါ့ဘဝအတွက် ချင်တာတွေ အများကြီးကို ငါရနိုင်တယ် ထင်လာတယ်၊ မာဟာ ငါ့အမေဆီက မရခဲ့တဲ့မေတ္တာမျိုး နင့်ဆီက ငါမျှော် လင့်လာတယ်၊ ငါ့ကို ဂရုမစိုက်တာ ကြင်နာတာ ဒါမျိုးတွေပေါ့ မပြောတတ်ဘူး၊ နင်နားလည်လားဟင် ထား"

မေးလိုက်ရင်း မျက်နှာကို လှမ်းကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါဦး"

သူ့ကို မကြည့်ဘဲ ထားသက်ပိုင် နှုတ်မှ ထွက်သည်။

"အဲဒါပဲဟာ . . . ငါ ဆက်မပြောတတ်တော့ဘူး၊ နင့်ကို ငါ ကူးပေးခဲ့တဲ့ ကဗျာလိုပဲ ငါ့အသက်ကိုတောင် ပိုင်စိုးစေချင်တယ်၊ အဲဒီလောက်နင့်ကို ငါချစ်တယ် ထား၊ နင့်ဆီက နင့်သဘောထားကို ငါပြန်သိချင်တယ်လေ၊ နောက်ဆို ငါတို့တွေ ခွဲချင် ခွဲကြရမှာပဲ"

"ဘာလို့ ခွဲရမှာလဲ"

"ဩော် . . . တက္ကသိုလ်တွေ ဘာတွေ တက်ကြရင် အတူတူတွေ ဟုတ်ချင်မှ ဟုတ်တော့မှာ၊ အဲဒီကျရင် ငါမေးချင်တာတွေ မမေးလိုက်ရဘဲ နေမှာ ငါစိုးတယ်"

"တက္ကသိုလ်တွေ ဘာတွေ တက်ဖို့က လိုပါသေးတယ်"

"ဒါပေမယ့် နင် ငါ့ကို ချစ်တယ်ဆိုတာ ငါသိချင်တယ်ဟာ"

"ဘယ်လို"

ထားသက်ပိုင်က သူ့ကို ကြည့်သည်။ သူ ထားသက်ပိုင်





သည်။

"ငါ ညကပဲ ကြီးကြီးတင်ကိုတော့ တိုင်ပင်လိုက်တယ်၊ ကြီးကြီးတင်ကတော့ ငါ့သဘောလို့ ပြောတယ်၊ ငါ တက္ကသိုလ် တက်တော့ဘူး ထား"

"ဟင် . . . ဘာဖြစ်သွားရတာလဲ"

"မဟုတ်ဘူး၊ ငါပြောမယ်၊ အိမ်ကတော့ ရောင်းဖို့ ကြီးကြီးတင် ပြောဆိုနေပြီ၊ အိမ်ရောင်းရတဲ့ငွေနဲ့ ငါ သင်္ဘော တက်မယ်စဉ်းစားတယ်၊ ဆရာ့ မိတ်ဆွေတစ်ယောက် ရန်ကုန်မှာ ရှိတယ်လို့ တစ်ခါက ပြောတယ်၊ သူ့ဆီ စာရေးပေးခိုင်းမယ်၊ သူ့အဆက်အသွယ်နဲ့ သင်္ဘောတက်နိုင်အောင် ငါလုပ်မယ်၊ ပညာရှာရမယ့် အရွယ်တော့ အရွယ်ပေါ့ဟာ၊ ငါ့အတွက် ငွေရှာဖို့ လိုပြီ ထား၊ အလုပ်ထဲက ပညာကို ငါရှာတော့မယ်၊ လုပ်ငန်းထဲမှာပဲ တစ်ဆင့်ဆင့် တိုးတက်အောင် ငါကြိုးစားမယ်၊ ငါမြန်မြန် ကြီးပွားချင်တယ်ဟာ"

"နင်ကလဲ"

ချစ်စဖွယ် မျက်စောင်းတစ်ခု သူ့ဆီရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ လောဘကြီးလို့ မဟုတ်ဘူးဟ"

"ဒါဖြင့် ဘာဖြစ်လို့လဲ တက္ကသိုလ်မှာ ဘွဲ့တစ်ခုခု ယူပြီးမှ သဘော်လိုက်ရင်လဲ ရတာပဲဟာ၊ သူများတွေ ဒီလိုပဲ လုပ်ကြတာ"

"နင့်ကို ချစ်လို့"

စူးစိုက်ကြည့်ရင်း သူပြောလိုက်သည်။

"မဆိုင်တာ"

မျက်နှာမှ ကြည်နူးရိပ်ကို တွေ့၏။

"ငါ ပြောရင် ယုံ၊ တက္ကသိုလ်က ဘွဲ့ကို ယူချင်တာပေါ့ဟာ၊ ဒါပေမယ့် အခြေအနေ ဖန်တီးနိုင်မှာ မဟုတ်ဘူး၊ ငါ သဘော်တက်လိုက်ရင် နင် ဘွဲ့ရတဲ့အချိန်ဆို ငါ့မှာ နည်းနည်းပါးပါး စုဆောင်းမိနေမှာပဲ၊ အဲဒါဆို ငါနင့်ကို လက်ထပ်နိုင်ပြီ၊ တင့်တောင်း တင့်တယ် ထားနိုင်ပြီ၊ ဟုတ်ဘူးလား၊ အခုဆို ဘာမှ အခြေအနေမရှိတာနဲ့စာရင် နင့်အိမ်ကလဲ သဘောတူဖို့ မျှော်လင့်ချက်ရှိနိုင်တာပေါ့"

ထားသက်ပိုင်က သက်ပြင်းကို ချသည်။

"ငါ့အိမ်အကြောင်း ငါသိတယ် စိုးဝေ၊ နင်ဘယ်လောက်





ပဲ ချမ်းသာလာလာ၊ သူတို့ သဘောတူမှာတော့မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့က လူကြီးချင်း မျက်နှာပျက်ခံမှာ မဟုတ်ဘူးလေ၊ နောက်တစ်ချက်က နင့်အပေါ်မှာ အမြင့်မကောင်းဘူး"

"ငါလဲ ဒီလိုပဲ တွက်မိပါတယ်"

အဝေးကို ငေးကြည့်နေလိုက်သည်။ အရောင်တောက်ပနေသော ဆည်းဆာသည် ဖျော့တော့လာပြီတွေ့၏။

"နင် အားငယ်သွားလား၊ အားငယ်အောင် ပြောတာ မဟုတ်ဘူး၊ အမှန်အတိုင်း နင်သုံးသပ်လို့ရအောင် ပြောတာ"

ထားသက်ပိုင်နှင့် မျက်နှာချင်းဆိုင်ဖြစ်အောင် ကိုယ်ကို လှည့်လိုက်သည်။ ရင်ထဲမှာ လှုပ်ရှားစိတ်ဖြင့် တုန်ခါနေသည်။

"ဒါဆို ငါ နင့်ကို စွန့်လွှတ်ရတော့မှာလား"

ပြောရင်း အုတ်တံတိုင်းပေါ် တင်ထားသည့် ထားသက်ပိုင် ၏ လက်ချောင်းတွေကို သူ ဆုပ်ကိုင်လိုက်မိသည်။ လှုပ်ရှားတုန်ခါနေသည့် စိတ်သည် သူ့အမူအရာကိုပါ ပျက်စေပြန်သည်ထင်၏။



www.burmeseclassic.com

www.burmeseclassic.com



"စိုးဝေ"

ထားသက်ပိုင်က အကြည့်ကိုအဝေးသို့ ပို့ထားလို

သည်။

"ငါ နင့်ကို နားလည်တယ်၊ သနားတယ်၊ သံယော

ဖြစ်လာမိရင်း ငါ နင့်ကို ချစ်တယ်၊ နင် ငါ့ကို အထင်သေး

လဲ သေး၊ ငါ ဂရုမစိုက်ဘူး"

ခပ်ဖြည်းဖြည်း ပြောသည်။

"ငါက ဘာလို့ အထင်သေးရမှာလဲ"

လက်ကို ဖျစ်ညှစ်ဆုပ်ကိုင်ရင်း သူပြောသည်။

"တခြားမိန်းကလေးတွေလို ငါက ကန့်ကွ

မနေတတ်ဘူး၊ ချက်ချင်းအဖြေပေးရင် တန်ဖိုး ကျသွား

ငါမထင်ဘူး၊ စဉ်းစားဦးမယ် ဘာညာငါမပြောချင်ဘူးဟာ

ရင်ထဲမှာ နင်နဲ့ ပတ်သတ်ပြီး အဖြေအဆင်သင့် ရှိနေတာ

ဒါကို ငါထုတ်ပြောလိုက်တော့ လွယ်တယ်လို့ အထင်သေး

သေးမှာပေါ့"

"မဆိုင်တာပဲဟာ"





"သားပါ၊ ငါပြောချင်တာကငါ မှန်တယ်ထင်ရင် ငါ

သုပ်ရဲတဲ့အကျင့်ရှိတယ်၊ နင့်အပေါ်မှာ ငါဘယ်တော့မှ သစ္စာ

ဖောက်ဘူး"

"နင် တကယ်ပြောနေတာနော် ထား"

ကြည်နူးရင်ခုန်စွာ ထားသက်ပိုင်၏ လက်ကို ဆုပ်ခါရင်း

သူမေးသည်။

"ငါ အရမ်းပျော်သွားတာပဲယားရယ်"

ထားသက်ပိုင်က ပြုံး၍ကြည့်ရင်း ခေါင်းကိုညိတ်၏။

"တကယ် ပြဿနာကြုံလာတော့ နင် စောင့်ကြည့်ပေါ့

ဘာ၊ ဆရာ တစ်ခါ ပြောဖူးတာ နင်မှတ်မိလား"

"ဘာလဲ"

"ကိုယ်ကျင့်တရားနဲ့ ယုံကြည်ချက်ကို လဲလှယ်ဖို့အတွက်

တန်ဖိုးတူတဲ့ ပစ္စည်းမရှိဘူးတဲ့"

"အင်း . . . မှတ်မိတယ်"

"အဲဒီ ကိုယ်ကျင့်တရားနဲ့ ယုံကြည်ချက်ဆိုတာ သစ္စာ

တရားရဲ့ အပိုင်းအစတွေပဲတဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူက ထား စကားကို ဆက်ပြောလိုက်၏။

"ဟုတ်တယ် အဲဒီတော့ သစ္စာတရားကို ဘာနဲ့မှ လဲ
တန်ဖိုးမရှိဘူးလို့ ငါယုံတာပဲ"

"ထားရယ် နင့်ကို ငါအရမ်းချစ်တယ်၊-ယုံလဲယုံတ
ပြောရင်း ထားသက်ပိုင်ကို သူစူးစိုက်ကြည့်နေလိုက်
ပြန်၏။

"ပြန်ရအောင်နော် အချိန်နောက်ကျနေမယ်"

ထားသက်ပိုင်က ပြောလိုက်တော့ သူ ဆုပ်နယ်ဖျစ်
ထားမိသော လက်ချောင်းကလေးတွေကို လွှတ်ပေးလိုက်သ

ကုန်းတော်ပေါ်မှ သူတို့ဆင်းခဲ့စဉ် ဆည်းဆာ
သည် ဖျော့တော့သော်ငြား အရောင်စုံ၍ ကားနေဆဲပင်။

စေတီတော်မှ ဆည်းလည်းသံသည် တဖြည်းဖြ
တိုးတိမ်သွားသော်လည်း သူတို့ရင်ထဲမှာဖြစ်စေသည့် ကြည်
မှုကတော့ စွဲမြဲစွာတည်ရှိနေဆဲပါလေ။

ကုန်းတော်ပေါ်မှ အဆင်းမှာ လက်ချင်းတွယ်
လာခဲ့ကြမိပြန်၏။



(၄)

ထားသက်ပိုင်၏ မေတ္တာအငွေ့ဓာတ်ဖြင့် သူ့ဘဝကို ပြန်လည် မွေးဖွားသန့်စင်သည် သူယုံနေသည်။ ပတ်ဝန်းကျင်ကို ပိုမိုကျင်လည်စွာ မြင်တတ်လာပြီထင်၏။ သူ့အနာဂတ်ကို သူ ပို၍ ပြတ်သားစွာ မှန်းမျှော် ကြည့်ရဲလေပြီ။

ကြီးကြီးတင်က သူ့အိမ်ကြီးကို ရောင်းလိုက်ပြီ။ ပြီးတော့ သူတို့နှစ်ယောက် အိမ်အောက်ထပ်တစ်ခုမှာ ငှားနေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ငွေတွေကို ဘဏ်မှာအပ်ဖို့နှင့် သင်္ဘောတက်ရန်အတွက် ဆရာ့မိတ်ဆွေ၏ အဆက်အသွယ်ကိုယူရန် ဆရာနှင့်တိုင်ပင်ရသည်။ ဆရာက စာတစ်စောင် ရေးပေးလိုက်သည်။ ဆရာ့သူငယ်ချင်းက သင်္ဘောလောကနှင့် မပတ်သက်သော်လည်း သူ ကူညီနိုင်လိမ့်မည်ဟု ပြောသည်။

သည်လိုနှင့် ဆရာစာကိုယူကာ သူ ရန်ကုန်ကို ရောက်ခဲ့သည်။ တည်းခိုခန်းမှာပင် တစ်ညအိပ်တည်းပြီးဘဏ်မှာ ငွေများအပ်သည်။ ဆရာ့ သူငယ်ချင်းထံ သွားတွေ့ပြီး ဆရာစာကို ပြကာ အကူအညီတောင်းခဲ့ရသည်။

ဆရာသူငယ်ချင်းက သူ့မိတ်ဆွေ သင်္ဘောသားကိုယ်စားလှယ်နှင့် တွေ့ဆုံပေး၏။ ကုန်ကျမည့်ငွေများကို တွက်ချပြသည်။ ပြီးတော့ တက်နိုင်လျှင် ရန်ကုန်မှာ လာနေပါက ပိုအဆင်ပြေမည် ပြောသည်။

ရန်ကုန်မှ ပြန်ရောက်ပြီး ဆရာနှင့် ကြီးကြီးတင်တို့ သူတိုင်ပင်သည်။

"လုပ်မယ်ဆိုရင်တော့ ထိထိရောက်ရောက် လုပ်ပေါ့





ကွာ၊ ဟိုမှာ အဆောင်ငှားနေရင်း စပီကင်လေး ဘာလေး တက်၊ ပြီးတော့ တက်သင့်တက်ထိုက်တဲ့ သင်တန်းတွေ ဘာတွေရှိရင်လဲ တက်ထားပေါ့ကွာ"

ဟု ဆရာက ပြောသည်။

"ဟိုမှာချည့် အကြာကြီးတော့ မနေနဲ့ပေါ့၊ ဟိုမှာ တစ်ပတ်နှစ်ပတ်နေ ဒီကိုပြန်လာတစ်ရက်နှစ်ရက်နေပေါ့၊ ကြီးကြီးတင်လဲ ကျန်းမာရေးသိပ်ကောင်းချင်တာ မဟုတ်တော့ဘူး"

ကြီးကြီးတင်ကတော့ ဒီလောက်ပဲ ပြောသည်။

အောင်မြတ်ကျော်၏ အစီအမံဖြင့် ထားကိုသူတွေ့ဆုံခွင့် ဆက်သွယ်ခွင့်ရသည်။

ရွှေဟင်္သာဆိုင်မှာ သူတို့ထိုင်ဖြစ်ကြသည်။ ထားကို အကျိုးအကြောင်း သူပြောပြ၏။

"ခွဲတော့ ဘယ်ခွဲချင်ပါ့မလဲ၊ ဒါပေမယ့်အချိန်ဖြုန်းတဲ့ကိစ္စမှ မဟုတ်တာ"

ဟု ထားက ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ပတ်လောက် ဒီမှာနေပြီး သူ ရန်ကုန်သွားမည်ဟု အစီအစဉ်ဆွဲ၏။

သည်ကြားထဲ သူ ရန်ကုန်က ပြန်ရောက်ပြီး ငါးရက်အကြာမှာ မမျှော်လင့်ဘဲ ကြီးကြီးတင် ဆုံးသွား၏။

သွေးတိုးဟုဆို၏။ သူ့သွေးသားရင်းချာထဲမှ နောက်ဆုံးသံယောဇဉ်တစ်မျှင်သည်ပင် သူ့ကို ဖြတ်၍သွားပါရောလား။

လောက၌ တစ်ကောင်ကြွက်ဆိုသည့် ဘဝကို သူစတင်ခံစားလိုက်ရပြန်သည်။

ဆရာနှင့် အောင်မြတ်ကျော်၏ ပံ့ပိုးကူညီမှုဖြင့် ကြီးကြီးတင်၏ အလောင်းမြေကျအောင် ကောင်းကောင်းမွန်မွန် သူစီမံလိုက်နိုင်သည်။

"အိမ်ရောင်းထားတဲ့ငွေတွေနဲ့ ဒီကောင်ကတော့ အောက်ခြေလွတ်လို့ ကောင်းပေ့၊ အခုလဲ ရန်ကုန်ပြောင်းမယ်ကြားတယ်၊ ဘယ်လောက် ကြာခံမှာလဲတဲ့၊ ကုဋေရှစ်ဆယ်သူဌေးသားတောင်မှ သူတောင်းစား ဖြစ်သေးတာ ကြည့်နေ ဒီကောင် စုတ်ပြတ်ပြီး ဒီမြို့ ပြန်ရောက်လာလိမ့်မယ်"





ပတ်ဝန်းကျင်က အဆိုးမြင် စကားတို့ကို သူပြန်ကြားရတော့ ကြေကွဲရင်နာရပြန်သည်။

"အဘွားကြီး ဆုံးတာလဲ ဒီကောင်ကြောင့်နေမှာ၊ အိမ်ကိုအတင်းရောင်းခိုင်း၊ ပိုက်ဆံတွေနဲ့ ရန်ကုန်တက်သွား ဒါကြောင့် အဘွားကြီး စိတ်ထိခိုက်ပြီးဆုံးတာ ဖြစ်ချင်ဖြစ်မယ်"

စကားတို့သည် သူ့နှလုံးသားကို ခားသွားဖြင့် တန့်ထိုးစိုက်နေသည့်နှယ်။ လူတွေသူ့အပေါ်မှာ ဘာကြောင့်တစ်ဘက်သတ် အမြင်ဆိုးကို မြင်နေကြပါသလဲ။ သူဝေခွဲ၍မရနိုင်။

"ပတ်ဝန်းကျင်ဆိုတာ ဒီလိုပါပဲကွာ။ မင်းကို ထောင်ထွက်ဘစိုးသား ဆိုတဲ့ အစွဲကမပျောက်ကြသေးဘူးကွ၊ မင်းအဖေရဲ့ဗီဇမျိုး မင်းမှာပါလာမှာပဲဆိုတဲ့ အထင်နဲ့ သူတို့ စွပ်စွဲနေကြတာ သူတို့ထင်တာမျိုးမဟုတ်ဘူးဆိုတာ မင်းလုပ်ပြနိုင် ဖို့ အရေးကြီးတယ် စိုးဝေ"

ဆရာကတော့ အားပေးစကားကို ဆိုသည်။

"ငါ နင့်ကို နားလည်တယ်၊ ယုံတယ် စိုးဝေ။ ဘာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဘာပြောပြော ဂရုမစိုက်နဲ့၊ ဘေးကစကားတွေကြောင့် ကိုယ်သွားမယ့်လမ်း နှောင့်နှေးတာမျိုး မဖြစ်စေနဲ့၊ ငါ နင့်ကို ဘယ်တော့မှ သစ္စာမဖောက်ဘူးလို့ ပြောခဲ့ပြီးပြီပဲ”

ထားသက်ပိုင်နှင့်တွေ့တော့ ထားသက်ပိုင်ပြောသည့် စကားဖြင့် အားငယ်စိတ်တို့ လွင့်စဉ်ရပြန်သည်။

နောက်ဆုံးတော့ သူ့ကို မွေးဖွားသန့်စင်ခဲ့ရာ သူချစ်မြတ်နိုးသော ထားသက်ပိုင်ရှိရာ သည်မြို့လေးကို နှုတ်ဆက်ထွက်ခွာခဲ့ရတော့သည်။

ညကိုးနာရီမှ ထွက်သောရထားကို စီးရမည်ဖြစ်သဖြင့် ဆရာနှင့် အောင်မြတ်ကျော်သာ သူ့ကို ဘူတာသို့ လိုက်ပို့နိုင်ခဲ့သည်။ ထားသက်ပိုင်ကိုတော့ မနေ့ကပင် သူနှုတ်ဆက်ခဲ့ပြီးပြီ။

သူတို့နှစ်ယောက်ဆုံမြဲ ဖြစ်သော ရွှေဟင်္သာဆိုင်မှာ အမှတ်တရအနေဖြင့် တောင်ပေါ်တက်ကာဘုရားဖူးဖြစ်ခဲ့သေးသည်။ ဘုရားက အဆင်းလမ်းလေးပေါ် ရောက်တော့ ထားကို အမှတ်တရ နမ်းပါရစေဟု အရဲဟွန်ပြီး သူခွင့်တောင်းသည်။ ထားသက်ပိုင်က ရှုတ်တရက် ရပ်ပြီး သူနှင့်မျက်နှာချင်းဆိုင်





လိုက်ကာ မျက်လွှာကို ပိတ်၍ ခေါင်းကိုမော့ပေးတော့ သူ အံ့ဩရပြန်သည်။ ထားသက်ပိုင်၏ မေးဖျားလေးကို လက်ဖြင့် ယုယစွာ မယူလိုက်ရင်း ထားသက်ပိုင်၏ ဆံစများ ဖွာကျနေသည့် နဖူးကို မြတ်နိုးစွာ သူငုံ့နမ်းလိုက်မိတော့သည်။

ထားသက်ပိုင် ဘူတာ မရောက်နိုင်တော့ပါလားဟု စဉ်းစားရင်း မနေ့ညနေက တွေ့ခဲ့စဉ် အဖြစ်အပျက်တို့ အတွေးမှာ ရောက်လာသည်။

ရထားဆိုက်တော့ ရထားပေါ်တက်ပြီး သူနေရာယူသည်။ ဆရာနှင့်အောင်မြတ်ကျော်က အောက်မှရပ်ရင်း နှုတ်ဆက်၏။

ရထားစထွက်စဉ်မှာ အပြေးအလွှား ရောက်လာသော ထားသက်ပိုင်ကို မြင်တော့ အံ့ဩကြည်နူးပျော်ရွှင်ရပြန်သည်။

“ထား . . . ဒီမှာ . . . ထား”

ရထားက ထားသက်ပိုင် ရှိရာသို့ ဦးတည်ရွေ့၏။

“မုန့်စားမယ်ပြောပြီး ခဏလစ်ထွက်လာတာ၊ ဟိုရောက်ရင် စာရေးနော်၊ ကျန်းမာရေးဂရုစိုက်”



www.burmeseclassic.com

www.burmeseclassic.com



"ရောက်ရောက်ချင်း စာရေးမယ်"

ရထားဖြင့် ယှဉ်၍ ခပ်သွက်သွက် လျှောက်လာရင်း ထားသက်ပိုင် စကားပြောသည်။

ခဏကြာတော့ ရထားအရှိန်ယူသည်။ ထားသက်ပိုင်နှင့် သူတဖြည်းဖြည်း ဝေးသွားကြပြီပဲ။ ပြတင်းဝမှ လက်ပြရင်း ငေးမျှော်ကြည့်နေမိပြန်သည်။

တဖြည်းဖြည်းနှင့် ထားသက်ပိုင်သည် မြင်ကွင်းမှ ပျောက်သွားသော်ငြား သူ့အာရုံမှာတော့ ထင်ရှားပြတ်သားနေဆဲပင်။



BURMESE CLASSIC .com

(၅)

ထား . . .

လွမ်းဆွတ်သတိရစွာဖြင့် စာရေးလိုက်ပါတယ်။

ရောက်ရောက်ချင်း စာရေးမလို့ပါပဲ။ အဆောင်ရှာရတာနဲ့ မအားလို့ မရေးဖြစ်ခဲ့တာပါ။ ရောက်ပြီး နှစ်ရက်သုံးရက်တော့ တည်းခိုခန်းတစ်ခုမှာ နေရသေးတယ်ထားရယ်။ အဲဒီမှာနေရင်း အဆောင်ရှာရတာပေါ့။ ကိုယ်မကျွမ်းကျင်တဲ့ နေရာဒေသဆိုတော့လဲ ခက်သားပဲ။ အခုတော့ လှည်းတန်းက လက်ဖက်ရည်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်မှာတွေ့ပြီး အသိဖြစ်ရတဲ့ မိတ်ဆွေတစ်ယောက် အကူအညီ နဲ့ လှည်းတန်းမှာ အဆောင်တစ်ခုငှားလို့ရပြီ။

အဲဒီ မိတ်ဆွေနာမည်က အောင်အောင်တဲ့။ သူ့ ကိုယ့်လိုပဲ သင်္ဘောလိုက်ဖို့နယ်က ရောက်နေတာဆိုတော့ အဖော်ရသွားတယ်ပေါ့။

သင်္ဘောသား ကိုယ်စားလှယ်နဲ့ တွေ့ပြီးတော့ လုပ်စရာရှိတာတွေ စလုပ်နေပြီထားရယ်။

ရပ်နေတာထက် စာရင်တော့ တဖြည်းဖြည်း သွားနေတာဟာ ပန်းတိုင်နဲ့ ပိုနီးလာမှာပဲလို့ ယုံကြည်မိပါရဲ့။

ထားကိုရော ဆရာနဲ့ အောင်မြတ်ကျော်ကိုပါသတိ နေတယ်။ သူတို့နဲ့ တွေ့ရင်လဲ ပြောလိုက်ပါဦး။ သူတို့ဆီ နောက်မှ စာရေးလိုက်မယ်။

ထား မောင့်ကို မလွမ်းဘူးလား၊ မရယ်နဲ့နော် ကိုယ့်ကိုယ်ကို မောင်လို့ရေးမိသွားပြီ။ စိတ်ထဲမှာ ဖြစ်လာတဲ့ ဆန္ဒကို ဖုန်းကွယ်သိုသိပ်ထားလို့မရတဲ့ သဘောပဲထင်ပါရဲ့ ချစ်သူတွေဖြစ်တော့ နင်နဲ့ ငါနဲ့ မပြောတာ ကောင်းတယ်ထင်





တယ်နော်။

ထားအိမ်ကရော မောင်တို့ ကိစ္စတွေ ရိပ်မိပြီလား။ မောင်ကတော့ အဲဒါ တစ်ခုပဲ တွေးပူနေမိတာ။ ထားအိမ်က ရိပ်မိသွားပြီး ထားကို သူတို့သဘောတူတဲ့သူနဲ့ အတင်းစီစဉ် လိုက်မှာပဲ မောင်စိုးရိမ်တယ်။ ထားကိုတော့ မောင်ယုံပါတယ်။

ထားရေ . . .

အရမ်းလွမ်းတယ်ကွာ . . .

မြို့ကို ပြန်ပြေးချင်လာတယ်။ ဒါပေမယ့် စီဒီစီ ပေါ့စ်ပို့ ကိစ္စ မပြီးမချင်း အဲဒီကိုယ်စားလှယ်ရုံးခန်းရှေ့ကို မောင်တို့ နေ့တိုင်း သွားနေရမှာတဲ့။

အဲဒါပြီးရင်လဲ အားမယ်မထင်ပါဘူး။

ညနေပိုင်းတော့ စပီကင် တက်နေတယ် ထား။

ဘာတွေလုပ်လုပ်ထားနဲ့ နီးစပ်ဖို့ပါပဲဆိုတဲ့ အတွေးနဲ့ မောင်တော့ တက်ကြွနေမိတာပါပဲ။

ဒါပဲနော် နောက်မှ စာရှည်ရှည်ရေးဦးမယ် . . .

ထားရဲ့မောင်



www.burmeseclassic.com

www.burmeseclassic.com

(၆)

ထားရေ . . .

မောင်တို့ စီဒီစီပါ့စ်ပို့တွေ ကျလာပြီ။ သူများတွေ[illegible] ပြောတယ်။ မောင်တို့ အရမ်းမြန်တာပဲတဲ့။ ဒီလောက်ရက်အတွ[illegible] မှာ ကျလာတာ ရှားတယ်တဲ့။ ကုသိုလ်ကံက မောင်တို့အတွ[illegible] အကူအညီပေးနေပြီထင်ပါရဲ့။

အခု မောင် အသက်ကယ်သင်တန်း နှစ်ပတ် တက်[illegible]





[illegible]တော့မယ်။ အဲဒါ တက်ပြီးသွားရင်တော့ သင်္ဘောလိုင်း စောင့်ရုံ[illegible] ရှိတော့တယ်ထား။

ဒီသင်္ဘောကိုယ်စားလှယ်က သူများတွေထက် ပိုက်ဆံ [illegible]များများယူတယ်။ ပြီးတော့ မြန်မြန်လုပ်ပေးတယ်။ မညာဘူး [illegible]လို့ နာမည်ရတယ် ထားရဲ့။

သင်္ဘောလိုင်းကလည်း မောင်တို့ မစောင့်ရဘူးလို့ သူကပြောတယ်။ နောက်အလွန်ဆုံး လေးလပဲတဲ့။ သုံးလကျော် ကျော်မှာတောင် ရနိုင်တယ်တဲ့။ သူ့လိုင်းက ဝင်လာတော့မှာတဲ့။ သင်္ဘောပေါ်ရောက်ဖို့အတွက် ပိုက်ဆံ နောက်တစ်သုတ်လဲ ပေးလိုက်ပြီးပြီ ထားရေ။

ဒီအတိုင်းဆို ထားတို့ တက္ကသိုလ်တွေ မတက်ရခင်မှာ မောင် သင်္ဘောထွက်ဖြစ်လိမ့်မယ် ထင်ပါရဲ့။

သင်္ဘောလိုင်းက လခနည်းတယ်ပြောတယ်၊ မောင် တော့ ဘာဖြစ်ဖြစ် တက်မယ် ဆုံးဖြတ်လိုက်တယ်။ မြန်မြန် [illegible]တက်ရဖို့ အရေးကြီးတယ် ထားရဲ့။ ဒါမှ ထားနဲ့ မြန်မြန်နီးရမှာ။ သင်္ဘော ထွက်ဖို့ လေယာဉ်လက်မှတ်တွေဘာတွေရရင်တော့



www.burmeseclassic.com

www.burmeseclassic.com



မောင်ဖြစ် တဲ့နည်းနဲ့ ပြန်လာ နှုတ်ဆက်ဦးမယ်။

အောင်မြတ်ကျော်ဆီက စာလဲ ရတယ်ထား။ သူ့ ...

ပြောလိုက်ပါဦး။

စာအုပ် ကောင်းကောင်းတွေ ဖတ်ရတိုင်းလဲ ထား ...

မောင်သတိရနေတယ်ထားရယ်။

တွေ့မှ စကားတွေ အများကြီးပြောမယ်နော် . . .။

ထားရဲ့မော...



(၇)

ထား . . .

မောင်တို့ ထွက်ရဖို့ နီးပြီလေ။ လာမယ့် စနေ၊ တနင်္ဂနွေ ... ပိတ်ရက်တစ်ရက်ပေါင်းပြီး သုံးရက်အားတော့ ရုံးတွေပိတ်မှာ ... မောင်ခဏပြန်ခဲ့မယ်။ ဒီရက်ကျော်ရင် မောင်အားချင်မှ ...အားတော့မှာ။ အလုပ်ရှုပ်ပြီ။ ထားဆီကို နှုတ်ဆက်ဖို့ မောင်ပြန် ...လာခဲ့မယ်ထား။



www.burmeseclassic.com

www.burmeseclassic.com



ဒီစာကများ မောင့်ထက်နောက်ကျပြီးမှ ရောက်နေ

မလားမသိဘူး။

အောင်မြတ်ကျော်ကိုလည်း ပြောလိုက်နော် . . . ထား

ထားရဲ့မောင်



(၈)

စွဲလမ်းမှုများစွာထဲတွင် ဇာတိရပ်ရွာသည်လည်း တစ်ခု

ါအဝင်ဖြစ်မည်။ နှစ်များရှည်ကြာခွဲခွာနေရသူကို မဆိုထား

ုလအနည်းငယ်မျှ ခွဲခွာရသေးသည့်လူပင်လျှင် ကိုယ့်ရပ်ကိုယ့်

ဌန်ရသည့်အခါ ရင်ခုန်ချင်နေသည်။

ချစ်သူ ကျန်နေရစ်ခဲ့သည့် အရပ် ပိုမို၍စွဲလမ်းတက်စရာ

နေပါသလားမသိ။

နေ့လည် အမြန်ရထားကိုစီးခဲ့သည်မို့ ညပိုင်းမှာ သူ



www.burmeseclassic.com

www.burmeseclassic.com



မြို့ကိုရောက်သည်။ အောင်မြတ်ကျော်ဆီမှာပင် သူတည်း
မည်စိတ်ကူးသည်။

မီးပွင့် ဝါကျင်ကျင်လေးတွေဖြင့် သူတို့ ဘူတာကို
မြင်စကပင် ရင်ခုန်မြန်ချင်ပြီ။

အဝတ်အစား အပိုနှစ်စုံလောက် ထည့်လာသည့်
ငယ်ကိုဆွဲရင်း ရထားအဝမှာ သူရပ်၏။ ရထားက အရှိန်သ
ဘူတာဝင်နေပြီ။ ဘူတာစင်္ကြံတွင် ရပ်နေသူများကိုကြည့်
သူ့သူငယ်ချင်း မိတ်ဆွေတွေ တွေ့လိုတွေ့ငြား သူရှာသည်

"အောင်မြတ်ကျော်"

ရပ်နေသည့် အောင်မြတ်ကျော်ကို မြင်ခိုက် သူ
အော်လိုက်သည်။

ရထား အရှိန်ဖြင့် သူတွဲက ကျော်သွား၏။ အောင်
ကျော်က ပြေးလိုက်လာသည်။

ရထားရပ်တော့ သူခုန်ဆင်းလိုက်၏။

"မနေ့ကမှ မင်းစာရောက်တယ်တဲ့၊ ထားသ
ငါ့ကိုပြောလို့ လာကြိုနေတာ"





အနားရောက်လာလျှင် လာချင်း အောင်မြတ်ကျော်က
ပြောသည်။

ပခုံးကို ဖက်ထားလိုက်မိ၏။

"စာရောက်ချင်မှ ရောက်မယ်ထင်တာ၊ ငါမင်းဆီမှာပဲ
နေမယ်"

"ငါ အားလုံး စီစဉ်ထားပြီးပြီ၊ ညစာလဲ ချက်ထားတယ်၊
ထားသက်ပိုင်ကတော့ လာကြိုလို့မရဘူးလို့ ငါ့ကိုပြောတယ်၊ ငါလဲ
ဒီလ လာချင်လာ မလာရင် မနက်ဖြန် ကားဂိတ်မှာ လာကြိုမလို့"

စကားပြောရင်း ဘူတာဘက်ဆီ ပြန်လျှောက်သည်။

"ဟဲ့ . . . နင်ပြန်လာပြီလား"

"အပြီး ပြန်လာတာလား"

သူနှင့်သိသော ယောကျ်ားကြီး မိန်းမကြီးတချို့က သူ့ကို
နှုတ်ဆက်မေး မေးသည်။ မေးခွန်းတွေထဲမှာပင် အထင်သေး
သံများ ရောနှောနေတာ သူနားလည်၏။ နောက်ဆုံးတော့ တို့
ဆင်ထားသလိုပဲ ငွေကုန်ပြီး မြို့ပြန်လာရတာပါပဲ ဆိုသည့်
သဘောပေါက်နေတာ သူသိ၏။ ဘာမှ သေသေချာချာ



www.burmeseclassic.com

www.burmeseclassic.com



ပြန်မပြောဖြစ်ဘဲ ဟုတ်ကဲ့ဟုသာ ဖြေသည်။

"ဆရာရော နေကောင်းရဲ့လား"

"ကောင်းတယ်၊ မနေ့က ငါသွားပြောလိုက်သေးတယ် မနက်မှ ဆရာ့ဆီ သွားကြတာပေါ့၊ စိတ်ချပါ၊ ငါအားလုံး စီစဉ် ထားပြီးသား၊ မနက် ဆရာ့ဆီသွားမယ်၊ ဆရာက မနက်စာတို ငါတို့ကို ကျွေးမယ်ပြောတယ်၊ နေ့လယ် တစ်နာရီ ကျော်ကျော် လောက်မှာ ရွှေဟင်္သာလာခဲ့ဖို့ ထားသက်ပိုင်ကို ငါမှာထားတယ်"

"ဟာ . . . မင်းက အသေးစိတ်ကို စီစဉ်ထားတာပဲ တကယ့်ကောင်၊ ငါ ဒီညမလာဖြစ်ရင် ဘယ်လိုလုပ်မလဲ"

ပခုံးကို ပုတ်ရင်း သူမေး၏။

"ငါ ဒီလောက် မအပါဘူးကွာ၊ ဒီည ငါ ရထားဆင်းကြို မယ်၊ မင်းပါမလာရင် မနက်ဖြန် အကြောင်းကြားမယ်လို့ ဆရာ့ကို ပြောခဲ့တယ်၊ ထားသက်ပိုင်ကိုတော့ မနက်ဈေးလာခဲ့၊ မြင်းလှည်း ဂိတ်မှာ ငါလာပြောမယ်လို့ မှာခဲ့တယ်"

"မင်းက အကွက်ကို စေ့လို့ပါလား"

"စိတ်ချစမ်းပါကွာ၊ မင်းသူငယ်ချင်း ဒီလောက် မညံ့





ပါဘူး"

"ငါ ထားကို အရမ်းလွမ်းတယ်ကွာ၊ ထမင်းစားပြီး သူတို့ အိမ်ဘက် ခဏ လျှောက်ကြည့်ကြရအောင်"

"ဟာ . . . ဘာလုပ်မလို့လဲ"

"မဟုတ်ဘူးလေကွာ၊ သူ့ကို မြင်ရလိုမြင်ရငြားပေါ့၊ မမြင် ရတော့လဲ သူနေတဲ့ အိမ်ကို အလွမ်းပြေ ကြည့်ပြီး ပြန်လာတာ ပေါ့"

"ပိုလွန်းပြီကွာ . . . စိုးဝေ"

"မင်းနောက်တော့ ကိုယ်ချင်းစာတတ်မှာပါ"

ရပ်ထားသည့် စက်ဘီးဆီရောက်၏။ စက်ဘီးနောက် တယ်ရီယာပေါ်မှာ သူ့အိတ်ကိုတင်သည်။ ပြီးတော့ အောင်မြတ် ကျော်၏ စက်ဘီးဘားတန်းပေါ်မှာ သူတက်လိုက်ခဲ့တော့၏။

ရုပ်ရှင်ဈေးကိုအဖြတ် သူငေးကြည့်နေမိသေးသည်။ မီးရောင်မှိန်မှိန်အောက်မှာ လူတွေ သွားလာလို့ နေတာကြည့်ရင်း သူတို့ ဒီနေရာတွေမှာ လက်ဖက်ရည်ဆိုင် ထိုင်ခဲ့ကြ ရန်ဖြစ်ခဲ့ကြ တာတွေ အာရုံမှာ ပြန်ပေါ်လာတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်ဈေးကျော်ကျော်ရောက်တော့ ညာဘက်ချိုးတွေ
သည်။ အောင်မြတ်ကျော်တို့ လမ်းပါလား။

ရောက်ပြီး ရေမိုးချိုး ထမင်းစားပြီးတော့ ရုပ်ရှင်ရုံဈေး
ခဏထွက်မည်ပြောကာ အောင်မြတ်ကျော်နှင့် သူထွက်လာ
သည်။ ထားသက်ပိုင်တို့နေရာက အောင်မြတ်ကျော်နှင့် ဟိုဘက်
ခြမ်း ဒီဘက်ခြမ်း။ စက်ဘီးစီးရင်း ထားသက်ပိုင်တို့အိမ်
လာသည်။ အိမ်ရှေ့ ရောက်တော့ မီးဖွင့်ထားတာ တွေ့ရသော်
လည်း အိမ်ထဲမှာ လူရိပ်လူယောင်မတွေ့ရ။ သူတို့ဘက်
ခြံကျယ်ဝန်းကျယ်တွေ။ သစ်ပင် အုပ်အုပ်ဆိုင်းဆိုင်း တွေနှင့်
ငြိမ်သက်နေသယောင်။

"သူတို့အိမ်ကလဲ လူနည်းတာပဲကွ၊ ဒါကြောင့် လူရိ
တောင် မတွေ့ရတာ"

အောင်မြတ်ကျော်ကပြောသည်။

"သူတို့ သားအဖ သုံးယောက်နဲ့ သူ့အမေ အစ်မကြီး
တစ်ယောက်၊ ဒါပဲ မဟုတ်လား"

"အိမ်ဖော် ကောင်မလေးတစ်ယောက် ရှိသေးတယ်"





"ငါ အိမ်ရှေ့ကိုလာမယ်ဆိုတာ သိရင် သူအပေါ်ထပ်
ောင်းမှာ ရပ်ချင်ရပ်နေမှာ"

"မင်း စိတ်ချမ်းသာသလို တွေးပေါ့ စိုးဝေရာ"

ဘာမှ ဆက်မပြောမိတော့။

"မင်း ဒီမြို့မှာ ဆက်မနေတော့တာ ကောင်းတယ် စိုးဝေ"

"ဘာဖြစ်လို့လဲ အောင်မြတ်ကျော်"

"ထားသက်ပိုင် အိမ်ကမင်းတို့အကြောင်း နည်းနည်း
ပါး ရိပ်မိနေတယ် ပြောသံကြားတယ်"

"ဟုတ်လား"

"ငါ့ညီမဆီက ရတဲ့ သတင်းပဲ"

"ထားတော့ စာထဲမှာ ဘာမှထည့်မရေးဘူး"

"မင်းစိတ်ညစ်နေမှာ စိုးလို့ နေမှာပေါ့၊ ထားသက်ပိုင်
အကြောင်း မင်းသိသားပဲ၊ အသေးအဖွဲလောက်ကို သိပ်ဂရု
စိုက်တာမှ မဟုတ်တာ"

"သေသေချာချာတော့ သိပုံမရဘူး၊ မင်းနဲ့ ထားသက်ပိုင်
ချစ်ရည်းစား ဖြစ်နေတယ် ဆိုတဲ့သတင်းမျိုး သူတို့ရတာ



www.burmeseclassic.com

www.burmeseclassic.com



ထားသက်ပိုင်ကို သူ့အမေက ဖွင့်မေးတယ် ပြောတယ်"

"ထား အဖြေရခက်မှာပဲ"

"ဘာသံမှ မကြားချင်ဘူး၊ တစ်ခုခုကြားရရင် ချက်...
လက်ထပ်ပေးမယ်လို့ ခြိမ်းခြောက်တယ် ပြောတယ်၊ ငါ...
သူငယ်ချင်း သူညီမဝမ်းကွဲ ကောင်မလေး အမေဆီက သတ...
တာပဲ"

"ဒီမှာ ငါ ဆက်နေရင်တော့ မြို့လေးက ကျဉ်း...
လေးဆိုတော့ ဘာမဆို အားလုံး သိကြတာ ပဲကွာ၊ တို့တို...
ဘယ်ဖုံးလို့ရမလဲ"

"ဟုတ်တယ် . . ဒါလဲ ငါစဉ်းစားတာ"

အိမ်ဘက်ဆီသို့ စက်ဘီးကို ဦးတည်နင်းသည်။ ဆော...
လေသည် မျက်နှာကို ဝေ့ဖြတ်သွား၏။



(၉)

"မင်းတစ်ယောက်တည်းပဲ သွားစောင့်ကွာ၊ ငါစက်ဘီးနဲ့ လိုက်ပို့မယ်၊ ပြီးရင် ငါမြို့ထဲပြန်မယ်၊ ဒါမှ မင်းတို့နှစ်ယောက် လွတ်လွတ်လပ်လပ် စကားပြောရမှာ ညနေလေးနာရီလောက် ငါလာခဲ့မယ်"

ဟု အောင်မြတ်ကျော် ပြောသည်။ သူ့ကို စက်ဘီးနဲ့ လိုက်ပို့ပြီးတော့ အောင်မြတ်ကျော် ပြန်သည်။

သူရောက်ပြီး မကြာခင် ထားရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထား တစ်ခုခု စားနော်၊ မောင်တော့ ဆရာ့ အိမ်က ထမင်းစားလာလို့ အအေးပဲ မှာသောက်ထားတယ်"

ဟု ထားသက်ပိုင်ကိုပြော၏။

"ထမင်းကြော်စားမယ်၊ အိမ်မှာ ထမင်းစားခဲ့တယ်၊ စားလို့မရဘူး"

သူ့ကို ကြည့်ရင်း ထားကပြောသည်။

"ဘာဖြစ်လို့လဲ အိမ်က ဆူလို့လား"

"မဟုတ်ပါဘူး၊ မောင့်ကို တွေ့ရတော့မှာမို့"

ပြောပြီး နှုတ်ခမ်းလေး တွန့်ရုံပြုံးလျက် ကြည့်သည်။ ထားအတွက် ထမင်းကြော် တစ်ပွဲကို သူမှာပေးလိုက်သည်။

"ထား အိမ်က သိသွားလို့ ထားကို မေးတယ်ဆိုတာ မောင်ကြားပြီးပြီ"

"အောင်မြတ်ကျော် ပြောတာလား"

"သူပဲ ရှိတာပဲ"

"ဟုတ်တယ် မောင်၊ ထားကတော့ ဟုတ်တယ်လဲ ဝန်မခံဘူး၊ မဟုတ်ဘူးလဲ အတင်း မငြင်းဘူး၊ ဘေးက ပြောတာ မေမေ





တို့ ယုံလားလို့ပဲ ပြန်မေးလိုက်တယ်၊ နောက်တော့ မေမေတို့က စိုးရိမ်လို့ သတိပေးတာ ဘာညာ လျှောချသွားတယ်လေ၊ ဒါပေမယ့် တကယ် သိရင်တော့ ကျောင်းဆက်မတက်ခိုင်းဘူး၊ ချက်ချင်း အိမ်ထောင်ချပေးလိုက်မယ် ပြောတယ်၊ အဲဒါကိုတော့ ထားယုံတယ်၊ မေမေတို့က ပြောတဲ့အတိုင်း လုပ်မှာ ဟိုဘက်ကလဲ အဆင်သင့်ပဲ"

"ဘာပဲဖြစ်ဖြစ် မောင်တို့ ရည်ရွယ်ချက် မအောင်မြင်ခင်တော့ သိုသိုသိပ်သိပ် နေကြတာ ကောင်းပါတယ်"

"ဟိုမှာ အောင်မြတ်ကျော် လိုက်လာတယ်"

ထားစကားကြောင့် ဆိုင်ရှေ့ကို လှမ်းကြည့်တော့ အောင်မြတ်ကျော်ကို တွေ့သည်။ စက်ဘီးကို တောက်ထောက် ရပ်ပြီး သူတို့ရှိရာသို့ ဖျာဖျာသလဲ လာသည်။

"မင်းညနေမှ လာမယ်ဆို . . ထိုင်"

"ထိုင်လို့မဖြစ်ဘူး စိုးဝေ၊ ပြဿနာတက်နေပြီ"

"ဘာလဲ အောင်မြတ်ကျော်"

"ထားသက်ပိုင်၊ နင့်အမေ ရိပ်မိသွားပြီ၊ အခု နင့်အမေ



www.burmeseclassic.com

www.burmeseclassic.com



နင့်ကို တစ်မြို့လုံး လိုက်ရှာနေတယ်၊ ငါ့ဆီကို မြမြဦး ရောက်လ
တယ်၊ နင် မြမြဦးဆီ သွားမယ်လို့ ပြောခဲ့တယ်ဆို"

"ဟာ . . . ဒုက္ခပဲ ဟုတ်တယ်၊ ငါ မြမြဦး အိမ်ဆို
ထွက်လာခဲ့တာ၊ ငါလိမ်တာ ပေါ်ပြီပေါ့"

ထားသက်ပိုင် စိတ်ရှုပ်သွားဟန်တူသည်။

"မြမြဦး ငါ့အိမ်ကို ရောက်လာတယ်၊ တော်သေ
တာပေါ့။ ငါအိမ်မှာရှိနေလို့၊ နင့်အမေက လာလာမေးတော့ သူ
ကြောင်ပြီး မလာဘူးလို့ ပြောလိုက်မိတယ်တဲ့၊ ပြီးတော့ စိုးေ
ရောက်နေတယ်ဆိုတာ ဟုတ်လားမေးတယ်တဲ့၊ ကြား တော့ကြ
တယ် အသေအချာမသိဘူးလို့ သူပြန်ပြော လိုက်တယ်တဲ့
ဆွေဆွေအေးကို ဝင်ခေါ်ပြီးမှ ကျွန်မဆီလာမလို့နဲ့ တူပါတယ်
သူ လမ်းလွှဲပေးလိုက်တယ်တဲ့၊ ငါ့ကို မြမြဦး လာပြောသွားတာ"

အောင်မြတ်ကျော်က သူသိခဲ့သမျှ ပြောပြသည်။

"ငါသွားတတ်တဲ့ သူငယ်ချင်းတွေအိမ် လိုက်ရှာမယ်
မတွေ့ရင် ပြဿနာလုပ်တော့မှာ သေချာတယ်"

"ဘယ်လို လုပ်မှာလဲ ထား"





"ဂါတ်တွေ ဘာတွေ တိုင်တော့မှာပေါ့"

"ဟုတ်တယ် ငါလဲ အဲဒီလို စဉ်းစားမိတယ်၊ မြမြဦးက
ပြောတယ်၊ ထားသက်ပိုင် အမေက ရိပ်မိနေပုံရတယ်တဲ့၊
ချက်နှာကြီးနီပြီး ဒေါသထွက်နေပုံပဲတဲ့"

"မေမေ ဒေါသကို ထားသိတယ်"

"ငါ အကြံပေးမယ် မထူးဘူး ခိုးပြေးတော့၊ မင်းတို့
ဒီအတိုင်း ဒီမှာ ဆက်နေရင် ခဏကြာ ဒီရောက်လာနိုင်တယ်၊
ပြန်သွားရင်လဲ ထားသက်ပိုင်ကို အမိအရ စစ်လားဆေးလား
လုပ်တော့မှာ"

"ထားကလဲ ညာတတ်တာ မဟုတ်ဘူး ပေါ်မှာပဲ"

"ပေါ်ရင် နင့်ကို ဘယ်နည်းနဲ့မှ ဒီကောင်နဲ့သဘောတူမှာ
မဟုတ်ဘူး၊ သူတို့ သဘောတူသူနဲ့ ချက်ချင်း ပေးစားမှာပဲ"

"လာ . . ထမောင်"

ထားသက်ပိုင်က သူ့လက်ကို ဆွဲ၍ ထရပ်လိုက်၏။

"ထား မောင့်နောက်ကို လိုက်မှာလား"

"မလိုက်ရင် မောင်နဲ့ တစ်သက်လုံး ဝေးကြတော့မှာ



www.burmeseclassic.com

www.burmeseclassic.com



မောင်"

"ဟာ မောင်တော့ ဝမ်းသာလိုက်တာ"

သူက စားပွဲထိုးလေးကိုခေါ်ပြီး ပိုက်ဆံရှင်းသည်။

"ပြန်အမ်းတဲ့ပိုက်ဆံ ငါစောင့်ယူလိုက်မယ်"

သွားနှင့် ဟိုဘုရားဘက်ကိုသွား တောင်ခြေအထိ

စီသွား"

အောင်မြတ်ကျော်က ပြောသည်။

"နေပါဦး ဘယ်လဲ"

"မင်းမျာ သွားစရာရှိလို့လား"

"မရှိဘူး"

"ဒါဆို ငါပြောတဲ့အတိုင်းသာ သွား"

ဆိုင်ရှေ့ထွက်ပြီး ထားသက်ပိုင် စက်ဘီးနှင့် နှစ်ယောက်

စီးပြီး ဘုရားတောင်ခြေဆီ ထွက်ခဲ့ကြသည်။

တော်တော်လေးလှမ်းတော့ ဟိုကောင် လိုက်လာလား

ဟု ထားသက်ပိုင်ကို သူမေး၏။ ထားသက်ပိုင်က ကယ်ရီယာပေါ်

မှ လိုက်လာသူမို့ နောက်ကိုလှမ်းမြင်ရသည်။





"လိုက်လာတယ် မောင်"

တောင်ခြေရောက်တော့ ဘုရားပေါ်တက်မည့် လှေကား

ရင်းမှာ စက်ဘီးကို ရပ်လိုက်၏။ ခဏလေးအတွင်းမှာ အောင်

မြတ်ကျော် ရောက်လာသည်။

"ဘယ်သွားမှာလဲ အောင်မြတ်ကျော်"

"ဘုရား တောင်ခြေတေးလမ်းက သွားရမှာ

ဆပ်သွားဖူးကို သွားမယ်၊ မင်းရောက်ဖူးလား"

"ဆပ်သွားဖူး ရွာလား"

"ဟုတ်တယ်"

"ရောက်တော့ မရောက်ဖူးဘူး၊ ကြားဖူးတယ်"

"သိပ် မဝေးလှပါဘူး၊ စက်ဘီးတော့ စီးရတဲ့အခါ

စီးရမယ်၊ ဆင်းတွန်းတဲ့အခါ တွန်းရမယ်၊ အဲဒီမှာ ငါ့ အမျိုးတွေ

ရှိတယ်"

"သွားမယ်ကွာ . . . လုပ်"

"ကဲ . . လာ"

စက်ဘီးပေါ် ပြန်တက်ရင်း ဘုရားတောင်ခြေကို



www.burmeseclassic.com

www.burmeseclassic.com



ကွေ့ပတ်စီးခဲ့ကြပြန်၏။

"ထား ကြောက်နေပြီလား"

ဟု သူမေးသည်။

"မောင် ရှိနေတာပဲ"

သည်အဖြေကပင် ရှေ့ဆက်ရင်ဆိုင်ရမည့် အခက်အခဲအားလုံးကို ကျော်လွှား ဖြတ်သန်းရဲသည့် သတ္တိကို မွေးဖွားလာစေပြန်၏။



(၁၀)

"သားတို့ နှစ်ယောက် ဒီရွာက ရပ်ကွက် ကောင်စီရုံးမှာ လက်ထပ်ထားလိုက်ကြရင် ကောင်းမယ်"

အောင်မြတ်ကျော်၏ ဦးကြီးက ပြောသည်။

"ဟုက်တယ် စိုးဝေ၊ ဒီညပဲ လက်မှတ်ထိုး လက်ထပ်ထားရင် ကောင်းမယ်"

ဟု အောင်မြတ်ကျော်ပါ ဝင်ပြော၏။

"ကောင်းသားပဲ ဒီည ဒီရွာက ရပ်ကွက်ကောင်စီရုံးမှာ



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ထားမယ်ကွာ၊ မနက် အစောကြီးထပြီး ငါတို့ မြို့နယ်ရုံးကို သွားမယ်၊ ဟိုမှာ ထပ်ပြီး လက်ထပ်လိုက်မယ်"

သူတို့မြို့လေးက တိုက်နယ်မြို့ကလေးဖြစ်ပြီး မြို့နယ်စိုက်ရာမြို့က သူတို့မြို့လေးနှင့် ငါးမိုင်လောက်ဝေးသည်။

"မေမေတို့က ဟိုအထိများ ရောက်လာမလား မသိဘူး"

ထားသက်ပိုင်က စိုးရိမ်စကားဆိုသည်။

"ဘာလဲမြို့နယ်ကောင်စီက တရားရုံးကိုလား"

"အင်းလေ"

"တစ်နေ့ရာရာမှာခိုနေပြီး ရုံးဖွင့်တာနဲ့ သွား လက်မှတ်ထိုးကြတာပေါ့၊ လာစောင့်နေ့ဂယ်လို့တော့ မထင်ဘူး၊ အဲဒီမြို့မှာ ရောက်နေမ‌ေန မလောဟ်ပဲ ဒခဆက်အသွင် လိုက်မေးချင်ေ ာ"

အောင်မြတ်ကျော်က ထားသက်ပိုင်ကို ပြော၏။

"တကယ်လို့ တွေ့တော့လဲကွာ၊ ဒီကျေးရွာကောင်စီ လက်မှတ်ထိုးပြီးသားပဲ၊ ငါတို့က ခိုင်ဂာအောင်သာ မြို့နယ်ထိုးမှာပဲဟာ၊ ဘာမှ လုပ်လို့မရတော့ပါဘူး"





အောင်မြတ်ကျော်က စကားဆက်၏။

"ကဲ . . . ဒါဆို ရေလေး ဘာလေး ချိုးကြ၊ ရေချိုးထမင်းစားပြီး ရပ်ကွက်ကောင်စီရုံး လိုက်ပို့ပေးမယ်"

ဟု အောင်မြတ်ကျော် ဦးကြီးက ပြောသည်။

ရေတွင်းက ခြံထောင့်မှာရှိသည်။

အောင်မြတ်ကျော် ဦးကြီး၏ သမီးများပေးသည့် ရေလဲလုံချည်နှင့် တဘက်ကို ထားသက်ပိုင် ယူလာသည်။

"ထား မောင့်ကို ရှက်နေလား၊ မောင် ဟိုဘက်လှည့်ထားပါ့မယ်"

ရေလဲလုံချည်ကို သူ့ရှေ့မှာ လဲရန် ရှက်ကိုးရှက်ကန်းဖြစ်နေဟန် ထားသက်ပိုင်ကို ကြည့်ရင်း သူပြော၏။

"ဒါဆို လှည့်"

ရေတွင်းဘေးရှိ စံပယ်ချုံဘက်သို့ မျက်နှာမူကာ ထားသက်ပိုင်ကို ကျောပေးရင်း ရပ်သည်။

"အမှန်ဆိုနော်၊ မှောင်နေမှ ရေချိုးဖို့ကောင်းတယ်၊ ရေချိုးခန်း မဟုတ်တော့ ချိုးရမှာ တစ်မျိုးပဲ"



www.burmeseclassic.com

www.burmeseclassic.com



ထားသက်ပိုင်က အဝတ်လဲရင်း ပြောတာ ကြား၏။

"ပြီးပြီ လှည့်တော့ မောင်"

သူ ထားသက်ပိုင်ဘက်သို့ ပြန်လှည့်ရင်း . . .

"တောလေ့ ရွာလေ့ကတော့ မဆန်းဘူးပေါ့ ထားရယ် ရေမချိုးရင်လဲ ထမီရင်လျားနဲ့သွားလာလှုပ်ရှား နေကြတာ မြှားတာပဲဟာ"

"ဟယ် . . . ဒုက္ခပဲ"

"ဘာလဲ ထား"

"အဲဒီ မောင်းတံနဲ့ ရေငင်တာ ထား မတတ်ဘူး မောင်"

ထားသက်ပိုင် စကားကြောင့် သူပြုံးလိုက်မိ၏။ ပြီးတော့ ရေပုံးချိတ်ထားသော မောင်းတံကို သူ ဆွဲကိုင်ရင်း . . .

"မောင် ငင်ပေးမှာပေါ့၊ ဟိုမှာ ရေစည်ပိုင်း ရှိတယ်လေ အဲဒီအထဲမှာ ထည့်ပြီးချိုးပေါ့"

"မောင် ငရဲကြီးနေမလား"

"ဟာ . . . ထားကလဲ၊ ထားနဲ့မောင်က လင်မယား ဖြစ်တော့မှာပဲဟာ"





"ဒါဆို ငရဲမကြီးဘူးလား"

"ကိုယ့်မိန်းမ ကိုယ်ချစ်လို့ လုပ်ပေးတာ ဘာလို့ ငရဲကြီး ရမှာလဲ"

"အင်းနော်"

မောင်းတံကို ရေတွင်းထဲ ဆွဲချလိုက်သည်။

"မောင်"

"ဘာလဲ ထား"

"အဲဒီ ရေစည်ပိုင်းက ယောကျ်ားတွေအတွက် လောင်း ပေးမယ် ဟုတ်လား"

ရေတစ်ပုံးကို ငင်လိုက်ပြီး ထားကိုယ်ပေါ်သို့ ရေလောင်း ချပေးလိုက်သည်။

"အေးလိုက်တာ မောင်"

"မောင်ငင်ပေးတဲ့ရေမို့ အေးတာ"

"ဟုတ်မယ်နော်"

အကြည်အနူးဖြင့် နှစ်ဦးသား ရယ်မိကြပြန်၏။

ကျေးရွာကောင်စီရုံးမှာ ကောင်စီလူကြီးများ ရှေ့၌ သူတို့နှစ်ဦး သဘောတူ လက်မှတ်ရေးထိုးလိုက်ကြသည်။ အောင်မြတ်ကျော်နှင့် အောင်မြတ်ကျော် ဦးကြီးတို့က အသိ

www.burmeseclassic.com

www.burmeseclassic.com



သက်သေနေရာမှာ လက်မှတ်ထိုးပေးသည်။

"စာချုပ်နဲ့ မဟုတ်ရင်ရလား မောင်"

အပြန်လမ်းမှာ ထားသက်ပိုင်က စိုးရိမ်စကားဆိုသည်။ သူတို့လက်မှတ် ထိုးခဲ့သည်မှာ စာချုပ် ခေါင်းပေါ်မှာ မဟုတ်။ လျှောက်လွှာစာရွက်ပေါ်မှာသာ နှစ်ဦးသဘောတူကြောင်း ရေးသားပြီး လက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်သည်။

"ရပါတယ် . . . ထားရဲ့ ဒါလဲ ကျေးရွာကောင်စီရုံးပဲ ကောင်စီ လူကြီးတွေရှေ့မှာ လက်မှတ်ထိုးတာပဲဟာ"

"မပူနဲ့ ထားသက်ပိုင် မနက်ဖြန်ကျရင် မြို့နယ်ရုံးမှာ ထပ်ပြီး လက်မှတ်ထိုးဦးမှာပဲ။ အဲဒီကရတဲ့ လက်ထပ်စာချုပ် ကျတော့ အသေအချာ သိမ်းထားတာပေါ့"

"မဟုတ်ဘူး သာမန်ဆိုရင်တော့ မပူပါဘူး။ မမော် ဖေဖေတို့ အကြောင်းသိလို့။ သူကို့က ဒီအတိုင်းနေမှာ မဟုတ် ဘူး"

ထားသက်ပိုင် စကားကြောင့် အားလုံး ငြိမ်သက်သွားကြ သည်။ အတွေးကိုယ်စီဖြင့် ဆက်လျှောက်လာခဲ့ကြသည်။ စိုးရိမ်သောကများ ရင်ထဲမှာ ရှိနေကြလေမည်။

"အခုလောက်ဆို လူပျောက်တွေ ဘာတွေ တိုင်ပြီး



လောက်ပြီ"

အိမ်ပေါ် အတက်မှာ ထားသက်ပိုင်က ပြောၡ၏။

"ကဲ . . . ထမင်းစားရအောင် အဆင်သင့်ဖြစ်ပြီ"

အိမ်ပြန်ရောက်တော့ အောင်မြတ်ကျော်၏ အဒေါ်က ထမင်းစားရန် ပြောသည်။

"အောင်မြတ်ကျော် ပြီးရင် သူတို့နှစ်ယောက်ကို အပေါ်ထပ်ကို လိုက်ပြလိုက်ဦး၊ အပေါ်ထပ်က လူမနေတော့ ဖုန်တွေအများကြီးရယ် စောစောကတော့ အပေါ်ရှင်းထားတာပဲ"

"ရတယ် ဒေါ်ဒေါ် ကျွန်တော် ကြည့်လုပ်ပေးလိုက် ပါမယ်"

မီးဖိုခန်းအဝင်မှာ အောင်မြတ်ကျော်က သူ့အဒေါ်ကို ပြန်ပြောလိုက်သည်။

ဆပ်သွားဖူးရွာမှ မြို့နယ်ရုံးစိုက်ရာမြို့သို့ သွားရာ မြေတာလေး ရှိသည်။ ငါးမိုင်ခရီးဆိုတော့ တစ်နာရီနီးပါး စက်ဘီးစီးရမည်မို့ သူတို့မနက်အစောကြီးထပြီး ထွက်ခဲ့ကြ၏။

"ငါ လိုက်ခဲ့ရမလား"

---

ရွှေစကားစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဟု အောင်မြတ်ကျော် ဦးကြီးက မေးသေးသည်။ တောဝလေ၏ ကျည်ီရိုင်းပင်းစိတ်သည် အံ့ဖွယ်ရာဟု သူနားလည်လိုက်၏။ ရတယ် ဦးကြီး သက်သေတစ်ယောက်တော့ ဟိုရုံးမှာပဲ ထိုင်းခိုင်းရင် ရမှာပါဟု အောင်မြတ်ကျော် ပြောသည်။

ဆောင်းနှင်းတို့ ထူထပ်စွာ ဖွေ့ဝဲကျဆင်းနေသည့် မနက်ခင်းစောစော၏အလှကို သူတို့ခံစားရပြန်၏။ လမ်းဘေးတစ်ဘက် တစ်ချက်စီမှ အပြန်ကျယ်သော စပါးတောကို သူတို့ မမြင်ရသေး။ နှင်းထုက ထွေးပွေ့ဖုံးကာ ထားပြန်သည်။ နှင်းငွေ့ပါသောလေသည် သူတို့ကို ဝေ့ပက်၏။

"သိပ်ချမ်းနေလား ထား"

"ချမ်းတော့ ချမ်းတာပေါ့ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်လဲ"

"ထား အရမ်းပျော်တယ်"

သူတို့မှာ အနွေးထည် မပါခဲ့ကြ။ ဆောင်းလေ၏ အစူးအရှကို သူတို့ခံနေရသည်။ ထားက စက်ဘီးနောက်မှာထိုင်ရင်း သူ့ခါးကို ကိုင်ထားသည်။





"ဘာဖြစ်ဖြစ် ထားနဲ့မောင် လင်မယားဖြစ်ပြီပဲ၊ ဘယ်သူမှ ခွဲလို့ မရတော့ပါဘူး"

"ထားကိုတော့ အိမ်ပေါ်က နှင်ချမှာ အသေအချာပါပဲ မောင်"

"မောင်နဲ့ တစ်ခါတည်း လိုက်ခဲ့ရုံပေါ့"

"မောင်က ဘယ်နေ့ပြန်မှာလဲ"

"မောင် ကြာကြာနေလို့မရဘူးထား၊ ဒီနေ့လက်ထပ်ပြီးရင် ဆပ်သွားဖူးကို ညပြန်အိပ်၊ မနက်ဖြန်ရထားနဲ့ မောင်ပြန်ဖြစ်မှာ၊ ထားတစ်ခါတည်း လိုက်ခဲ့ ရုံပဲလေ"

"ဟိုရောက်တော့ကော မောင်ကထွက်ရတော့မှာ မဟုတ်လား"

"ဟုတ်တယ်၊ အဲဒါတော့ မောင်လဲ စိတ်မကောင်းဘူး၊ ဟိုရောက်ပြီး နှစ်လသုံးလအတွင်း မောင်ထွက်ရတော့မှာ၊ မထွက်လို့လဲ မဖြစ်ဘူးလေ၊ ဒါပေမယ့် ဘာဖြစ်လဲ အိမ်ခန်းတစ်ခန်းငှားပြီး ထားအတွက် မောင်ငွေအလုံအလောက်ပေးခဲ့မယ်၊ မောင်ပိုက်ဆံတွေ ဘဏ်မှာကျန်သေးတယ်၊ ထားတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်း ပထမတော့ အားငယ်မှာပေါ့၊ နောက်တော့လဲ အဆင်ပြေသွားမှာပါ"

ပြောသာပြောရသည်။ လက်ထပ်ပြီးစ သူက သဘောတက်လျှင် ထားတစ်ယောက်တည်း မျက်စိသူငယ်နှင့် ကျန်ခဲ့မှာကို တွေး၍ စိတ်မကောင်းမိ။

"ရပါတယ်လေ မောင့်မယားဖြစ်ပြီပဲ၊ ဘာအားငယ်စရာရှိမှာလဲ၊ ထားဖြစ်အောင်နေမယ်"

"ထား သတ္တိကို မောင်ယုံပါတယ်"

ရှေ့မှ စက်ဘီးကို နင်းသွားသည့် အောင်မြတ်ကျော်က သူတို့ကို ရပ်စောင့်၏။

"ရှေ့မှာ ရောက်ပြီကွ"

အောင်မြတ်ကျော် စကားကြောင့် လှမ်းကြည့်မိ တော့ နှင်းမကွဲတကွဲမှာ မြို့ပြလက္ခဏာ ထိုးထိုးထောင်ထောင် ဆန်စက်၏ ခေါင်းတိုင်တွေကို ဦးစွာ လှမ်းမြင်ရပြန်၏။

ရုံးရှေ့မှ ချောင်ကျကျ လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ ထိုင်ရင်း ရုံးအဖွင့်ကို သူတို့ထိုင်စောင့်ကြသည်။





မနက်ဖြန် ရထားဖြင့် ပြန်မည်ဟု အောင်မြတ်ကျော်ကို ပြော၏။ ရထားက ညရထားမို့ ညနေမှ ဆပ်သွားဖူးကထွက်မည်ဟု အောင်မြတ်ကျော်က ပြောသည်။

"ငါ ဒီကပြန်ပြီး ဆပ်သွားဖူးရောက်ရင် မြို့ကို ခဏသွားစနည်းနာမယ်၊ မင်းပစ္စည်း ကျန်တာလေးတွေလဲ ယူလာခဲ့မယ်"

ဟု အောင်မြတ်ကျော်က ပြောသည်။

"ကောင်းတယ်"

"ဆရာ့ကိုရော အသိပေးရဦးမလား"

"နေဦး . . အောင်မြတ်ကျော်၊ နောက်မှပဲ အသိပေးတာပေါ့"

ဟု ထားသက်ပိုင် ဆိုသည်။

"မင်းကို ထားအိမ်က လာတွေ့ပြီးမေးရင်ကော ဘယ်လိုလုပ်မလဲ"

"ငါ မသိဘူး၊ မင်းအိမ်မှာ ညအိပ်ပြီး မနက်က ထွက်သွားတာ ပြန်မလာဘူးလို့ ပြောလိုက်မယ်"

"ယုံမှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မယုံလဲနေသေ၊ အဲဒီလိုပဲ ဖြေမယ်"

"ကောင်းတယ်၊ ငါတို့ ရန်ကုန် မထွက်ခင် မဆုံဖို့ပဲ အရေး
ကြီးတာ"

တဖြည်းဖြည်းနှင့် နေရောင်သည် သူတို့ထိုင်နေသည်
စားပွဲဆီသို့ ရောက်လာပြီ။ တရားရုံးကို လှမ်းကြည့်လိုက်တော့
လူတွေ ဝင်ထွက်သွားလာနေတာ တွေ့ပြီ။

"လာ . . . သွားကြရအောင်"

ဆိုင်ထဲကအထွက် ဟိုသည်ကြည့်ရင်း သူတို့ သတိနှင့်
ထွက်လိုက်ကြသည်။ ပြီးတော့ မြို့နယ်ကောင်စီရုံးဟု ရေးထား
သည့် အဆောက်အအုံ ဝန်းအတွင်းကို လှမ်းဝင်လိုက်ကြသည်။

ထိုဝန်းအတွင်းမှာပင် မြို့နယ်တရားသူကြီးရုံး ရှိနေပါ၏။

မြို့နယ်တရားသူကြီး၏ ရှေ့မှောက်မှာ လက်မှတ်ရေးထိုး
ခဲ့ပြီးနောက် လွတ်လပ်ပေါ့ပါးစွာဖြင့် သူတို့ ထွက်လာခဲ့ကြသည်။

"ကျေးရွာကောင်စီရှေ့မှာ ညက လက်မှတ်ထိုးသာ
ထိုးခဲ့ရတာ စိတ်တော့ ပူသေးတယ်၊ အခုမှ အပူကျသွားတယ်"

ဟု သူပြော၏။





"မင်းကလဲကွာ၊ ညကလဲ တရားဝင်ပါပဲကွ"

"မဟုတ်ဘူး အောင်မြတ်ကျော်ရ၊ ဒီလိုစာချုပ်စာတန်း
နဲ့ ဘာနဲ့ ခန့်ခန့်ညားညားလေး ကိုင်ထားရတော့ ဘယ်လောက်
ကောင်းမလဲ"

စာချုပ်နှစ်စောင်ကို ထောင်ပြရင်း ပြောလိုက်သည်။

"မောင်ပဲ သိမ်းထားနော်"

ဟု ထားသက်ပိုင်က ပြောသည်။

သူထားသက်ပိုင်ကို ခေါင်းညိတ်ပြရင်း . . .

"အခု ဘယ်သွားမှာလဲ အောင်မြတ်ကျော်"

ဟု မေးသည်။

"လုပ်လေကွာ အထိမ်းအမှတ်တစ်ခုခု၊ ဆိုင်မှာ မင်္ဂလာ
ပွဲ လုပ်မယ်"

"ဟုတ်တယ်၊ ဦးကြီးတို့အတွက်လဲ ဝယ်သွားရမယ်"

"တစ်ယောက်ယောက်နဲ့ တွေ့နေမယ် ဖြစ်ပါ့မလား"

ထားသက်ပိုင်က စိုးရိမ်စကားဆိုသည်။

"အခုချိန် ဘယ်သူတွေ့တွေ့ပေါ့ဟာ၊ အကြင်လင်မယား



www.burmeseclassic.com

www.burmeseclassic.com



အဖြစ် တရားရုံးကတောင် အသိအမှတ်ပြုပြီးပြီပဲ၊ ဘာ
ဂရုမစိုက်နဲ့တော့"

အောင်မြတ်ကျော်က ပြောလိုက်သည်။

"မင်းတို့ ဘယ်လောက်ပျော်မယ် ဆိုတာတော့ မသိ
ငါတောင် မင်းတို့ကို ကြည့်ရင်း အရမ်းပျော်နေတယ် စိုးဝေ"

စက်ဘီးကို သော့ဖွင့်ရင်း အောင်မြတ်ကျော်ပြော

"ငါ့ဘဝမှာ အပျော်ဆုံးအချိန်ပေါ့ကွာ၊ ဘဝမှာ ပျော်
လဲ ရှိပါလားဆိုတာ ငါယုံသွားပြီကွ၊ ဟုတ်တယ်နော် ထား"

ထားက သူ့ကို ကြည့်ရင်း ပြုံးပြလိုက်ပြန်သည်။

ထိုအပြုံးသည်ပင် သူ့ဘဝအတွက် အလှပဆုံး
ကြည်နူးမှုကို အပေးနိုင်ဆုံးအရာဟု သူရင်၌ ခံစားလိုက်ရပြန်



(၁၁)

ဆပ်သွားဖူးကို ပြန်ရောက်တော့ သူနှင့်ထားသက်ပိုင်က
ဆပ်သွားဖူးမှာ ကျန်နေခဲ့သည်။ အောင်မြတ်ကျော်က မြို့ကို
ပြန်သွား၏။

"အောင်မြတ်ကျော် မင်းကို မတွေ့တွေ့အောင် ရှာမှာ
ပဲ"

ဟု ... င်မြတ်ကျော် ... င် သူ သတိပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"တွေ့လဲ ဘာဖြစ်လဲကွာ၊ မင်းတို့လက်ထပ်ပြီးပြီပဲ"

ဟု အောင်မြတ်ကျော်က ခပ်ပေါ့ပေါ့ ပြန်ပြောသည်။

"မတွေ့ရင်တော့ အကောင်းဆုံးပေါ့ အောင်မြတ်ကျော်ရာ"

ထားသက်ပိုင်ကတော့ သူ့မိဘများနှင့် မျက်နှာချင်းဆိုင်လိုဟန်မတူ။

"မပူပါနဲ့၊ ငါကြည့်လုပ်ပါ့မယ်"

ပြောရင်း အောင်မြတ်ကျော် ထွက်သွားသည်။

ညနေပိုင်း နေဝင်ခါနီးမှာ အောင်မြတ်ကျော် ပြန်ရောက်လာသည်။

"ဟင် . . . မေမေ"

အောင်မြတ်ကျော် နောက်မှာလိုက်လာသည့်သူ့ အမေကိုတွေ့ရတော့ ထားသက်ပိုင် အံ့သြတုန်လှုပ်သွားဟန်တူ၏။

"သမီး . . . သမီးလေး"

ထားသက်ပိုင် အမေက လှမ်းခေါ်လိုက်သော်လည်း အမူအရာက တည်တည်ငြိမ်ငြိမ်ပင် . . .





"လာပါ အန်တီ တက်ပါ"

အိမ်ပေါ်တက်ရန် အောင်မြတ်ကျော် ခေါ်သည်။

အနားရောက်လာသည့် ထားသက်ပိုင်၏ ပခုံးကို သူ့အမေက ဖက်ထား၏။

"သမီးရယ် . . . မိုက်လိုက်တာ"

အသံ တိုးတိုးသည် ကျိတ်၍ ပြောထွက်လာသည်။

"ထားသက်ပိုင် အိမ်ပေါ်ခေါ်ခဲ့ဟာ"

ထားသက်ပိုင်နှင့် သူ့အမေ အိမ်ပေါ်တက်လာ၏။

နေရာထိုင်ခင်းပေးပြီးတော့ အောင်မြတ်ကျော်က သူ့ဦးကြီးလင်မယားနှင့် ထားသက်ပိုင်အမေကို မိတ်ဆက်ပေးသည်။

"ကလေးတွေကို ခုလို စောင့်ရှောက်ထားတာ ကျေးဇူးတင်ပါတယ်"

ဟု ထားသက်ပိုင် အမေက ပြောသည်။

"စိုးဝေရော"

"အပေါ်ထပ်မှာ"

ဟု ထားသက်ပိုင် ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



အောင်မြတ်ကျော် အပေါ်ထပ်သို့ တက်သွား၏။ အပေါ်ထပ်မှာ ဂနာမငြိမ်ဘဲ ဟိုလျှောက်ဒီလျှောက် လုပ်နေသည့် သူကို အောင်မြတ်ကျော်က တွေ့ပြီး အနားရောက်လာသည်။

"ဘာဖြစ်တာလဲ အောင်မြတ်ကျော်"

"စိတ်အေးအေးထားစိုးဝေ၊ ငါမြို့မှာအပြတ် ဆွေးနွေးပြီးမှ ဒီကိုခေါ်လာခဲ့တာ၊ ငါပြန်ရောက်သွားတော့ ငါ့အိမ်ကို စခန်းက မှာထားတယ်၊ငါလာရင် စခန်းကို လွှတ်ပေးပါ လူပျောက်တိုင်ထားတာနဲ့ပတ်သက်ပြီး မေးစရာရှိတယ်လို့ပြောတယ်။ ငါ့အိမ်က စခန်းသွားရှင်းလိုက်၊ ရှောင်မနေနဲ့ဆိုလို့ ငါလဲ စခန်းသွားတယ်၊ တိုတိုပြောရရင်ကွာ စခန်းကတစ်ဆင့် ထားသက်ပိုင်အိမ်ရောက်သွားတယ်၊ သူ့အမေက အကြောင်းစုံ မေးတယ်၊ ငါလဲ အကျိုးအကြောင်း အားလုံးရှင်းပြလိုက်တယ်၊ အခု လက်ထပ်ပြီးပြီဆိုတဲ့ အကြောင်း ပြောပြလိုက်တော့ သူတို့စိတ်လျှော့သွားပုံရတယ်၊ စခန်းမှာ လူပျောက်တိုင်တာ အမှုပိတ်တယ်၊ ပြီးတော့ လက်ထပ်ပြီးမှတော့ ပေးစားရတော့မှာပေါ့၊ မင်းနဲ့အတူ အန်တီလိုက်ခဲ့မယ်၊ တစ်ရက်က နှစ်ရက်





ဖြစ်ချင်ဘူးဆိုလို့ ငါခေါ်လာတာ၊ အေးအေးဆေးဆေးပါ၊ လာ း ဆင်းတွေ့လိုက်"

အောင်မြတ်ကျော်က အကျိုးအကြောင်း ရှင်းပြပြီး မိပေါ်ထပ်မှဆင်းရန် သူ့ကို ခေါ်သည်။

အောင်မြတ်ကျော်နှင့်အတူ သူအောက်ထပ်ဆင်းလာ ကြ၏။

အောက်ထပ်မှာ အောင်မြတ်ကျော် ဦးကြီးလင်မယား နှင့် သူတို့ ဝိုင်းထိုင်ကြသည်။

"ဘာဖြစ်ဖြစ် လူကြီးကတော့ စိတ်ပူတာပေါ့၊ သူငယ်ချင်း မ်သွားမယ်ပြောသွားပြီး ပျောက်သွားတော့ ဟိုတွေးဒီတွေးနဲ့ ူပျောက်တိုင်ရသေးတယ်လေ၊ ပညာ တစ်ပိုင်းတစ်စနဲ့ အခုမှ သက်က ငယ်ငယ်လေးဆိုတော့ ဘယ်အိမ်ထောင်ပြုစေချင်ဦး ဲရှင်"

"ဟုတ်တာပေါ့ . . . ဟုတ်တာပေါ့"

ဟု အောင်မြတ်ကျော်၏ အဒေါ်က စကားထောက်ပေး ည်။



www.burmeseclassic.com

www.burmeseclassic.com



"အခု လက်ထက်ကြပြီးပြီဆိုတော့လဲ ကျွန်မတို့
ဘာတတ်နိုင်မှာလဲ၊ မိဘဝတ္တရား ဆောင်ရွက်ပေးရုံပဲ ရှိတော့
တာပေါ့၊ သူ့အဖေက နှလုံးရောဂါနဲ့၊ ပြီးတော့ ကျန်းမာရေး
ချူချာချာဆိုတော့ ချက်ချင်းလဲတာပဲ၊ သူ့အဖေက မှာလို့
တယ်၊ ရုံးမှာ လက်ထပ်ပြီးပြီဆိုပေမယ့် မြို့မှာ မျက်နှာပန်း
အောင် လူကြီးစုံရာနဲ့ တောင်းခိုင်းပါတဲ့၊ အဲဒါ မောင်စိုးဝေ"

"ဟုတ်ကဲ့ . . . အန်တီ"

"မင်း မြို့ရောက်ရင် မင်းတို့ဆရာနဲ့ တိုင်ပင်ပြီ
လုပ်လိုက်ကြဦး၊ ပြီးတော့ အန်တီတို့ကပဲ တာဝန်ယူပြီး မင်္ဂလာ
လေး ခပ်ကျဉ်းကျဉ်းပေါ့လုပ်ပေးမယ်၊ မင်္ဂလာဆောင်ပြီး
အန်တီတို့လဲ မျက်နှာပန်းလှမှာ"

ထားသက်ပိုင်အမေက သူ့ကို ကြည့်ရင်းပြောသည်။

"ဟုတ်ကဲ့ အန်တီ"

"ဒီညပဲ အန်တီတို့ အိမ် လူကြီးစုံရာနဲ့ အပ်တဲ့ပွဲ
ဖြစ်အောင် ကျွန်တော်တို့ လုပ်ပါ့မယ်၊ ဒီက ပြန်ရောက်ရော
ချင်း ဆရာ့ဆီ သွားပြောမယ်၊ ဟုတ်တယ်နော် စိုးဝေ"





အောင်မြတ်ကျော်က ဝင်ပြောသည်။

"ကဲ . . ဒါဆို အန်တီတို့ ပြန်ကြရအောင်၊ ဟိုရောက်
ရင်လဲ ဒီညစီစဉ်စရာရှိတာလေးတွေ စီစဉ်ရဦးမယ်"

"စိုးဝေ . . . မင်းတို့ အပေါ်မှာ သိမ်းစရာရှိတာ
သွားသိမ်းကြ၊ သွား . . . ထားသက်ပိုင်"

အပေါ်မှာ သိမ်းစရာဘာမှမရှိ။ အောင်မြတ်ကျော်က
သူတို့နှစ်ဦးကို လွတ်လွတ်လပ်လပ် စကားပြောစေချင်၍
အပေါ်လွှတ်မှန်း နားလည်လိုက်၏။

"ခဏနော် . . . မေမေ"

ဟု ထားသက်ပိုင်က ပြော၍ ခွင့်တောင်း၏။

"ခဏလေးစောင့်ပါဦးအန်တီ"

ဟု သူကလည်း ခွင့်တောင်းရင်း အပေါ်ထပ် တက်ခဲ့ကြ
သည်။

"ဘယ်လို သဘောရသလဲ ထား"

အပေါ်ထပ်ရောက်တော့ ထားသက်ပိုင်ကို တီးတိုးမေး
သည်။



www.burmeseclassic.com

www.burmeseclassic.com



"အခု ပြောနေတာတွေကတော့ တကယ်ပဲထင်ရတာ မောင်၊ ပြီးတော့ ထားတစ်ခုစဉ်းစားမိတာက ညာခေါ်တာပဲထား ထားနဲ့ မောင်နဲ့က လက်ထပ်ပြီးသားပဲ၊ လက်ထပ်စာချုပ်ထွေ မောင့်ဆီမှာ ရှိနေပြီးသားပဲ၊ ထားက မောင့်မယားဖြစ်နေပြီလေ မောင့်မှာ ထားကို ပြန်ခေါ်နိုင်ခွင့်ရှိတာပဲ၊ မမေတို့ ဒီလောက် တော့ နားလည်ပါတယ်၊ အတင်းအကျပ်မလုပ်ဘူး၊ ထားထင်တဲ့ အတိုင်းပြောမယ်နော်"

"ပြော"

"မမေတို့က အခုပြောတဲ့အတိုင်း ထားနဲ့မောင်ကို အချိုသတ်ပြီး လက်ထပ်ပေးမယ်၊ ပြီးမှ မကွဲကွဲအောင် ခွဲလို့ရ မယ်ထင်တယ်"

"ဒါက အကြောင်းမဟုတ်ပါဘူး ထားရယ်၊ ထားနဲ့ မောင်နဲ့အပေါ်မှာ မူတည်တာပဲ၊ ထားနဲ့ မောင် တစ်ယောက်နဲ့ တစ်ယောက် နားလည်နေရင် ပြီးတာပဲ"

"ထားလဲ ဒီလိုပဲ သဘောရတယ်"

"မောင်လဲ ဘာမှတော့ ဖြစ်မယ်မထင်ပါဘူးထား





လက်ထပ်မထားရသေးရင်တော့ တစ်မျိုးပေါ့၊ အခုတော့ သူတို့ ဘာမှလုပ်လို့မရဘူး"

"လိုက်သွားကြည့်မယ်လေ မမေပြောတဲ့ အတိုင်း မလုပ်ဘူးဆိုတော့လဲ မနက်ဖြန် မောင်နဲ့အတူ ထား ရန်ကုန် လိုက်ခဲ့ရုံပဲပေါ့"

"ကဲ . . ဒါဆိုလဲ ပြီးရော၊ သွားကြမယ်"

သူတို့နှစ်ယောက် အပေါ်ထပ်မှ ဆင်းခဲ့ကြသည်။

အောက်ထပ်ရောက်တော့ အောင်မြတ်ကျော်၏ ဦးကြီးနှင့် အဒေါ်ကို သူတို့နှစ်ယောက်ထိုင်ပြီး ကန်တော့ လိုက်သည်။

အိုအောင်မင်းအောင် ပေါင်းကြရပါစေဆိုသည့် ဆုကို ကြားရတော့ သူတို့နှစ်ဦး ရင်ထဲ၌ တစ်လှပ်လှပ် အခုန်မြန်လာ သည်။

ထားသက်ပိုင်၏ အမေကလည်း ကျေးဇူးတင် စကား များပြောရင်း နှုတ်ဆက်သည်။

ဆပ်သွားဖူးရွာမှထွက်တော့ နေလုံးကွယ်ပြီ။

သည်ရွာနဲ့မြို့က သိပ်မဝေးလှသည်မို့ ခဏလေးအတွင်း



www.burmeseclassic.com

www.burmeseclassic.com



သူတို့ မြို့ကို ပြန်ရောက်တော့မည် သိလိုက်သည်။



(၁၂)

မြို့ကိုရောက်တော့ ထားသက်ပိုင်တို့သားအမိက အိမ်ပြန်သည်။ ဒီညလာခဲ့မည်ဟု ထားသက်ပိုင်၏ အမေကို ပြောခဲ့၏။

သူ့လက်ထဲမှာ စာချုပ်စာတမ်းတွေ ရှိနေသည်မို့ ထားသက်ပိုင်ကို ထည့်လိုက်ရသော်လည်း သိပ်စိတ်မပူမိ။ ပြီးတော့ ထားသက်ပိုင်ကိုလည်း ယုံသည်။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် အောင်မြတ်ကျော်တို့က ဆရာ ဦးကြည်ဆွေ အိမ်ကို တန်းသွားသည်။ ဆရာ့ကို အကျိုးအကြောင်း ရှင်းပြ သည်။

ဆရာက သူစီစဉ်ပေးမယ်ပြောသည်။ ပြီးတော့ ခဏနေ ကြဦးဆိုပြီး စက်ဘီးနှင့် ထွက်သွား၏။

ပြန်လာတော့ သူမိတ်ဆွေ လူကြီးလူကောင်းသုံးဦးတို့ကို ပြောခဲ့ပြီးပြီ။

ညဝင်ခေါ် သွားမည် ပြော၏။

"ဘာမှမပူနဲ့ကွာ၊ အေးအေးဆေးဆေး ဖြစ်သွားမှာပါ လက်ထပ် ပြီးကြပြီဆိုတော့လဲ ဘာတတ်နိုင်မှာလဲ၊ မချစ်သော် လည်း အောင့်ကာနမ်းပေါ့"

ဆရာက သူ့ထံမှလက်ထပ်စာချုပ်တွေကို တောင်းကြည့် ရင်း ပြောသည်။ လက်ထပ်စာချုပ်တွေကို သူ့ကို ပြန်ပေးလိုက် ရင်း . . .။

"စာချုပ်အားလုံးကို မင်းကိုင်ထားတာ တစ်ခုကောင်း တာပဲ"





ဟု ဆို၏။

"ထားသက်ပိုင်က ကျွန်တော်ပဲ အားလုံးသိမ်းထား ပြောတာ"

"အေး . . . ကောင်းတယ်၊ ထမင်းလေး ဘာလေး စားကြ၊ ပြီးရင် ဟို ငါ့မိတ်ဆွေတွေအိမ် ငါတို့လိုက်ခေါ်ပြီး သွားကြ တာပေါ့"

"ဟုတ်ကဲ့ဆရာ"

သူတို့ကို ဧည့်ခန်းထဲမှာ နေရာပေးသည်။

ပြီးတော့ ထားသက်ပိုင် အမေက အိမ်ထဲကို ဝင်သွား၏။ ခဏလေးကြာတော့ ထားသက်ပိုင်၏ အဖေနှင့်အတူ အိမ်ထဲမှ ထွက်လာပြီး ဧည့်ခန်းမှာ ဝင်ထိုင်သည်။

နေကောင်းလား စသည့် ပဋိသန္ထာရစကားကို ဆရာနှင့် တကွ ပါလာသူများက ပြောဆိုကြ၏။

အားလုံးက တစ်မြို့တည်းသားချင်းတွေမို့ ရင်းနှီးနေကြ သည်ပဲ။

ထားသက်ပိုင်ကို တွေ့လိုတွေ့ငြား မျက်စိကစားရှာ



www.burmeseclassic.com

www.burmeseclassic.com



သူရှာသည်။

ထားသက်ပိုင်၏ အရိပ်အယောင်ကိုမျှ မမြင်ရ။

"ကဲ . . . ကလေးတွေကိစ္စပြောကြ ဆိုကြရအောင် ဆိုလို့ ကျွန်တော်တို့လဲ လာခဲ့ကြတာပါ"

ဟု ဆရာက စကားစသည်။

"ဆရာ . . . ခဏလေး"

ဟု ထားသက်ပိုင်အဖေက လက်ကာပြီး ပြောသည်။ အားလုံးက ကျော်ပြီး ထားသက်ပိုင် အဖေဆီ အကြည့်ရောက်သည်။

"ကျွန်တော်ပဲ ပြောပါရစေ ဆရာ၊ ဆရာတို့ ပြောပြီးမှ ဆိုရင် ကျွန်တော်တို့ သဘောမသိဘဲ နေမှာစိုးလို့ပါ၊ ဒီလိုပါ ဆရာ၊ အခု လူငယ်ချင်း သူတို့လက်ထပ်ထားကြတယ်ပြောတယ်"

"ဟုတ်ပါတယ်"

ဟု ဆရာက ဝင်ပြော၏။

"ဒါပေမယ့် အဲဒါကို ကျွန်တော်တို့ မိဘနှစ်ပါးက လုံးဝသဘောမတူပါဘူး"





"ခင်ဗျာ"

ဆရာနှုတ်မှ အံ့ဩစကားသံ ထွက်သည်။ သူ့ရော အောင်မြတ်ကျော်ပါ အလွန်အံ့ဩသည့် အမူအရာဖြင့် တုန်လှုပ်ချောက်ချား သွားရပြန်၏။ ရင်ထဲမှာလည်း ဒေါသ ကြောင့် ပူလောင် ဆူပွက်သည်။

"ဒီတော့ တစ်ဘက်က ကြိုက်သလိုလုပ်ပါ၊ တရားရုံးမှာ ဖြစ်ဖြစ် တရားစွဲပြီး ပြန်ခေါ်ချင်ခေါ်ပါ၊ ကျွန်တော်တို့ကတော့ ကျွန်တော်တို့သမီးကို ပြန်သိမ်းပါတယ်၊ သဘောမတူပါဘူး"

"ကျွန်မတို့သမီးကို ဒီသူငယ်နဲ့ လုံးဝသဘောမတူဘူး ဆိုတာ ဆရာတို့ မြို့မိ မြို့ဘများရဲ့ရှေ့မှာ ကျွန်မတို့ မိဘနှစ်ပါး လုံးက ပြောပါတယ်၊ ဒီအချိန်ကစပြီး ကျွန်မတို့ သမီးကို ကျွန်မတို့ ပြန်သိမ်းပါတယ်"

"ဟို . . လက်ထပ်ပြီးသားဆိုတော့ . . . "

ဟု ဆရာ့မိတ်ဆွေ တစ်ဦးက စကားစသည်။

"လက်ထပ်ပြီးသားမို့ ပိုင်ခွင့်ရှိတယ် ယူဆရင် တရားရုံး တပဲ စကားပြောပါ၊ ကျွန်မတို့ကတော့ သမီးကို ပြန်သိမ်းပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကဲ ဆရာတို့ ဆက်ပြောစရာ မရှိတော့ပါဘူး"

"ကျွန်တော်တို့ဘက်က သဘောထားကို ပွင့်ပွင့်လင်းလင်းပြောပြီးပြီမို့ဆရာတို့ ဒီမှာ ပြောစရာကုန်ပါပြီ၊ ဆရာတို့ ပြန်ကြပါတော့"

ထားသက်ပိုင်၏ မိဘနှစ်ပါးလုံးက စကားဖြတ်ပြီး ထရပ်လိုက်သည်။

အားလုံး ဘာလုပ်ရမှန်း မသိအောင် ငေးကြောင်နေကြ ဆဲ။

"မောင်"

ဟုအော်ပြီး ထားသက်ပိုင် အိပ်ခန်းထဲမှ ပြေးထွက်လာသည်။ ထားသက်ပိုင်၏ အဒေါ်က ထားသက်ပိုင်ကို နောက်မှ ဖက်ထားတာ တွေ့၏။ သူ ရုတ်တရက် ထရပ်လိုက်မိသည်။

"မောင် . . ထားကို မထားခဲ့နဲ့ ခေါ်သွား၊ ထား မောင်နဲ့ ပဲလိုက်မယ်"

ရှန်းရင်း သားထားသက်ပိုင် အော်ပြောသည်။

"ကျွန်တော့် မိန်းမကို ကျွန်တော် ခေါ်သွားပါရစေ"





သူ့ နှုတ်မှ အသံထွက်လာ၏။

"မင်း တရားရုံးကခေါ်လေ"

ဟု ထားသက်ပိုင် အဖေက ခပ်ပြတ်ပြတ်ပြောသည်။

"မနေခဲ့ဘူး၊ မနေခဲ့ဘူး"

ထားသက်ပိုင်က ရုန်းရင်း ရှေ့ကို အားယူ လျှောက် သည်၊ ထားသက်ပိုင်၏ အဒေါ်က နောက်မှ ဖက်ထားရင်း ရုတ်တိုက်ပါလာသည်။ ဆရာနှင့်အားလုံး ထရပ်လိုက်၏။

"ထားလိုက်မယ် ထားတို့ကို မခွဲနဲ့"

ဆောင့်ရုန်းရင်း ထားက ပြေးထွက်သည်။ ထားသက်ပိုင် ၏ အဒေါ်လက်မှလွတ်ပြီးလာသည်။ ထားသက်ပိုင် အမေက သူ့အနားရောက်လာသည့် ထားသက်ပိုင်၏ ထားလျှားကျနေ သည့် ဆံပင်ကို ရုတ်တရက် ဆွဲလိုက်သည်။ ထားသက်ပိုင် တုန့်ခနဲ နောက်ကျသွားသည်။

"မေမေ သမီးကို မနှိပ်စက်ပါနဲ့"

ဟု ပြောရင်း သူ့အမေ ခြေထောက်ကိုဖက်ပြီး ထား သက်ပိုင် ငိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ .. မောင်စိုးဝေ လာ၊ သူတို့ပြောတဲ့အတိုင်း တရားရုံးက ခေါ်ကြတာပေါ့ကွာ၊ တရားဥပဒေရှိနေတာပဲ"

"လုပ်ပါ ဆရာ"

ဆရာ ဦးကြည်ဆွေကို ထားသက်ပိုင် အဖေက ခပ်ငေးငေး ပြောသည်။

"ထား . . . မောင် ထားကို ကို တရားရုံးက ပြန်ခေါ်မယ်၊ ထား ဘာမှ မပူနဲ့"

ပြောပြီး သူတို့ အိမ်ထဲမှ ထွက်လာခဲ့ကြသည်။ ထား ရှိုက်သံသည် တဖြည်းဖြည်း ဝေးကျန်ခဲ့သော်ငြား နှလုံးသား အပူကား အရှိန်မလျော့။



(၁၃)

လာကွာ . . . အခုပဲ သွားမယ်ဟု ပြောကာ အိမ်ရောက်သည်နှင့် သူတို့ သုံးဦး ပြန်ထွက်လာကြသည်။ ဆရာက တရားရုံးကိစ္စတွေအတွက် သူ့သူငယ်ချင်း ရှေ့နေအိမ်သွားတိုင်ပင်မည် ပြောကာ ထွက်လာခဲ့ကြသည်။ ဆရာက သူ့ကိစ္စအတွက် အတော်လေး ခံပြင်းနေပုံရ၏။

မင်းမှာ အသိုင်းအဝိုင်းမရှိ၊ ငွေမရှိနဲ့ တရားရုံးအထိ ရောက်အောင် လုပ်မှာမဟုတ်ဘူးလို့ တွက်ထားပုံရတယ်ကွာ၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က မှန်တာတော့ ဘာလို့ လျှော့ရမှာလဲဟု ဆရာပြောသည်။

ဆရာ့ သူငယ်ချင်း ရွှေနေအိမ်ကိုရောက်တော့ ဆရာ့ သူငယ်ချင်းကို အခန့်သင့်ပင် တွေ့၏။

ဆရာက အကျိုးအကြောင်း ရှင်းလင်းပြပြီး သူ့ဆီက လက်ထပ်စာချုပ်တွေကို ထိုးပေးသည်။

ဆရာ့ သူငယ်ချင်းက လက်ထပ်စာချုပ်တွေကို အသေအချာ စစ်ဆေးကြည့်သည်။

"ငါတို့က တရားရုံးကနေ အမြန်ဆုံး ပြန်ခေါ်ချင်တယ်"

ဆရာကြီး ဦးကြည်ဆွေက ထပ်ပြောသည်။ ဆရာ့ သူငယ်ချင်း ဘာပြန်ပြောမည်ကို ရင်တထိတ်ထိတ်နှင့် သူ နားစွင့်ထား၏။

"ခေါ်လို့ရပါတယ် "

စာချုပ်တွေကို သူ့လက်ထဲ ပြန်ထည့်ပေးရင်း ပြော၏။ ဆရာ့သူငယ်ချင်းစကားကြောင့် အားတက်သွားမိပြန်သည်။

"နေဦးကွာ . . . ကောင်မလေး အသက် ဘယ်လောက် ရှိပြီလဲ"





သူ့ကို ကြည့်ရင်း ဆရာ့ သူငယ်ချင်း ရွှေနေက မေးသည်။

"ဆယ့်ရှစ်နှစ် ပြည့်ပြီးပြီ ဆရာ၊ ၁၉၆၈ ဇွန်လပါ ဆရာ"

"ဟာ . . သွားပြီ"

ဆရာ့သူငယ်ချင်းက သူနဖူးကို သူလက်ဝါးနှင့် ရိုက်လိုက်တာတွေ့၏။

"ဘာဖြစ်လို့လဲကွ"

ဟုဆရာ ဦးကြည်ဆွေက မေးသည်။ သူနှင့် အောင်မြတ်ကျော်ကလည်း ဆရာ့ သူငယ်ချင်း မျက်နှာကို စူးစိုက် ကြည့်ရင်း အံ့အားသင့်နေမိကြပြန်၏။

"နှစ်ဆယ် မပြည့်သေးဘူးနော်"

ဟု ထပ်မေးမြန်သည်။

"မပြည့်သေးပါဘူး ဆရာ၊ ဆယ့်ရှစ်နှစ်ပဲ ပြည့်ပါသေးတယ်"

"အဲဒါဆို မင်း ရှုံးပြီ၊ အဲဒီအချက်ကို ဟိုဘက်ကသိထားလိမ့်မယ်၊ သူတို့လဲ ရွှေနေ တစ်ယောက်ယောက်နဲ့ တိုင်ပင်ထားပုံ



www.burmeseclassic.com

www.burmeseclassic.com



ရတယ်၊ ဒါကြောင့် မင်းကို တရားရုံးကခေါ်လို့ ပြောတာ"

"ရှင်းစမ်းပါဦးကွာ"

ဟု ဆရာ ဦးကြည်ဆွေက ခုံရှေ့ကို တိုးထိုင်ရင်း မေးသည်။

"ဒီလိုကွ၊ အသက်နှစ်ဆယ် မပြည့်သေးတဲ့ မြန်မာ ဗုဒ္ဓဘာသာ မိန်းကလေးတစ်ယောက်ကို မိဘက ပိုင်တယ် မိဘခွင့်ပြုချက် သဘောတူညီချက်ရမှ လက်ထပ်ခွင့်ရနိုင်တယ် သဘောမတူရင် ပြန်သိမ်းလို့ရတယ်ပေါ့ကွာ"

"နေပါဦး အသက်ဆယ့်ရှစ်နှစ်ပြည့်ရင် လက်ထပ်ခွင့် ရှိတယ်မဟုတ်လား"

"ရှိတယ်၊ နေဦးကွာ မင်းတို့ ရှင်းအောင် စာအုပ်ယူပြ မယ်"

ပြောပြီး ဆရာ သူငယ်ချင်းက ထသွားသည်။ ပြီးတော့ စာအုပ်တစ်အုပ်ကို ယူလာပြီး ပြန်ထိုင်လိုက်၏။

သူ့ရင်ထဲမှာ ဘလောင်ဆူနေပြီး မျက်နှာမှာ ကြေကွဲရိပ် တို့ ထင်နေပေမည်။





စွန့်လွှတ်ရတော့မှာပါလား၊ အသိက တစ်ကိုယ်လုံးကို တုန်ယင်ချောက်ချားနေစေပြန်၏။

"ဒီမှာ ငါလိုတာလေးတွေ ဖတ်ပြမယ်၊ နားထောင်၊ မအေးစိန်နှင့် မောင်လှမင်း ၃-ရန်ကုန် စီရင်ထုံး ၄၅၅တဲ့၊ တစ်ခုလပ် တစ်လင်ကွာနှင့် မုဆိုးမများမှလွဲ၍ အသက်နှစ်ဆယ် မပြည့်သေးသော မိန်းမတစ်ယောက်သည် မိဘ သို့မဟုတ် အုပ်ထိန်းသူ၏ သဘောတူညီမှုကို အထင်အရှား သို့မဟုတ် အဓိပ္ပါယ်သက်ရောက်သည့်သဘောတူညီမှု မရလျှင် တရားဝင် ထိမ်းမြားလက်ထပ်မှုကို မပြုနိုင်တဲ့"

ဆရာ့ သူငယ်ချင်း၏ အသံတို့သည် နှလုံးသားကို တံကျင်နှင့် လျှိုသကဲ့သို့ စူးရှနာကျင်စေပြန်သည်။

"နေဦး၊ နောက်တစ်ခု ရှာပြမယ်"

ပြောပြီး စာအုပ်ကို လှန်နေပြန်၏။

"မခင်ရီနှင့် မောင်ချစ်ပို (ခ) မောင်သန်းထွန်းဦး ၁၉၆၆ မြန်မာနိုင်ငံစီရင်ထုံး (တရားရုံးချုပ်)စာမျက်နှာ ၃၇၆တဲ့၊ နား ထောင် လိုတဲ့နေရာကို ဖတ်ပြမယ်၊ မြန်မာ ဗုဒ္ဓဘာသာ ထုံးများ



www.burmeseclassic.com

www.burmeseclassic.com



ဥပဒေအရ ယောကျ်ားတစ်ဦးနှင့် မိန်းမတစ်ဦး နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လျှင် တရားဝင် လက်ထပ်ထိမ်းမြားခြင်းရောက်၏။ မည်သည့် အခမ်းအနား ပြုလုပ်ရန် မလိုပေ။ သို့ရာတွင် အကယ်၍ မိန်းကလေးသည် အသက်နှစ်ဆယ် မပြည့်သေးလျှင် မိဘ သို့မဟုတ် အုပ်ထိန်းသူ၏ သဘောတူညီမှု ရမှသာလျှင် တရားဝင် ထိမ်းမြားခြင်းကို ပြုလုပ်နိုင်သည်။

မိဘ သဘောတူညီချက်ဆိုသည်မှာ သဘောတူကြောင်း ပွင့်ပွင့်လင်းလင်း ပြောဆိုခြင်းသာမက သဘောတူကြောင်း အဓိပ္ပါယ် သက်ရောက်သည့် အပြုအမူမျိုးလည်း ပါဝင်ပေသည် ဤအတိုင်းပင်လျှင် မအေးစိန်နှင့် မောင်လှမင်းတို့အမှုတွင် စီရင်ထုံးဖွဲ့ထားသည်ကို တွေ့မြင်နိုင်သည်။ သို့ဖြစ်ရာ ယခုအမှုတွင် မောင်ချစ်ပိုနှင့် မခင်ရီတို့ ပေါင်းသင်းရာ၌ မခင်ရီ၏ မိဘများ သဘောတူညီချက် ရှိမရှိဆိုသော အချက်ကို ဆန်းစစ်ရန် လိုပေသည်။

"ကဲ . . . ရှင်းတယ်နော်"





စာအုပ်ကို ပိတ်လိုက်သည်။ ရှေ့မှ စားပွဲပေါ်သို့ စာအုပ်ကိုတင်လိုက်၏။ အားလုံး ငြိမ်သက်နေကြပြန်၏။

"ဒါဆို အသက်နှစ်ဆယ်မပြည့်သေးတဲ့ မိန်းကလေးမို့ တရားရုံးက ပြန်ခေါ်ခွင့် မရှိဘူးပေါ့နော်"

ဟု ဆရာ့ထံမှ အသံထွက်လာသည်။

"သူတို့နှစ်ဦး လက်ထပ်ထားလို့တရားရုံးက ပြန်ခေါ်ချင်ခေါ်၊ ဒါပေမယ့် အသက်နှစ်ဆယ် မပြည့်သေးလို့ မိဘက သဘောမတူဘူးဆိုရင် အဲဒီ လက်ထပ်ထားတာဟာ တရားမဝင်တော့ဘူး၊ ဒါကြောင့် ခေါ်လဲ ရှုံးမှာပဲ"

"ဟုတ်တယ်၊ စောစောက မင်းဖတ်ပြသွားတာ ဒီသဘောပဲ"

"ဘာမှ ဆက်လုပ်စရာမရှိတော့ဘူး၊ အသက်နှစ်ဆယ်ပြည့်အောင် စောင့်၊ ပြီးရင် ပြန်လက်ထပ် ဒါပဲရှိတော့တယ်"

လေးလံလွန်းစွာသော ဝန်ထုပ်ဝန်ပိုးဖြင့် နှလုံးသားကို အဖိခံလိုက်ရသူပမာ ခံစားလိုက်ရသည်။ မသက်မသာဖြင့် လေပူကို သူမှုတ်ထုတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအားနည်းချက်ကို သူတို့ သိထားပုံရတယ်၊ မင်းပြောသလိုပဲ ရွှေနေတစ်ယောက်ယောက်နဲ့ တိုင်ပင်ထားပုံရတယ် ဒါကြောင့် သူတို့သဘောမတူဘူးဆိုတာကို ငါတို့ လူတွေအားလုံး ရှေ့မှာ ပြောပြီး သက်သေထူယိုက်သေးတယ်"

ဆရာ ဦးကြည်ဆွေက ပြောပြန်သည်။

သူနှင့်အောင်မြတ်ကျော်ကတော့ ဘာမှ ပြောစရာ စကား မရှိတော့သလို ငြိမ်သက်နေမိကြပြန်၏။

"ကဲကွာ . . . သွားရအောင်၊ ကျေးဇူးပဲကွာ၊ သွားမယ်။ ဘာတတ်နိုင်မှာတဲ့လဲ၊ ဥပဒေအရ တရားမဝင်ဘူးဆိုတော့လဲ ဘာမှဆက်လုပ်လို့ မရတော့ဘူး"

ပြောရင်း ဆရာက ထရပ်သည်။

ဆရာ့ သူငယ်ချင်းတို သူနှင့်အောင်မြတ်ကျော် နှုတ်ဆက်၏။ ပြီးတော့ သူတို့သုံးဦး အိမ်ပေါ်မှ ဆင်းလာခဲ့ကြသည်။



(၁၄)

"ဆရာ စိတ်မကောင်းပါဘူးကွာ၊ မင်းဘယ်လို ခံစားရမယ်ဆိုတာ ဆရာ နားလည်တယ်၊ သိပ်လဲ စိတ်မဆင်းရဲပါနဲ့၊ နဖူးစာမှန်ရင် ပြန်ဆုံကြမှာပေါ့၊ နောက်နှစ်နှစ်ဆိုတာ ဘာကြာမှာလဲ၊ မင်းသင်္ဘောတစ်ခေါက်ထွက်ပြီး ပြန်လာရင် ဒီကိစ္စ အဆင်ပြေသွားမှာပါ"

အရုပ်ကြိုးပြတ်ပမာ ငေးငိုင်ပြီး ထိုင်ချလိုက်သော သူ့ပခုံးပေါ်ကို လက်တင်ရင်း ဆရာက နှစ်သိမ့်အားပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီည ဒီမှာပဲ အိပ်ကြတော့ပြောသဖြင့် ဆရာ့အိမ်သို့ နှစ်ယောက် လိုက်လာခဲ့၏။

"ဆရာ ကျွန်တော် ဘာဆက်လုပ်ရမလဲ"

"မင်းလုပ်စရာရှိတာတွေ လုပ်ရမှာပေါ့၊ မနက်ဖြန် မင်းပြန်မယ်ဆိုပြန်၊ ရန်ကုန်မှာ မင်းဆက်လုပ်စရာရှိတာတွေ ဆက်လုပ် ပြီးရင် သဘောတက်၊ ပြန်လာတဲ့အခါ လက်ထပ်ဖို့ ကိစ္စလုပ်တာပေါ့ ဟုတ်လား"

"ကျွန်တော် သူ့ကို သွားတွေ့ရင်ကော"

"မင်း ဘယ်လိုတွေ့မလဲ၊ မင်းမပြောနဲ့ဘယ်သူနဲ့မှ လောလောဆယ်တော့ တွေ့လို့ရမှာ မဟုတ်ဘူးစိုးဝေ၊ အိမ်ထဲ တောင် အဝင်ခံမယ် မထင်ဘူး"

အောင်မြတ်ကျော်က ဝင်ပြောသည်။

"ဟုတ်ပါတယ်၊ ဒီတစ်လလောက်တော့ ထားသက်ပိုင်ကို ခြေချုပ်ထားမှာပဲ၊ ဖြစ်နိုင်ရင် တခြားပို့ချင်ပို့ထားမယ်၊ မင်းနဲ့ ဘယ်လိုမှ အဆက်အသွယ်မလုပ်နိုင်အောင် ထားကြမှာပဲ"

"ကျွန်တော် သူ့ကို သနားတယ် ဆရာ"





"ဒီအခြေအနေမှာ ဘာမှ မတတ်နိုင်ဘူး စိုးဝေ၊ သူက ကာကယ်လို့ မင်းဆီကို ပြေးလာတယ် ထားဦး၊ ဘာလုပ်လို့မှ ရဘူး၊ သူ့အသက် နှစ်ဆယ်မပြည့်မချင်း ဒီလိုပဲ ကြည့်နေရမှာ ပဲ"

သူ ခေါင်းကို ကုတ်နေမိပြန်၏။

"မင်း ပြန်ပါ၊ မင်းပြောချင်တာတွေအားလုံး စာရေးခဲ့၊ အဲဒီစာလဲ ချက်ချင်းတော့ ထားသက်ပိုင်ဆီ ရောက်ဖို့မလွယ်ဘူး၊ ဒါပေမယ့် အခြေအနေကိုကြည့်ပြီး အခွင့်အရေးရရင် ရသလို ငါသူ့လက်ထဲကို ရောက်အောင် ထည့်ပေးမယ်၊ အကျိုး အကြောင်းလဲ မင်းဆီ ငါစာရေးမှာပေါ့"

"သူ့ကို သူတို့ သဘောမတူတဲ့သူနဲ့ လက်ထပ်ပေးလိုက် ရင်ကော ဆရာ"

"မစိုးရိမ်ပါနဲ့ကွာ၊ ဒါက ထားသက်ပိုင်အပေါ်မှာ မူတည် ပါတယ်၊ သူ ဘယ်လိုမှ သဘောမတူလက်မခံရင် မရပါဘူး၊ ပြီးတော့ မင်းပဲ စဉ်းစားကြည့် အခုလောလောဆယ် ပူပူနွေးနွေး မင်းနဲ့ လိုက်ပြေးထားတာကို ဘယ်ကောင်က ချက်ချင်းယူမှာ တဲ့လဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ ဘာမှ ဆက်မမေးမိတော့။

"စိတ်အေးအေးထားပါကွာ၊ အသက်နှစ်ဆယ်ပြည့်တာနဲ့ ငါခိုးလာပြီး မင်းဆီ အရောက်ပို့မယ်၊ မင်းပြန်မရောက်သေးရင်လဲ ငါစီစဉ်ပေးမယ် ဟုတ်လား သူငယ်ချင်း"

ခပ်နောက်နောက် စကားကို ဆိုတာမှန်း သိလိုက်ပေမယ့် သူ့ကို အားပေး နှစ်သိမ့်စကားဟု သူနားလည်လိုက်သည်။

သက်ပြင်းချရုံမှလွဲ၍ ဘာမှ မတတ်နိုင်။

"ဒီဆုံးရှုံးမှုကြောင့် မင်းလမ်းမင်းပျောက်မခံနဲ့၊ မင်းလမ်းပျောက်သွားတာနဲ့မင်းဘဝမှာ ဆုံးရှုံးမှုတွေ ဆက်တိုက် ပြန်လာလိမ့်မယ်၊ အခုဟာက ယာယီဆုံးရှုံးရတာပဲ၊ ဒါကို ပြန်ပြီး အောင်နိုင် နိုင်ဖို့ မင်းလုပ်စရာရှိတာတွေ ဆက်လုပ်ဖို့ လိုတာပေါ့ စိုးဝေ"

"ဟုတ်ကဲ့ ဆရာ၊ ကျွန်တော် မနက်ဖြန်ည မစောင့်တော့ပါဘူး၊ မနက်ဘဲ ကားနဲ့ပြန်မယ် ဆရာ"

"စာသာ ရေးပေးခဲ့"





အောင်မြတ်ကျော်ကို သူခေါင်းညိတ်ပြသည်။

နှလုံးသားကို နှုတ်ယူခံထားရသူပမာ လပ်ဟာ နာကျင်နေတော့သည်။

အပူမီးသည် အလျှံပြောင်းပြောင်းဖြင့် တောက်လောင်နေ ပြန်၏။

သောကဖြင့် နှိပ်စက်သော ရင်သည် ကျွမ်းမြည့် ကြေကွဲရပြန်ပြီ။ သူ့နှယ်ပင် ထားတစ်ယောက် လောင်မြိုက်ပူပန် ခံစားနေရပြန်မည်ဟု တွေးလိုက်မိပြန်၏။

နာရီသံချောင်းခေါက်သံသည် စူးစူးရှရှ နားထဲသို့ ဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

(၁၅)

ထား

ဒီစာကို ထား ဖတ်ရတဲ့အချိန်မှာ မောင် မြန်မာပြည်မှာ ရှိချင်မှ ရှိနေမှာပါ။

ထားနဲ့မောင် တွေ့ဆုံခွင့်ကို လောလောဆယ် ဘယ်လို ရနိုင်တော့မှာ မဟုတ်လို့ ဒီစာကို မောင် ရေးရင်း နှုတ်ဆက်ခဲ့ ပါတယ်၊ ထားကို မောင့်မယားအဖြစ်နဲ့ တရားရုံးက ပြန်ခေါ်





ရာ့သူငယ်ချင်း ရွှေနေနဲ့ တိုင်ပင်ခဲ့ပါတယ် ထား၊ ဒါပေမယ့် ား အသက်နှစ်ဆယ်မပြည့်သေးလို့ လက်ထပ်ထားတာ တရား င်ဘူးဆိုတာ သိခဲ့ရပါတယ်။

မောင် အားမတန်လို့ မာန်လျှော့လိုက်ရတယ် ထားရယ်၊ ားမောင့်ကို စောင့်နေ၊ ထား အသက်နှစ်ဆယ်ပြည့်တဲ့အချိန် ာ နိုင်ငံခြားက မောင်ပြန်လာမယ်၊ ပြီးတော့ ထားကို လက်ထပ် ယ်။

အဆင်ပြေလို့ ဝေးကြရပေမယ့် ထားနဲ့မောင် တစ်နေ့ ုန်ဆုံ ရမယ်လို့ မောင်ယုံတယ်။

ထားကို ချစ်တဲ့ အချစ်နဲ့ အစစအရာရာမှာ အကောင်းဆုံးဖြစ်အောင် မောင် ကြိုးစားနေမယ်။

ဒီစာကို ထား စောစောရရင်လဲ မောင့်ဆီ အကျိုး အကြောင်း စာပြန်ရေးပါဦး။ စာရေးနိုင်ခွင့် ကြုံရင်ပေါ့ ထားရယ်။ မောင် အနည်းဆုံး နှစ်လကျော်ကျော် သုံးလလောက် တော့ နေဦးမယ် ထင်ပါတယ်။ ထား မောင့်ကို မေ့မသွားပါနဲ့လို့ မောင်တောင်းပန်ပါရစေ။ မောင် ထားကို ထာဝရ ချစ်သွားမယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာလဲ ထားယုံပါ။

ထားကိုချစ်

မောင်

(၁၆)

စိုးဝေ. . .

ငါ့ဆီက စာချက်ချင်းရောက်မလာတော့ မင်းဘယ်လို ခံစားနေရမယ်ဆိုတာ ငါခန့်မှန်းမိတယ်၊ ချက်ချင်း စာမရေးတာက ဘာမှ အကြောင်းမထူးလို့ဘဲ။

မင်းပြန်သွားပြီးတစ်လနီးပါးလောက်က ထားသက်ပိုင်နဲ့ ပတ်သက်လို့ ဘာသတင်းမှ မရဘူး။ သူတို့အိမ်ကိုလဲ ထား သက်ပိုင်ရဲ့ ဘယ်သူငယ်ချင်းမှ အလာမခံဘူး၊ ထားသက်ပိုင်





www.burmeseclassic.com

www.burmeseclassic.com



လဲ အိမ်ထဲက အပြင်မထွက်ရဘူးကွာ။

သတင်းတစ်ခု ထူးခြားတာကတော့ ထားသက်ပိုင်ကို တက္ကသိုလ်ဆက်တက်ခွင့်မပေးတာပဲ။ တက္ကသိုလ်တွေ ပြန်ဖွင့်တာ မင်းလဲသိတာပဲ၊ ငါကသာ စာပေးစာယူ တက်တာမို့ မြို့မှာ ကျန်တာ၊ တခြားကောင်တွေ မရှိတော့ဘူး။

ထားသက်ပိုင် တက္ကသိုလ် မတက်ဖြစ်တာတော့ သေချာတယ်၊ စာပေးစာယူ ပြောင်းလျှောက်လား၊ ဘာလားတော့ မသိဘူး။

ငါ့ညီမက တစ်ဆင့် သိရတာကတော့ သူတို့ သဘောတူတဲ့လူနဲ့ စေ့စပ်ဖို့ ထားသက်ပိုင်ကို နားချ၊ ထားသက်ပိုင်က ငြင်းလို့ တက္ကသိုလ် ပေးမတက်ဘူး ပြောတာပဲ၊ ဟုတ်မဟုတ်တော့ အသေအချာ မသိဘူးပေါ့ကွာ"

အခု ဒီစာရေးတဲ့အချိန်မှာတော့ မင်းစာ ထားသက်ပိုင်ဆီကို ရောက်သွားပြီ၊ မင်းစာ သူ့ဆီရောက်ဖို့ ဆိုတာကလဲ တကယ့်မလွယ်တဲ့ အလုပ်ပဲဟေ့။

ငါ့ညီမကတစ်ဆင့် သူ့ညီမ ဝမ်းကွဲလေးကို စကား





စကြည့်တော့လဲ မပေးရဲဘူး ပြောတယ်၊ ဒါနဲ့ ငါဘယ်လို လုပ်ရမှန်းမသိဘူးဖြစ်နေတာ။

လွန်ခဲ့တဲ့ နှစ်ရက်လောက်ကတော့ မြမြဦးက ငါ့ကို သတင်းလာပေးတယ်၊ ထားသက်ပိုင် ဈေးကို သူ့အမေနဲ့ လိုက်လာတတ်တယ်ဆိုတာကို။ ဒါနဲ့ ငါ မြမြဦးကို သူ့အမေ မမြင်အောင် ဈေးက စောင့်ခိုင်းရတယ်။

သူ့အမေ ဈေးဝယ်နေတုန်း မြမြဦးက အလစ်မှာပေးလိုက်တယ်ပြောတယ်၊ သူ့ အမေသိမှာစိုးလို့ စကားတောင် မပြောခဲ့ဘဲ လူကြားထဲမှာ တိုးပြီး ရှောင်ခဲ့ရတယ်တဲ့။

ဘာပြောပြော မင်းစာတော့ ရောက်သွားပြီ။ မင်းအခြေအနေရော ဘယ်လိုလဲ။ ထွက်ရဖို့ နီးပြီလား။

အကြောင်းထူးရင်တော့ ငါစာရေးမယ်။

ဆရာကလဲ မင်းစိတ်ဓာတ်မကျဖို့ စာထည့်ရေးပါလို့ ငါ့ကို မှာတယ်။ ဒါပဲကွာ. . .။

မင်းသူငယ်ချင်း . . .

အောင်မြတ်ကျော်



www.burmeseclassic.com

www.burmeseclassic.com



အောင်မြတ်ကျော် . . .

မင်းဆီက စာကိုရတယ်။

ထားဆီကို ငါ့စာရောက်သွားပြီဆိုတာသိရလို့ ဝမ်းသာ
တယ်။

သူ အသက်နှစ်ဆယ် မပြည့်မချင်း ဘာမှ ဆက်လုပ်
မရဘူးဆိုတာ သူသိစေချင်တာပါပဲ၊ ဒါမှ မဟုတ်ရင် ငါက ဘာ
ဆက်ပြီး မကြိုးစားဘူးထင်သွားမှာကို စိုးတယ်။

ပြောသာ ပြောရတာ၊ သူ့ အမေကြီးကလဲ ဒီအချက်
သူသိအောင် ပြောထားမှာပဲလို့ နောက်မှ ငါတွေးမိတယ်၊ ဒါ
အသိပေးထားမှ နောက်တစ်ခါ အိမ်ပေါ်က ဆင်းလိုက်ပြေ
တာမျိုး မဖြစ်ဘဲ နေမှာပေါ့၊ ဟုတ်ဘူးလား။

ခက်တာက သူနဲ့ ဘာအဆက်အသွယ်မှ မရဘူး ဆိုတော
လဲ သူ့အခြေအနေမှန်ကို သိရဖို့ခက်သားပဲလေ။

ငါ သူ့ကို ဘယ်လောက်ချစ်တယ်ဆိုတာ သူ့ဆီ
သဘောတစ်ခေါက်လိုက်ပြီး ငါပြန်လာမယ်ဆိုတာ သူသိရ
ပြီးတာပါပဲကွာ။





စာသူ့ဆီရောက်ဖို့ ဒီလောက် ခက်နေရင်လဲ နောက်ထပ်
ငါမရေးတော့ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မြမြဦး အဲဒီလို
စာအဆက်အသွယ်လုပ်ပေးတာကို သူ့အမေသိသွားရင် ထားကို
ချက်ချင်း အိမ်ထောင်ချပေးတာတို့ ဘာတို့ ဖြစ်သွားမှာစိုးတယ်။

အစိုးရိမ်လွန်ပြီး ဇွတ်လုပ်မှာကို ငါတွေးမိတယ်ကွာ၊
ဒီလိုပဲ နေလိုက်ရင် ငါလဲ သင်္ဘောထွက်လို့ အဆက်အသွယ်
မရှိဘူး ယုံလာရင် ထားအတွက် လွတ်လပ်လာမယ်။

ထားကို ပိုပြီး ယုံလာနိုင်တာပေါ့။ ဒါမှ ထားအသက်
နှစ်ဆယ်ပြည့်လို့ ငါပြန်ရောက်လာတဲ့အခါ လွယ်လွယ်ကူကူ
တွေ့ဖို့ ဆုံဖို့ ဖန်တီးနိုင်မှာ။

ဒါပါပဲကွာ။ ငါ သင်္ဘောထွက်ဖို့လဲ နီးပြီကွ။ နောက်
တစ်လ အလွန်ဆုံး နှစ်လပေါ့ကွာ။ အဲဒီလောက်ဆို ထွက်ဖြစ်
မယ်။ အလုပ်ရှုပ်နေပြီကွာ။

မင်းရဲ့သူငယ်ချင်း

စိုးဝေ

အောင်မြတ်ကျော် . . .



www.burmeseclassic.com

www.burmeseclassic.com



ငါသဘော်ထွက်ရတော့မယ်၊ လေယာဉ်လက်မှတ်တော့ ရောက်ပြီ။ ရက်သေချာရင် စတစ်ကာ ကပ်ဖို့ပဲကျန်တယ်။ ဆရာ ကိုလဲ စိတ်နဲ့ပဲမှန်းပြီး ကန်တော့ခဲ့တယ်ဆိုတာ ပြောပေးပါ ရက်ပိုင်းအတွင်းမှာ ငါ မြန်မာပြည်နဲ့ ငါချစ်တဲ့ထားတို့ မင်းတို့ ခွဲရတော့မယ်။

ထားကို ပြောခွင့်ရလို့ရှိရင် ပြောပေးကွာ။ ငါ ဘယ်တော့ မှ သူ့ကို မမေ့ဘူး။ နေ့တိုင်း လွမ်းတယ်။

သူ့ အသက်နှစ်ဆယ် ပြည့်မယ့် ၁၉၉၀ ထဲမှာ ငါ အရောက် ပြန်လာမယ်။

ထားကို ဒုတိယအကြိမ် ငါပြန်လက်ထပ်မယ်။

သူ့ အခြေအနေကောင်းလို့ အပြင်ကို သွားခွင့်လာခွင့် ရှိလာတဲ့အခါ ငါ့ဆီကို စာထည့်ရေးကွာ။ မင်းလိပ်စာနဲ့ ငါစာရေး မယ်။ အခုတော့ သူပိုပြီး တင်းကျပ်နေမှာစိုးလို့ ငါစာမရေးတော့ ဘူး။ နှုတ်ဆက်ခဲ့တယ်လို့ပဲ ပြောပေးကွာ။

မင်းရဲ့

စိုးဝေ



(၁၇)

မနက် အစောကြီး လေယာဉ်ကွင်းကို ဆင်းရမည်ဆို တော့ သူနှင့်အတူ သင်္ဘောတစ်စီးတည်း ထွက်ရမည့် သူငယ်ချင်း အိမ်မှာပင် ညအိပ်ဖို့ သူ စီစဉ်သည်။ သူ့ကို လိုက်ပို့ နှုတ်ဆက် မည့်သူလည်းမရှိ။ သူတစ်ဦးတည်းဆိုတာ သူငယ်ချင်းက သိထားသောကြောင့်လားမသိ။ လေယာဉ်ကွင်းဆင်းဖို့ သူ့အိမ် ကပဲ သူနှင့်အတူ ဆင်းရန် ပြောသည်။ အဆောင်ကဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



သူတစ်ဦးတည်း ကသီလင်တ ဖြစ်နေဦးမည် စဉ်းစားရင်း သူ ခေါင်းညိတ်ခဲ့၏။

မထွက်ခင် တစ်ရက်အလို မနက်ခင်းမှာ သူအဆောင် (၁၆)မှ သူငယ်ချင်းအိမ်ကို ပြောင်းခဲ့သည်။ သူ့မှာ ထွေထွေထူးထူး ဘာပစ္စည်းမှမရှိ။ သားရေသတ္တာ တစ်လုံးသာ ပါသည်။ အဆောင်ပိုင်ရှင်ကို အဆောင်ပြန်အပ်လိုက်သည်။

အဆောင်မှာ နှုတ်ဆက်စရာ မိတ်ဆွေရင်းချာလည်း မရှိပြန်။ သူ ရန်ကုန်ရောက်စက လှည်းတန်း လက်ဖက်ရည်ဆိုင်မှာ တွေ့ပြီး သူ့ကို အဆောင်ရှာပေးသည့် သူငယ်ချင်းကလည်း သင်္ဘောထွက်သွားပြီ။

ကျန်တဲ့ အများစုက ရုံးအလုပ်သမားများဖြစ်ပြီး မနက်လင်းထွက်၊ မိုးချုပ်မှ ပြန်ရောက်ကြသူများပင်။ သူကလည်း မနက်စောစောထွက်၊ မိုးချုပ်မှ ပြန်ရောက်။ လက်ဖက်ရည်ဆိုင် ထိုင်ဖို့ မျက်နှာချင်းဆိုင် ဆုံဖြစ်ခဲ့သည်။ တွေ့လျှင် ပြုံးပြ၊ တစ်ခွန်း နှစ်ခွန်း စကားပြော အဆင့်ပင်။ အခုလည်း သူ့အခန်း သော့ပိတ် စဉ်ဘေးခန်းတွေကို ကြည့်လိုက်တော့ လူမရှိတော့ပြီ။





သူငယ်ချင်း ကားပေါ်မတက်ခင် အဆောင်လေးကို နှုတ်မှတ်ရရ သူ လှမ်းကြည့်လိုက်မိသေး၏။

မနက်ဖြန် ထွက်ရမှာဆိုတော့ သည်နေ့တစ်နေ့လုံး အလုပ်ရှုပ်နေပြန်၏။ ညနေပိုင်းမှာ ဒီဂျီက သူတို့ထွက်မည့်သူ အားလုံးကို ခေါ်ယူ၍ ဆုံးမဩဝါဒပေးသည်။ ရုံးပေါ်ကဆင်းတော့ ငါးနာရီကျော်ပြီ။ သူငယ်ချင်းကားနှင့် သူငယ်ချင်း အိမ်ကို ပြန်လာခဲ့၏။

သူငယ်ချင်းနှင့် သူ့မိသားစုကတော့ ထုံးစံအတိုင်း အလုပ်ရှုပ်နေကြသည်။ ဆွေမျိုးတွေလာပြီး နှုတ်ဆက်နေသံ ကြား၏။ သူကတော့ ရေမိုးချိုးပြီး သူငယ်ချင်းအခန်းထဲမှ ကုတင်ပေါ်မှာပင် လှဲနေသည်။

"ပျင်းနေပြီလား စိုးဝေ"

"ရတယ် မင်းလုပ်စရာရှိတာသာ လုပ်၊ ငါနေတတ်ပါတယ်"

"ရော့ သတင်းစာဖတ်"

သတင်းစာကို သူ့ကို ပစ်ပေးသွားရင်း သူငယ်ချင်းက



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှ ထွက်သွားသည်။

သတင်းစာကို သူလှန်ဖတ်လိုက်မိ၏။

တစ်ရွက်ပြီး တစ်ရွက် လှန်ဖတ်နေမိရင်း ရုတ်တရ
သူ ထထိုင်လိုက်မိသည်။ တစ်စုံတစ်ရာသော အင်အားက သူ
ဆတ်ခနဲ ဆွဲမ လိုက်သည့်နှယ် လဲလျောင်းနေရာမှ ထိုင်လျ
ဖြစ်သွားသည်။ ပြီးတော့ ခေါင်းကိုငုံ့လျက် အသေအချာ ဖ
နေမိပြန်၏။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း သတင်း။ ထားသက်ပို
တဲ့။ နာမည်တူဖြစ်မည်လား၊ အတွေးကလည်း ချက်ချင်း ပျော
သွားရပြန်၏။

မိဘအမည် မြို့အမည်တွေက မလွဲ။ နှစ်ခေါ
သုံးခေါက် ပြန်ဖတ်မိပြန်သည်။ သူ့အိပ်မက် မက်နေတာလာ
ရှေ့မှာ မြင်နေရသည့် သတင်းကို မြင်ရလျက်နှင့် သူမယုံချ
သတင်းစာ အဖုံးကို လှန်ကြည့်လိုက်မိပြန်၏။ သည်နေ့ထု
သတင်းစာ။

တောက်တစ်ချက်ကို သူခေါက်လိုက်မိသည်။ ပြီးတော





လေးလံစွာ သက်ပြင်းရှည်ကို ချ၏။ သတင်းစာကို ဆုပ်ကိုင်ရင်း
သူ ခုတင်ပေါ်မှ ဆင်းရပ်သည်။

သူငယ်ချင်းရဲ့ အိမ်ပါလား အသိက သူ့စိတ်ကို
ထိန်းချုပ်ရန် သတိပေးနေပြန်၏။ အခန်းထဲမှာ ဟိုသည်
ခေါက်တုံ့ လျှောက်သည်။ ရင်ထဲမှာ ပူလာ၏။ သတင်းစာကို
တင်းတင်း ဆုပ်ထားမိရင်း ခုတင်ပေါ် ပြန်ထိုင်မိပြန်သည်။
သူ့မျက်ဝန်းမှာ မျက်ရည်စတို့ တွဲခိုလာပြီသိတော့ လက်ဖြင့် သူ
သုတ်လိုက်မိ၏။

ထားကို သူ ဆုံးရှုံးပြီပဲ နားလည်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

(၁၈)

သည်လို လုပ်သွားမည်ဟု ဘယ်တုန်းကမှ မျှော်လင့်ထားခြင်းမရှိခဲ့သည်မို့ တကယ်တမ်းကြုံရတော့ ကြေကွဲမှုတအထွတ်အထိပ်ကို ရောက်ပြီ။

ယုံစားမိခြင်း၊ မျှော်လင့်ခြင်း အားလုံးကို ခြေဖျက်ရက်သူဟု ခံစားရပြန်သည်။ အသက်နှင့်လဲ၍ ပေးခဲ့တဲ့ ကတိကိုစောင့်ထိန်းမည့်သူဟု ထင်ခဲ့ခြင်းသည် သဲထဲရေသွန်ဖြစ်ရပြီတည့်။ နင့်အပေါ်မှာ ဘယ်တော့မှ သစ္စာမဖောက်ဘူးဆိုသည့်





ဘုရားပေါ်က စကားကို နား၌ပြန်၍ ဆတ်ဆတ်ကြားသည်။ သည့်နှယ် မုသားကို ထားဆိုရက်မည်ဟု ဘယ်တုန်းကမှ မတွေး။

နားအလည်နိုင်ဆုံး သူ တည်ကြည်ဖြောင့်မတ် သစ္စာကိုစောင့်ထိန်းတတ်သူဟု နှလုံးသည်းပွတ်မှာ တွယ်တာယုံစားထားပါလျက် စိမ်းကားရက်စက်လမ်းခွဲ ထွက်သည့်အခါ အရာရာသည် နာကြည်းရွံမုန်းစရာတို့ ဖြစ်လာ တော့ပြီပဲ။

အမေသည်ပင်လျှင် ဖောက်ပြန်တတ်သော မိန်းမတွေထဲမှာ ပါခဲ့သူမို့ ထားသည်လည်း လော်လီဖောက်ပြား စိတ်မခိုင်သည့် မိန်းမသားဟု သူ စာရင်းသွင်းရပေတော့မည်။

သည်လို ဖြစ်လာနိုင်တယ်ဟု သူ စိုးရိမ်စကားဆိုတော့ထားသက်ပိုင်က သည်လို အဖြစ်ခံမှာ မဟုတ်ပါဘူး၊ သူ့အပေါ်မှာပဲ တည်တာပါဟု ဆရာကိုယ်တိုင်က ထားကို ယုံစားစွာပြောခဲ့ဖူးသည်တို့ကို ပြန်သတိရပြန်၏။

ကြည့် အခုတော့ ဘယ်သူမှ မထင်နိုင်တဲ့ကိစ္စ ထားလုပ်ရက်လေပြီ။ ဘာအကြောင်း ညာအကြောင်း ဘယ်လိုပင်ဆင်ခြေကောင်းစေတော့ ထားအပေါ်မှာသာ မှုတည်ရမည်ဟု



www.burmeseclassic.com

www.burmeseclassic.com



သူတွေးရင်း ထားကို နာသည်။

မြတ်မြတ်နိုးနိုး သိမ်းထားမိဆဲဖြစ်သော လက်ထပ်စာချုပ်တွေကို သူ့သားရေ သေတ္တာထဲမှ ထုတ်ယူလိုက်မိ၏။ ပြီးတော့ အခန်းနှင့်တွဲလျက် ရေချိုးခန်းထဲ သူဝင်သည်။ လက်ထပ်စာချုပ်တွေကို အစိပ်စိပ်အမွှာမွှာ သူဆွဲဆုပ်နေလိုက်မိတော့၏။

သည်ဘဝမှာတော့ ထားနှင့်သူ ဘာမှ ပတ်သက်စရာ မရှိတော့ဟုလည်း နားလည်ပြန်သည်။

ရင်သည် နာကျင်လွန်း၍ ခံစားမှုကို မသိနိုင်လောက်အောင် ထုံနေပြီလား။ ထိုညက ညအလျားသည် ပို၍ ရှည်နေသယောင်။



(၁၉)

ခေါင်းကို ငိုက်စိုက်ချရင်း လေယာဉ်ရှိရာကို သူလျှောက်သည်။ သူ့ခြေလှမ်းတိုင်းသည် ရှေ့အတွက်သာ ဖြစ်၍ နောက်လှည့်စရာမလိုတော့သော ခြေလှမ်းတွေဖြစ်နေမည် သူတွေးသည်။ သူငယ်ချင်း မိတ်ဆွေတွေက နှုတ်ဆက်လိုက်ပို့ သူတွေကို ပြန်လည်နှုတ်ဆက်လက်ပြသည်။ သူကတော့ သူ့နောက်မှာ ဘာသံယောဇဉ်မှ မကျန်ရစ်သူပါလား။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်ကို သူတော်တော်နှင့် မပြန်တော့ဟုလည်း
ဆုံးဖြတ်လိုက်သည်။

လေယာဉ်ပေါ် တက်စဉ်မှာ အရာရာ အစစ သူ
ပြောင်းပြီဟု သူ နားလည်လိုက်၏။

အားငယ်ခြင်းထက် ခံပြင်းစိတ်က သူ့ဘဝတစ်သက်
မှာ ငွေကိုသာ ရှာတော့မည်ဟု စိတ်က ဆုံးဖြတ်မိပြန်တော့သည်



# အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com

# (၁)

သတင်းစာကိုဖတ်နေရင်း စေ့စပ်ကြောင်းလမ်း ပြီးစီးခြင်းကြော်ငြာကို တွေ့လိုက်ရစဉ် အတိုင်းမသိ တုန်လှုပ်ချောက်ချားသွားရပြန်၏။ ကြောက်ရွံ့စိုးရိမ်ခြင်း၊ ခံပြင်းဒေါသထွက်ခြင်း၊ ဝမ်းနည်းကြေကွဲခြင်း စသည်တို့ ရောမွှေကာ ထားသက်ပိုင်၏ ရင်ထဲသို့ရောက်လာသည်။ သတင်းစာကို တိုက်လျှက် ထိုင်ရာမှ ထလိုက်၏။ ပြီးတော့ မီးဖိုထဲမှာရှိနေသည့် မေမေ့ထံ သွားသည်။





"မေမေ ဒါဘာလုပ်တာလဲ မေမေ"

ထားသက်ပိုင် အသံက မာဆတ်နေသောကြောင့် သူမေက ရုတ်တရက်လှည့်ကြည့်သည်။ သတင်းစာကို ကိုင်ရင်း ဒေါသတကြီး ရပ်နေသည့် ထားသက်ပိုင်က . . .

"မေမေတို့က သမီးသဘောမတူပါဘူး ပြောထားရက်နဲ့ ဘာလို့ ဒီသတင်းစာထဲမှာ ထည့်ရတာလဲ"

ဟု ပြန်ပြောမိပြန်သည်။

"သမီးရယ် စေ့စပ်ထားတာပဲ လက်ထပ်သေးတာမှ မဟုတ်တာ"

"မရဘူး မေမေ၊ မရဘူး သမီးဘယ်သူကိုမှ စေ့လဲ မစေ့စပ်ဘူး၊ လက်လဲ မထပ်ဘူး"

"ဒေါင်းမမာပါနဲ့ သမီးရယ်"

"မေမေတို့ သမီးသဘော မပါဘဲ လုပ်ချင်တာလုပ်တာ၊ မေမေတို့ အရှုက်ကွဲမှာပဲ၊ သမီးက မလုပ်ပါနဲ့အတန်တန် ငြင်းရက်နဲ့ မေမေတို့လုပ်တယ်။ နောက်မှ သမီးကို မေမေတို့ အပြစ်မပြောနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း ငိုသံနှောလာသည်။ ပြီးတော့ ချာခနဲ လှည့်ကာ မီးဖိုခန်းဝမှ ထွက်လိုက်၏။

ထားသက်ပိုင် အမေကနေဦး သမီးနေဦးဟုပြောကာ မီးဖိုခန်းမှ ထွက်လိုက်လာသည်။

"ထိုင်ပါဦး သမီးရယ် မေမေရှင်းပြမယ်"

နောက်မှ လိုက်လာရင်း ထားသက်ပိုင် ပခုံးကို ဖက်ရင်း ပြော၏။

"ထိုင်ဦး . . သမီး"

ထားသက်ပိုင်က ပါးပြင်ပေါ်မှ မျက်ရည်တို့ကို လက်ဖဝါး ဖြင့်သုတ်ကာ သူ့အမေကို ကြည့်သည်။

"မေမေတို့ဘာမှ မသိဘဲနဲ့ လျှောက်လုပ်ချင်ရာလုပ် တယ်"

"ထိုင်ပါဦးသမီးရယ်၊ မေမေ ရှင်းပြပါ့မယ်"

ဧည့်ခန်းမှ နှစ်ယောက်ထိုင် ဆိုဖာခုံမှာဝင်ထိုင်လိုက်၏။

"ဟိုဘက်က လူကြီးတွေကလဲ စေ့စပ်ထားချင်တယ်ဆို တာ သမီးကို ပြောဖူးတာပဲ၊ အခုဟာက မောင်ဌေးမြင့်လဲ ခွင့်နဲ့





ပြန်လာတုန်း စေ့စပ်ပွဲလေး လုပ်ချင်တယ် တိုင်ပင်တယ် သမီး။ ဒါနဲ့ သမီးကို ပြောရင်တော့ သဘောတူမှာမဟုတ်ဘူး၊ သတင်း စာထဲအရင်ထည့်လိုက်မယ်၊ ပြီးမှပဲ စေ့စပ်ပွဲလုပ်တာပေါ့လို့ မေမေတို့က တိုင်ပင်ပြီး လုပ်လိုက်ကြတယ်။ မောင်ဌေးမြင့်ကလဲ သဘောကောင်းပါတယ်၊ အန်တီတို့ သဘောပါပဲတဲ့"

"တော်ပါတော့ မေမေ၊ အဲဒီ ကိုဌေးမြင့်ဆိုတာ သမီး မြင်ဖူးရုံ မြင်ဖူးတဲ့လူတစ်ယောက်၊ သမီး ဘယ်လိုနည်းနဲ့မှ သူ့ကို လက်မထပ်နိုင်ပါဘူး"

"သမီးရယ်၊ သမီးထက် အသက်ကြီးတယ်ဆို ပေမယ့် ဆယ်နှစ်မကြီးပါဘူး၊ သမီး ဖေဖေနဲ့ မေမေဆို ဆယ့်နှစ်နှစ် တောင်ကွာတာပဲဟာ၊ ယောကျ်ားနဲ့မိန်းမက"

"အသက်ကြောင့် သမီး ငြင်းနေတာ မဟုတ်ပါဘူး မေမေ၊ သမီးသူ့ကို လက်မထပ်ချင်လို့ ဘယ်သူ့ကိုမှ သမီး လက်မထပ်ချင်ဘူး၊ ကိုဌေးမြင့်သမီးကို လက်ထပ်တာလဲ သမီးကို ကြိုက်လို့မဟုတ်ဘူး၊ မေမေတို့ ပစ္စည်းတွေကို ကြိုက်လို့ပါ"

"တော်စမ်း သမီး၊ လူကြီးတွေက လက်နဲ့ရေးရင်



www.burmeseclassic.com

www.burmeseclassic.com



ညည်းက ခြေနဲ့ မဖျက်ချင်နဲ့"

ထားသင်္ပိုင် အမေက ဒေါသထွက်လာပြီ။ စကား တင်းတင်းမာမာကို ပြောလာပြီ။

"မေမေ သမီးကို သတ်ချင်သတ်ပစ်ပါ၊ သမီး စိုးဝေကလွဲပြီး ဘယ်သူ့ကိုမှ လက်မထပ်ဘူး"

"အဲ့ဒီကောင်နဲ့ ဘယ်တော့မှ မပေးစားဘူး"

"မေမေ"

ထားသက်ပိုင်က သူ့အမေမျက်နှာကို အသေအချာ စူးစိုက်ကြည့်ရင်းခေါ်၏။

အတန်ကြာ အကြည့်ဆုံနေပြီး စကားထွက်မလာဘဲ တံတွေးကို မျိုချနေမိပြန်သည်။

"မေမေ မပေးစားလို့ မရတော့ဘူးလားမေမေ"

"အို မပေးစားဘူး"

"မရဘူး မေမေ၊ သမီးမှာ သမီးမှာ ကိုယ်ဝန် ရှိနေပြီ"

"ဘာ . . . ဘာပြောလိုက်တယ်"

မျက်လွှာကိုချပြီး ခေါင်းကို ငုံ့၏။





"သမီးမှာ စိုးဝေနဲ့ ကိုယ်ဝန်ရှိနေပြီ"

"ဟင် ခွေးမ၊ ညည်းငါ့ကို ညာတာပေါ့ ဟုတ်လား၊ ငါ ညည်းကို လတိုင်း ဒီကိစ္စမမေးဘူးလား၊ အဲဒီတုန်းက ညည်း ဝါးစပ်က မှန်ပါတယ်ဆို"

"သမီး မေမေ့ကို ညာပြောတာ၊ ပြီးတော့ သမီးကိုယ်တိုင်လဲ နောက်ကျတယ်ထင်တာ၊ စိတ်လှုပ်ရှားလွန်းရင် အဲဒီလို နောက်ကျတတ်တယ်ပြောလို့"

"တော်စမ်း . . ခွေးမ၊ အခု . . အခု အို ဘာဖြစ်ဖြစ် မဖြစ်ဘူး၊ မဖြစ်ဘူး၊ ဘယ်နည်းနဲ့မှ အဖြစ်မခံနိုင်ဘူး"

စိတ်လှုပ်ရှားလွန်းစွာ ထားသက်ပိုင် မေမေက ပြောရင်း ထရပ်လိုက်၏။

"ညည်းအဒေါ်တွေနဲ့ တိုင်ပင်ပြီး ငါစီစဉ်ရမယ်"

မေမေ စိတ်အရမ်း လှုပ်ရှားနေပြီဆိုတာ ထားသက်ပိုင် သိလိုက်သည်။ ထားသက်ပိုင် ထိုင်နေစဉ်မှာပင် မေမေ အိမ်ပေါ်က ဆင်းသွားတာ တွေ့၏။ မေမေက သူ့ညီမဝမ်းကွဲအိမ်ကို ထွက်သွားပြီဆိုတာ သိလိုက်သည်။ မေမေက ဒေါ်လေး



www.burmeseclassic.com

www.burmeseclassic.com



နှင့် တိုင်ပင်ပြီး ဘာလုပ်တော့မည်ဆိုတာကိုလည်း သူခန့်မှန်းမိ၏။

စိတ်ကို ဆုံးဖြတ်လိုက်သည်။

စက်ဘီးကို ဆွဲကာ သူ့အိမ်ပေါ်က ဆင်းလိုက်သည်။ ပြီးတော့ အောင်မြတ်ကျော် အိမ်ကို ခပ်သွက်သွက် နင်းခဲ့သည်။

စက်ဘီးပေါ်က ဆင်းလိုက်စဉ် ခပ်ပြင်းပြင်း နင်းလာခဲ့သည်မို့ ထားသက်ပိုင် မောနေသည်။

"အောင်မြတ်ကျော် အောင်မြတ်ကျော်"

တံခါးဝမှ ရပ်ပြီးသူခေါ်လိုက်၏။ စက်ဘီးဘဲလ်ကိုလည်း တီးနေမိပြန်သည်။

"ဟာ . . ထားသက်ပိုင်"

အိမ်ထဲမှ အောင်မြတ်ကျော် ထွက်လာတာ တွေ့တော့ ပျော်သွားသည်။

"တော်သေးတယ်၊ ငါက တွေ့မှ တွေ့ပါ့မလားလို့"

"အခုပဲ ဆရာနဲ့ ငါ လက်ဖက်ရည်ဆိုင်က ပြန်လာခဲ့တာ"





"အရေးကြီးတယ် အောင်မြတ်ကျော်"

"ဘာလဲ၊ နင် စေ့စပ်သတင်းလား"

"အဲဒီကိစ္စ ငါ နင်နဲ့ တိုင်ပင်မလို့"

"လာ . . အိမ်ထဲကို လာဟာ"

စက်ဘီးရပ်ပြီး အိမ်ထဲဝင်ထိုင်သည်။ ကုလားထိုင်ရှေ့စွန်းမှာထိုင်ရင်း . . .

"ငါ ဘာလုပ်ရမလဲဟင်"

"နင် သဘောတူလို့ လုပ်လိုက်တာ မဟုတ်လား ထားသက်ပိုင်"

"ဘယ်ကလာ"

"ဒါဆို နင်မသိအောင် သတင်းစာထဲ ထည့်လိုက်တာပေါ့"

"ဟုတ်တယ်၊ ငါမသိဘူး၊ သတင်းစာထဲပါလာပြီးမှဆိုရင် ငါ ခေါင်းညိတ်မှာပဲဆိုပြီး လုပ်တာ၊ အဲဒီ ကိုဒွေးမြင့်လဲ ဒီပြန်ရောက်နေတယ်တဲ့"

"ငါသိပါတယ်၊ နယ်မှာ အလုပ်သွားလုပ်နေတာ၊



www.burmeseclassic.com

www.burmeseclassic.com



တို့ထက် တော်တော်ကြီးတယ်၊ နှစ်ဆယ့်ခြောက်နှစ် နှစ်ဆယ့် ခုနစ်နှစ်လောက် ရှိမှာပေါ့”

“မဟုတ်ဘူး အောင်မြတ်ကျော်၊ ငါ ဘယ်လိုနည်းနဲ့ သူတို့ မယူဘူး ယူလို့မဖြစ်ဘူး၊ နင့်ငါ့ကို ညီမအရင်းလို သဘော ထားပါဟာ”

“အေးပါဟာ၊ ပြောမှာသာပြောပါ”

“နားနဲ့မနာ ဖဝါးနဲ့နာပါ အောင်မြတ်ကျော်၊ ငါ စိုးဝေနဲ့ ကိုယ်ဝန်”

“ဟုတ်လား”

“ဟုတ်တယ်၊ သုံးလရှိပြီ”

“နင် စောစောကပြောရင် ပြီးရော”

“စောစောကတော့ဟာ၊ တစ်လ နှစ်လဆိုတာ သေချာ ဘာမှ မဟုတ်ဘဲ၊ အခုလဲ ငါ နင့်ကို ပြောဖို့ အခွင့်အရေးတို ချောင်းနေတုန်း ဒီလိုဖြစ်သွားတာ၊ သေချာမှ နင့်ကို ပြောပြီး စိုးဝေဆီကို စာရေးခိုင်းမလို့”

“အေးလေ နင်ကလဲ တစ်ယောက်တည်း အိမ်ထဲက





ထွက်လို့ရတာမှ မဟုတ်ဘဲ”

“အခု ငါ စဉ်းစားမိတယ်၊ စိုးဝေ ဒီသတင်းကို တွေ့မှာပဲ၊ တွေ့ရင် ငါ့ကို အထင်လွဲတော့မယ်၊ နင် လိုက်သွားရှင်းပြ”

အောင်မြတ်ကျော်က လက်မှ နာရီကို ကြည့်သည်။

“သုံးနာရီကျော်ပြီဆို ကားတော့ မရှိတော့ဘူး၊ ငါညရထားနဲ့ လိုက်သွားမယ်ရတယ်၊ ဟုတ်တယ် ဒီကောင် မသွားခင် ရှင်းပြလိုက်တာ ကောင်းတယ်၊ နေပါဦး နင်က ဒီကိစ္စ တိုရော ဘယ်လိုရှင်းမလဲ”

“ဘာလဲ ကိုဒွေးမြင့်နဲ့ကိစ္စလား”

“အေးလေ”

“ငါ ကိုဒွေးမြင့်ကို ပြောလိုက်မယ်”

“အေး . . ကောင်းတယ်၊ အဲဒီ တစ်နည်းပဲ ရှိတယ်၊ နင်ပြောရဲပါ့မလားလို့”

“ဘာလို့ မပြောရဲရမှာလဲ၊ အခု ဒီလို တွေးပြီး ငါထွက်လာ ခဲ့တာ”

“ဒီလိုလုပ်၊ ငါနဲ့အတူသွားမယ်၊ နင့်ကို သူတို့လမ်းထိပ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့ပြီး ငါကိုဋ္ဌေးမြင့်ကို ခေါ်ခဲ့မယ်၊ နင်ပြောလိုက်"

"အေး ပြီးရော လာသွားမယ်၊ မေမေ လစ်လို့ ငါထွက်လာခဲ့တာ၊ အခုလောက်ဆိုရင် ငါထွက်လာတာ သိချင်သိနေတော့မယ်"

အိမ်ပေါ်က ဆင်းခဲ့ကြသည်။

စက်ဘီးတစ်ယောက် တစ်စီးဖြင့် ထွက်လာခဲ့ကြသည်။

"ထားသက်ပိုင် မြို့ပတ်လမ်းကသွား၊ ဝေးပေမယ့် နင့်အိမ်နဲ့လွတ်တယ်"

အောင်မြတ်ကျော်က နောက်လှည့်ပြောသည်။

သူ ခေါင်းကိုညိတ်လိုက်၏။ ကိုဋ္ဌေးမြင့်တို့လမ်းထိပ်ရောက်တော့ လမ်းထိပ်ကွမ်းယာဆိုင်လေးကို မြင်သည်။

"ဒီဆိုင်နားက ငါစောင့်နေမယ် အောင်မြတ်ကျော်"

ဟု ပြောရင်း စက်ဘီးကို ရပ်လိုက်၏။ ပြီးတော့ . . ကွမ်းယာဆိုင်လေးမှာဝင်ပြီး သကြားလုံးဝယ်နေလိုကသည်။ အောင်မြတ်ကျော်က စက်ဘီးကို ဆက်စီးသွား၏။

သူသကြားလုံး ရွေးနေပြီး ပိုက်ဆံထုတ်ပေး၊ ပြန်အမ်း





သည်ကို စောင့်ယူ၊ ထိုအချိန်မှာပင် အောင်မြတ်ကျော် စက်ဘီးပြန်နင်းလာတာကို မြင်သည်။ ဆိုင်လေးရှေ့မှထွက်ရင်း ဘေးနားမှ ဟာဒ်ပင်ရိပ်ကို စီးဘီးတွန်းပြီး သူသွားစောင့်သည်။

အောင်မြတ်ကျော် စက်ဘီးရပ်တော့ စက်ဘီးတယ်ရီယာပေါ်မှ ပါလာသည့် ကိုဋ္ဌေးမြင့်ကိုတွေ့သည်။

"အိမ်လာခဲ့ ပြီးရော . . ထားသက်ပိုင်ရယ်"

ဟု ပြုံးပြီး နှုတ်ဆက်သည်။

"ကျွန်မ ကိစ္စရှိလို့ပါ၊ ကိုဋ္ဌေးမြင့်နဲ့ စကားပြောချင်လို့"

"အေးလေ . . အိမ်မှာပြောပေါ့၊ မေမေတို့က တောင်ပြောနေသေးတာ၊ သတင်းစာထဲပါရင်တော့ ထားသက်ပိုင် ဒေါ်ပွနေမှာပဲတဲ့၊ ဒါပေမယ့် လူကြီးတွေကလဲ ဒီကိစ္စလေနေကြတယ်လေ၊ ကိုကလဲ ပညာတော်သင် တစ်နှစ် သွားစရာရှိသေးတော့ မသွားခင် လက်ထပ်ပေးချင်ကြတာ"

"ကျွန်မ ကိုဋ္ဌေးမြင့်ကို ပွင့်ပွင့်လင်းလင်းပြောချင်လို့ ပါ၊ လူကြီးတွေရှေ့မှာဆို မကောင်းဘူး"

အောင်မြတ်ကျော်က ကွမ်းယာဆိုင်ရှေ့မှာ ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ ထားသက်ပိုင်"

"ကျွန်မ စိုးဝေနဲ့ ခိုးရာ လိုက်ပြေးဖူးတယ်၊ ကိုငွေးမြင့် သိလား"

"ကိုယ် ကြားတော့ ကြားတယ်၊ အိမ်ကလဲ လူငယ်ချင်း ဖြစ်ကြတာ၊ ခိုးတယ် ဘာညာဆိုတာက သတင်း ကားတာပါလို့ ပြောတယ်၊ ကိုယ်က နယ်မှာ ရောက်နေတဲ့သူပဲ၊ အတိအကျတော့ ဘယ်သိပါ့မလဲ"

"ကြားတဲ့သတင်းက အမှန်ပဲ ကိုငွေးမြင့်၊ အခု ကျွန်မ ကိုငွေးမြင့်ကို တောင်းပန်ပါရစေ၊ စေ့စပ်တာဖျက်ပေးဖို့ ကိုငွေးမြင့် မိဘတွေကို ပြောပေးစေချင်တယ်၊ ကျွန်မ ကိုငွေးမြင့်ကို လှည်းကျိုးထမ်းတာမျိုးလဲ မဖြစ်စေချင်ပါဘူး၊ ကျွန်မမှာ စိုးဝေ နဲ့ မလွှတ်မလပ်"

"ကိုယ် သဘောပေါက်ပါပြီ ထားသက်ပိုင်၊ ကိုယ် ဖျက် ပေးခိုင်းမယ် စိတ်ချ"

"ကျေးဇူးပါပဲ၊ ဒါဆို ကျွန်မ သွားမယ်"

နှုတ်ဆက်ပြီး စက်ဘီးကို တွန်း၏။





"ကိုငွေးမြင့် သွားမယ်နော်"

ဟု အောင်မြတ်ကျော် နှုတ်ဆက်သည်။ ကိုငွေးမြင့် ထွက်သွား၏။ အောင်မြတ်ကျော်က စက်ဘီးကို တွန်းရင်း သူ့အနား ရောက်လာသည်။

"ထားသက်ပိုင် နင် အရမ်း ပြတ်တာပဲဟာ၊ ဒီလို ပြောရဲဖို့ မလွယ်ဘူး"

"ဘာလဲဟာ မပြောလို့မှမရတဲ့ကိစ္စပဲ၊ စိုးဝေ အထင်လွဲ တာနဲ့စာရင် အားလုံးဟာ ငါ့အတွက် အသေးအဖွဲချည့်ပဲ"

စက်ဘီးပေါ် တက်လိုက်ကြသည်။

"ဒါဆို ငါ အိမ်ပြန်တော့မယ်၊ နင်ဒီည ဆက်ဆက် သွားဖြစ်အောင် သွားနော် အောင်မြတ်ကျော်"

"စိတ်ချပါဟာ၊ ရထား လက်မှတ်မရလဲ ဒီအတိုင်း ခုံမဲ့ လိုက်သွားမယ်၊ ဘယ်လောက်အရေးကြီးတယ် ဆိုတာ ငါသိတယ်"

"ငါ စိတ်ချနေမယ်"

"စိတ်ချ"



www.burmeseclassic.com

www.burmeseclassic.com



လမ်းခွဲလိုက်ကြသည်။

အိမ်ဝကို ထားသက်ပိုင် ရောက်တော့ အိမ်ထဲ...
ထားသက်ပိုင် အမေနှင့် အဒေါ်က သူ့ကို မျှော်နေကြသည်
ဝမ်းကွဲအဒေါ်လည်း ဧည့်ခန်းထဲရောက်နေ၏။

"ဒါ ဘယ်သွားတာလဲ ထားသက်ပိုင်"

"ကိုဋ္ဌေးမြင့်ကို သွားတွေ့တာ"

"ဘာ"

"ကိုဋ္ဌေးမြင့်ကို သွားတွေ့တာပါ မေမေ"

တည်တည်ငြိမ်ငြိမ်ပင် သူပြောလိုက်၏။

"ဘာတွေလျှောက်လုပ်တာလည်း ထားသက်ပိုင်ရယ်"

"လာသမီး ထိုင်ပါဦး၊ အန်တီတို့ကို ပြောပါဦး"

အဒေါ်ဝမ်းကွဲက ချော့ပြီးခေါ်သည်။ သူဝင်ထိုင်လိုက်၏။

"ကိုဋ္ဌေးမြင့်ကို သမီးအကြောင်းစုံ ပြောလိုက်ပြီ"

သူ့ကို ငေးကြောင်ပြီး အံ့သြစွာ ကြည့်နေကြမှန်း သိလိုက်သည်။





"ညည်းအဲဒီလို ကိုယ်လုပ်ချင်ရာ ဇွတ်လုပ်လို့ ရမလား"

မေမေက ဒေါသစကားဆိုသည်။

"သမီးဘာတွေပြောခဲ့လဲ"

ဟု အန်တီက ချော့မေးသည်။

"အားလုံး ပြောခဲ့တယ် အန်တီ၊ သမီး စိုးဝေနဲ့ လိုက်သွားပြီး အခု မပေါ့မပါးဖြစ်တာဒါကြောင့် စေ့စပ်တာ ဖျက်ပေးဖို့ "

"တော်တော့ ထားသက်ပိုင် လူကြီးတွေ ညည်းကြောင့် ခွေးဖြစ်ပြီ"

"ဒါဆိုရင်တော့ စေ့စပ်တာ ဖျက်တော့မှာပဲ"

ဟု အန်တီက မှတ်ချက်ချ၏။

"ညည်းတော်တော် ဒုက္ခပေးတဲ့ မိန်းမ၊ ညည်းမရှိရင် ကောင်းမယ်"

မေမေက သူ့ကို ကြည့်ရင်း ဆူသည်။

ညည်းအဖေ ဒါတွေသိရင်တော့ အိပ်ရာထဲ လဲတော့မယ်၊ ငါလဲ သေတာပဲ အေးမယ်၊ ညည်းတော်တော် ဒုက္ခပေး"

"အစ်မရယ်၊ သတိထားပါဦး ဖြစ်လာမှတော့"



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ကို အန်တီက နှစ်သိမ့်နေ၏။

ရှိုက်သံ တစ်ချက်သည် တင်းထားသည့် ကြား
ထွက်လာ၏။ မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ သူထိုင်ရာ
ထလိုက်သည်။

"ခွေးမ ညည်းကြောင့် တို့ ဒီမြို့မှာ ဘယ်လို မျက်နှာ
ပြရမလဲ"

မေမေ့ငိုသံနှောသည့် စကားကို အခန်းထဲမှ သူကြား
ရပြန်သည်။ ခေါင်းအုံးပေါ်မှာ မျက်နှာအပ်လျက် သူ ရှိုက်ကြီး
တငင် ငိုချလိုက်မိတော့၏။



(၂)

နောက်နေ့ မနက်မှာပဲ ကိုဌေးမြင့်တို့ မိဘနှစ်ပါး ရောက်
လာပြီး စေ့စပ်ကြောင်းလမ်းခြင်းကို ဖျက်သိမ်းကြောင်းနှင့်
သူတို့ဘက်မှ တာဝန်ယူပြီး သတင်းစာထဲထည့်မည့်အကြောင်း လာပြော
သွားခဲ့သည်။

ဖေဖေ သွေးတိုးပြီး အိပ်ရာထဲလဲတော့၏။ မေမေသည်
လူရင်းဖြစ်သော ဆရာဝန်ကို အိမ်ပင့်ရင်း ဗျာများနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထားသက်ပိုင်က အခန်းထဲက မထွက်။

ညနေဘက်မှာ ဖေဖေ့အခန်း၌ ဆရာဝန်နှင့် အဒေါ်မေမေတို့ အန်တီတို့ ယောက်ယက်ခတ်နေစဉ်မှာ သူ့အိမ်ကထွက်လာခဲ့သည်။ ရန်ကုန်မှ အောင်မြတ်ကျော် ပြန်ရောက်မရောက်သူသိချင်နေသည်။ မောင်နှင့် တွေ့မတွေ့ သိလိုဇော၊ အောင်မြတ်ကျော် အိမ်ဘက် သူရောက်ခဲ့၏။ အောင်မြတ်ကျော်ကို အခန့်သင့်ပင် တွေ့သည်။

ရထားက ဘူတာကြီးကို မနက်လေးနာရီလောက်မှာဝင်သည်။ လေးနာရီဆိုတော့ စောသေးသည်ဟု အောင်မြတ်ကျော် တွေးသည်။ ခုံးကျော်တံတားကို ဖြတ်လျက် မြို့ထဲ ရုပ်ရှင်ရုံတွေဘက် သူလျှောက်သည်။ ကားအသွားအလာ လူအသွားအလာကျဲသေးသည်။ ဟိုသည်လျှောက်ရင်း လက်ဖက်ရည်ဆိုင်သူရှာသည်။ ဆိုင်တော်တော်များများက မဖွင့်သေး။ နောက်ငါးနာရီလောက်ရှိမှ မုန့်ဟင်းခါးဆိုင် တစ်ဆိုင်ကို သူတွေ့သည်။ မုန့်ဟင်းခါး ဝင်စားသည်။ မုန့်ဟင်းခါးစားပြီး လက်နာရီကြည့်လိုက်တော့ ငါးနာရီပင်မခွဲသေး။ လက်ဖက်ရည်ဆိုင်





လိုက်ရှာပြန်၏။ လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ သူထိုင်သည်။ အဆောင်ဆိုပေမယ့် သိပ်အစောကြီး ရောက်သွားလျှင် ကောင်းပါ့မလား တွေးရင်း သူအချိန်ကို စောင့်သည်။ ခြောက်နာရီလောက်မှ လက်ဖက်ရည်ဆိုင်က ထွက်ကာ ကားဂိတ်သို့သူလာသည်။ ကားဂိတ်မှ ဘက်စ်ကာစောင့်ရင်း လှည်းတန်းကိုလာခဲ့သည်။

အဆောင်လိပ်စာကို သိသော်လည်း နေရာကို မသိ။ နောက်ဆုံးတော့ လှည်းတန်း ဘက်စ်ကားဂိတ်နှင့် မနီးမဝေးမှာ ရပ်ထားသည့် ဆိုက်ကားတစ်စီးကို သူတွေ့သည်။ အကူအညီတောင်းလိုက်၏။ လမ်းထဲမှာ ဆိုက်ကားနှင့် သွားရတယ်ဆိုတော့ ဆိုက်ကားငှားစီးသည်။ အဆောင်ရှေ့ကို သူ ရောက်တော့ အဆောင်ရှေ့ ရေဘုံဘိုင်မှာ မျက်နှာသစ်နေသော အဆောင်မှ လူနှစ်ယောက်ကို တွေ့သည်။ ဆိုက်ကားခ ရှင်းပြီး အဆောင်ထဲ သူဝင်လိုက်သည်။

"ကျွန်တော် ကိုစိုးဝေနဲ့ တွေ့ချင်လို့ဗျာ၊ သူ့အခန်းက ဘယ်မှာလဲမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com


မျက်နှာသစ်နေရင်း တစ်ယောက်က ကြည့်၍ အပေါ်မှာဟု ပြောသည်။

"နေဦး . . . နေဦးဗျာ၊ ဒီလူ ပြောင်းသွားပြီထင်တယ်"

"ဟုတ်လား"

"ဟိုဘက်က ကပ်လျက်အိမ်က အဆောင်ပိုင်ရှင်ဖြူ သူ့ကို သွားမေးလိုက်၊ မနေ့က ဒီလူ ထွက်သွားတာ ကျွန်တော် မြင်တယ်၊ သေတ္တာတွေ ဘာတွေနဲ့ သိပ်မရင်းနှီးတော့ ကျွန်တော် လည်းမမေးဖြစ်လိုက်ဘူး"

စိတ်ထဲမှာ ကသိကအောက် ဖြစ်ရပြန်သည်။ ဒီသတင်း မမှန်ပါစေနဲ့ဟု ဆုတောင်းရင်း အိမ်ရှင်နေသည့် အိမ်ဘက် သွား၏။

"ကျွန်တော် စိုးဝေသူငယ်ချင်းပါ၊ စိုးဝေနဲ့ တွေ့ချင်လို့ပါ"

ဟု အောင်မြတ်ကျော် ပြောသည်။

"စိုးဝေ မနေ့နေ့လယ်ကပဲ ပြောင်းသွားပြီကွ၊ ဒီမနက် အစောကြီး သူလေယာဉ်တက်မယ်"





"ခင်ဗျာ"

ကြားရသည့် စကားကို မယုံချင်။

"ဒီမှာ မရှိတော့ဘူး၊ မနေ့ကပဲ အခန်းအပ်သွားပြီ"

ဟု အဆောင်ရှင် အဘိုးကြီးက ထပ်ပြောသည်။

"ဘယ်ပြောင်းသွားလဲဗျာ၊ ကျွန်တော် အရေးကြီးလို့ တွေ့မှ ဖြစ်မှာမို့ပါ"

"ဟာ ဒါဆို မင်းမရတော့ဘူး၊ သွားပြီကွ၊ သူက ဒီမနက် အစောကြီး လေယာဉ်ကွင်းဆင်းရမှာ လေယာဉ်က ငါးနာရီလား၊ ခြောက်နာရီလားထွက်မှာတဲ့၊ အဲဒါကြောင့် သူ့သူငယ်ချင်း အိမ်မှာ သွားအိပ်မှာလို့ ငါ့ကို ပြောသွားတယ်"

"သူ့သူငယ်ချင်းအိမ်က"

"ဒါတော့ ငါလဲ မသိဘူး၊ မင်းဟိုအိမ်လိုက်သွားလဲ သူရှိတော့မှာမဟုတ်ဘူး နာရီကြည့်ပါဦး"

လက်မှ နာရီကို ကြည့်လိုက်မိသည်။ ခြောက်နာရီ လေးဆယ် ရထားဆင်းဆင်းချင်းသာ ဒီအဆောင်ရောက်ခဲ့လျှင် လေယာဉ်ကွင်းကို သူလိုက်နိုင်ဦးမည် တွေး၏။ လေယာဉ်ကွင်း


www.burmeseclassic.com

www.burmeseclassic.com



ရောက်တာလည်း သူ့အထဲဝင်လို့ရမှာမှ မဟုတ်ဘဲဟု ပြန်စဉ်းစားမိပြန်သည်။

"ဟိုအိမ် လိုက်သွားလို့ရရင် သူ့သင်္ဘောလိပ်စာများ သိမလားလို့ပါ"

"အဲဒီ အိမ် ငါလဲ မသိဘူးကွ၊ အဆောင်က လူတွေလဲ သိမှာမဟုတ်ဘူး၊ သူက သင်္ဘောသားတွေနဲ့ပေါင်းတာ ဒီကလူတွေက စက်ရုံတွေ ရုံးတွေက သိပ်ရင်းနှီးကြပုံ မရဘူး"

လမ်းဆုံးပြီဟု နားလည်လိုက်သည်။ ကျေးဇူးတင်စကားဆိုလျက် အောင်မြတ်ကျော် ပြန်ထွက်လာခဲ့သည်။

"သူ့သူငယ်ချင်း မိတ်ဆွေရဲ့ လိပ်စာများ သိမလားဗျာ"

သိလိုသဖြင့် စောစောက မျက်နှာသစ်နေသူ အနက်တစ်ဦးကို ထပ်မေးလိုက်၏။

"မသိဘူးဗျ၊ ဒီအဆောင်မှာ သူနဲ့က စိမ်းကြတယ်၊ သူကလဲ အဆောင်မကပ်ဘူး၊ ကျွန်တော်တို့ကလဲ အလုပ်ထဲမှာ အချိန်ကုန်ကြတာ"

"ကျေးဇူးပဲဗျာ"





ဘာမှ မတတ်နိုင်တော့၊ သူ့ဆက်သွယ်တာကိုပဲ စောင့်နေရုံရှိတော့သည်။ အတွေးဖြင့် အဆောင်ဝန်းထဲက ထွက်ခဲ့မိ၏။

ကားဂိတ်ကို တန်းသွားပြီး မြို့ပြန်မည် ဆုံးဖြတ်လိုက်သည်။

"ငါလဲ ဘာဆက်လုပ်ရမှန်းမသိဘူး၊ ဒါနဲ့ ပြန်လာခဲ့တာ၊ မပူပါနဲ့ဟာ သူ့စာရေးမှာပေါ့"

အောင်မြတ်ကျော်က သူ့စကား အဆုံးသတ် လိုက်၏။

"မဟုတ်ဘူး အောင်မြတ်ကျော်၊ စိုးဝေက သတင်းစာကစေ့စပ်တဲ့ သတင်းတွေ့သွားပြီး ငါ့ကို နာသွားတော့မှာ"

ငိုသံပါချင်နေပြီ။ ဝဲချင်ချင် မျက်ရည်စကို မျက်တောင်ကို ပုတ်ခတ် ပုတ်ခတ်လုပ်ရင်း သူ့ထိန်း၏။

"ငါ တွေးမိတယ် ထားသက်ပိုင်၊ အဲဒါလဲ ငါတွေးမိပါတယ်၊ အဲဒီလိုတွေးပြီး နာသွားတယ်ပဲထား၊ နင့်ကို နာကြောင်းတော့ ငါ့ဆီ စာလှမ်းရေးမှာပဲ၊အဲဒီ အချိန်မှာ သူ့လိပ်စာကို ငါတို့ရမှာပဲလေ၊ အဲဒီတော့မှ အကျိုးအကြောင်း စာပြန်ရေးတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မရေရာလိုက်တာ အောင်မြတ်ကျော်ရယ်"

"ဒီနည်းပဲရှိတယ် ထားသက်ပိုင်၊ ခက်တာက သူ ဘယ်သင်္ဘောလိုင်းမှာ၊ ဘယ်ကုမ္ပဏီမှာ ငါဘာမှ မသိဘူး တစ်ခုခု သဲလွန်စ ရရင်တောင်မှ လိုက်ဖို့ လွယ်ချင်လွယ်ဦးမယ်။ ပြီးတော့သင်္ဘောသား အသစ်ဆိုတော့ သူ့ကို သိတဲ့သူလည်း နည်းမှာ နောက်တစ်ခု ငါတွေးမိသေးတယ်၊ ဆရာ့မိတ်ဆွေ ဆက်ပေးတဲ့သူနဲ့ သူလုပ်တာဆိုရင် အဲဒီလူဆီက ဆစ်ဆင့် လိုကမေးမလို့ ဒါပေမယ့် သူက ဒီလာတုန်းက ဆရာ့ကိုပြောတာ ငါကြားတယ်၊ ဆရာ့မိတ်ဆွေဆက်ပေးတဲ့လူနဲ့က စီဒီစီပါစ်ပို့ရန် ပဲလုပ်ဖြစ်တယ်တဲ့၊ သင်္ဘောလိုင်းပေါ် ရောက်ဖို့ ကြာမယ်ဆိုတာနဲ့ တခြားတစ်လိုင်းကို သူ့သူငယ်ချင်းနဲ့ပြောင်းတယ်တဲ့၊ အဲဒီတော့ သူ ဘယ်ပြောင်းလဲဆိုတာ သိချင်မှ သိတော့မှာ"

"အေးဟာ အကူသိုလ်ဝင်ချင်ရင် ဆက်တိုက်ပါပဲ သတင်းစာပါတာနဲ့ သူ ဒီကအထွက်နဲ့ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ ငါ့ ကုသိုလ်ပေါ့ဟာ၊ ငါပြန်မယ်"

ထားသက်ပိုင် နှုတ်ဆက်သည်။

ရွှေစကားစာပေ



"စိတ်ပေါက်ပေါက်နဲ့ နင်လုပ်ချင်တာတွေတော့ လျှောက်မလုပ်ပါနဲ့ထားသက်ပိုင်၊ ဆရာနဲ့ ငါရှိသေးတာပဲ၊ ငါတို့ကို တိုင်ပင်ဦး၊ ဆရာ့ကိုလဲ ငါအားလုံးပြောလိုက်ပြီ"

မျက်ရည်ဝေ့ဝဲရင်း ခေါင်းကိုညိတ်ကာ ပြန်ရန်လှည့်လိုက်၏။

တစ်လမ်းလုံး ထိန်းချုပ်ထားခဲ့သမျှ အခန်းထဲရောက်တော့ ချုံးပွဲချငိုမိသည်။

ချစ်သူ အထင်လွဲမှားသွားခြင်းကို ခံရသည်ထက် နာကျင်ကျင် ခံပြင်းစရာ ကောင်းသည့်အရာ ရှိနိုင်ပါတော့မလား။

ဖြေရှင်းခွင့် လျှောက်လဲခွင့်ကို ရနိုင်သည်ထား၊ ရင်ထဲ၌ ပေါ့ပါးတန်သမျှ ပေါ့ပါးသွားနိုင်ဦးမည်။ အခုတော့ ကြည့် ချစ်သူရှိသည့်အရပ်ကိုပင် သူမသိနိုင်တဲ့အဖြစ်ပါလား။

သည့်နှယ် ထားရစ်ခဲ့ခြင်းထက် နာကြည်းရက်စက်စွာ ပြောဆိုမည့်စကားတို့ကို ခံလိုက်ချင်သည်။ မုန်းတီးရွံရှာစွာ ပြစ်တင်မှုကို လိုလားပြန်သည်။ တစ်စုံတစ်ရာသော ပြစ်ဒဏ် ခတ်မှု စကားမျှပင် သိမ်းထားနိုင်စရာ မကျန်ရစ်ခဲ့ပါလား။

ရွှေစကားစာပေ

www.burmeseclassic.com

www.burmeseclassic.com



အောင်မြတ်ကျော်ပြောသည့်နှယ်။ ကိုယ်က စောင့်ရှုံးလွဲ၍ ဘာမှ မတတ်နိုင်တော့သည့်အဖြစ်။

ထွက်ပြေးစွန့်ခွာသွားခြင်းဟု မစွပ်စွဲလိုသော်ငြား ခြေရာဖျောက်၍ ရေနောက်ခဲ့သည်ကား အမှန်။

ကံကြမ္မာလက်သည် ဘဝကျွားကွက်ကို ရွှေ့လိုက်ပြီဟု သူနားလည်မိပြန်၏။



(၃)

ဖေဖေ သွေးတိုးနှလုံးဖြင့် ဆုံးပြီဆိုတော့ အားလုံးက သူ့ကို အပြစ်တင်ကြသည်။ မိသားစု ဆွေမျိုး အသိုင်းအဝိုင်းကပါ မကာ ပတ်ဝန်းကျင်ကလည်း မိုက်လိုက်တဲ့ ကလေးမဟု စကားဆိုပြီ။

နယ်မြို့လေး၏ ထုံးစံအတိုင်း ရပ်ဆွေရပ်မျိုးတွေလို တစ်ယောက်အကြောင်းတစ်ယောက် စိတ်ဝင်တစား ရှိကြသည်မှာ ဓမ္မတာမို့ ထားသက်ပိုင်၏ သတင်းက တစ်မြို့လုံး မှာ



www.burmeseclassic.com

www.burmeseclassic.com



ပြန်သည်။

သတင်းအကြားဖြင့် သနား သူရှိသလို မပြစ်ဆိုသူလည်း မရှား။ အများစုကတော့ မေးငေါ့ပြုံပြင်ဲ အပြစ်တင်ချင်ကြပြန်သည်။

ထားသက်ပိုင် စိုးဝေနဲ့ လိုက်ပြေး၊ ထားသက်ပိုင် အိမ်က သဘောမတူလို့ခွဲ၊ ထားသက်ပိုင်မှာ မလွတ်မလပ်နှင့်ကျန်ခဲ့။

အဖေခေါ်ခံနိုင်ရန် ကိုဌေးမြင့်တို့ကို အမိဖမ်း။ ကိုဌေးမြင့်တို့ဘက်က ရိပ်မိသွားပြီး စေ့စပ်ခြင်းကို ဖျက်။ ထားသက်ပိုင် အဖေ အရှက်တကွဲဖြစ်ပြီး သွေးတိုးကာဆုံး။ သည်နှယ် သတင်းက ဖြစ်သွားတော့သည်။

ဖေဖေ့အသုဘချသည့်နေ့က သူတို့၏ အကြည့်ကို ထားသက်ပိုင် နားလည်လိုက်သည်။ ဖေဖေ သေဆုံးရခြင်းအတွက် တရားခံတစ်ဦးကို ကြည့်သည့်အကြည့်မျိုးဟု သူ သိလိုက်ပြန်၏။

"ကဲ . . သမီး ဖြစ်ပြီးခဲ့တာတွေလဲ ပြီးပြီ၊ ညည်းအမေလဲ သည်စိတ်နဲ့ ထပ်လဲသွားမှာ အန်တီစိုးတယ်၊ ပြီးတော့ ညည်း





အိစွမျိုးက ဒီအတိုင်းပဲ နေမှာမဟုတ်ဘူး ဘူးပေါ်သလို ပေါ်လာတော့မှာ၊ ဟိုသူငယ် ဘယ်မှာလဲ၊ ဟိုသူငယ်ကိုရှာပြီး ခေါ်လေ"

အဖေ ရက်လည်တွေ ဘာတွေပြီးတော့ အန်တီက သူ့ကို ခေါ်ပြောသည်။

အန်တီ့စကားကို ကြားရတော့ ချုပ်တည်းရင်းတင်းထားသည့်ကြားမှ မျက်ရည်တို့ ပါးပြင်ပေါ် စီးကျလာပြန်၏။

"ဟဲ့ . . . ဘာဖြစ်တာလဲ"

အန်တီက နားမလည်သလို ကြည့်ရင်းမေးသည်။

လက်ဖဝါးဖြင့် မျက်ရည်စကို သူသုတ်၏။

"သူဘယ်မှာလဲဆိုတာ သမီးမသိဘူး အန်တီ"

စကားသံမှာ ရှိုက်သံထွက်နေပြန်သည်။

"သူ့သူငယ်ချင်း မေးပါးလား"

"သူ သဘော်ထွက်သွားပြီ အန်တီ၊ သမီး ရန်ကုန်အထိ အောင်မြတ်ကျော်ကို လိုက်ခိုင်းပြီးပြီ၊ ဟိုက သူ့အပေါင်းအသင်းတိုလဲ တစ်ယောက်မှ မသိဘူး၊ သူ့ကုမ္ပဏီလိပ်စာလဲ မသိတော့ ဆက်သွယ်ဖို့မလွယ်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နင့်ဟာကလဲ ထားသက်ပိုင်ရယ်"

အန်တီက သက်ပြင်းချရင်း စိတ်ပျက် လက်ဖျ ပြောသည်။

"ဟဲ့ ဒါဆို ဘယ်လိုလုပ်မလဲ"

"ဘာကိုလဲ အန်တီ"

"နင့်ကောင် မရှိရင်"

"သူစာရေးဆက်သွယ်တာ စောင့်ရုံပဲအန်တီ"

"မဟုတ်ဘူး၊ သူမရှိဘဲနဲ့ နင်မွေးရ ဖွားရမှာပေါ့"

"သူ့ဆီကို အဆက်အသွယ် လုပ်လို့ရလဲ သူသမီး အမြင်ရှင်းသွားရုံပဲ ရှိမှာပေါ့၊ ပြန်လာလို့တော့ ဘယ်ဖြစ်မှာလဲ"

"အမလေး သူများတွေ လေးငါး ခြောက်လ ပြန်လာ ရတဲ့ ဥစ္စာ"

အန်တီက သူကြားဖူးနားဝရှိသမျှကို ပြောသည်။

"ခက်ပြီ ညည်းအမေကတော့ ရှက်ကရှက်ပါဘိနဲ့ ညည်းကလဲ လက်မထပ်ရသေးဘဲ"

"အန်တီကလဲ၊ သမီးပွေလို့ ရှုပ်လို့ဖြစ်လာတဲ့ ကိစ္စ





မဟုတ်ဘဲ သမီးချစ်သူနဲ့ သမီးလိုက်ပြေးတယ်၊ ပြီးတော့ ဒီလိုဖြစ်တယ်၊ တိတ်တိတ်ပုန်းဖြစ်တဲ့ ကိစ္စမျိုးမှ မဟုတ်တာ၊ သမီး ရင်ဆိုင်ရဲတယ်"

"နင့်အမေက နင့်စိတ်မျိုးမဟုတ်ဘူး၊ အဲဒါ နင်သိလား"

မေမေ၏ သဘောကို ထားသက်ပိုင်သိသည်။ မေမေက ထည်ထည်ဝါဝါ ဝင့်ဝင့်ကြွားကြွား နေချင်သည်။ သူများ အထင်ကြီး ဆက်ဆံတာကိုပဲ ခံချင်သည်။ အထင်သေးခံရမှာ အပြော အဆိုခံရမှာသူများ အောက်ကျမှာတို့ကို မေမေ အလွန်ကြောက်သည်။ မြို့မှာ မျက်နှာဖုံးလို နေလိုခဲ့ရပြီး သည်အဖြစ်မျိုး ကြုံရ တော့ သူတကာ တံတွေးခွက်မှာ ပက်လက်မျောရပါပြီဟု မေမေ ယူကျုံးမရ စကားဆိုခဲ့တာ သူ ပြန်ကြားယောင်သည်။ ဘယ်လိုမှ သည်မြို့မှာ မေမေ မျက်နှာပြရဲတဲ့ သတ္တိရှိတော့မှာ မဟုတ်ဟု လည်း သူသိပိုက်ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com

## (၄)

ဆေးခန်းမှ အပြန် အောင်မြတ်ကျော်နှင့်တွေ့သည်၊ ဘာထူးသေးလဲဆိုတော့ အောင်မြတ်ကျော် စိတ်မသက်မသာ ဟန် ခေါင်းကို ခါပြသည်။

"ငါ့ကို စိတ်နာသွားတာ သေချာပြီ အောင်မြတ်ကျော်၊ ဒါမှ မဟုတ်ရင် သူနင့်ဆီကို စာရေးပြီပေါ့"

"မဟုတ်ပါဘူးဟာ၊ နင့် ကိစ္စ စိတ်နာတယ်ပဲထား၊ စိတ်နာတဲ့အကြောင်း ငါ့ဆီတော့ စာရေးဖို့ကောင်းတာပေါ့"





"ငါသိတယ် သူ့အကြောင်း ငါသိတယ်၊ တစ်ဘက်စွန်းရောက်နေတဲ့ သူမျိုးဟာ၊ ငါနဲ့ပတ်သက်တာ အားလုံးကို သူဖြတ်တဲ့သဘောပဲ"

"ငါ အဲဒါ နားမလည်တာပဲ"

"မေမေကလဲ ရန်ကုန်ပြောင်းဖို့ ပြင်ဆင်နေပြီ အောင်မြတ်ကျော်"

"ဟုတ်လား"

"ဟုတ်တယ် အိမ်ရောင်းဖို့ အိမ်ရှေ့အိမ်က အန်တီကို အပ်ခဲ့တယ်၊ ရှိတဲ့အတွင်းပစ္စည်းတွေ ထုခွဲပြီး ရန်ကုန်မှာ ပြောင်းနေတော့မယ်တဲ့၊ ငါ့ကိစ္စကြောင့် သူရှက်လို့ ဒီမှာ မနေချင်တော့ဘူးတဲ့ဟာ"

"နင် ဘာမှ မပူပါနဲ့၊ နင်ပြောင်းသွားရင်လဲ ငါ့ဆီ စာရေး၊ ငါဒီကောင်နဲ့ အဆက်အသွယ်ရရခြင်း နင့်ဆီ စာရေးလိုက်မယ်၊ ကိုယ်တိုင် လာပြောချင်ရင်လဲ ပြောမယ်"

သက်ပြင်းချရင်း သူခေါင်းကို ညိတ်လိုက်မိ၏။

အိမ်ပြန်ရောက်တော့ ဧည့်ခန်းမှာ မေမေနှင့် အန်တီ



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အိမ်ရှေ့အိမ်က အန်တီတို့ လင်မယားပါ တွေ့ရသည်။ ရန်ကုန်ပြောင်းဖို့ ရွှေ့ဖို့ကိစ္စ တိုင်ပင်နေသံ ကြားရ၏။

"ဒီအရပ်မှာ ဟိုလူလက်ညှိုးထိုး၊ ဒီလူလက်ညှိုးထိုးနဲ့ လက်မထပ်ရသေးဘဲနဲ့ ငါ့သမီးလေး မီးဖွားရတာနဲ့ စာရင်တော့ ဘာမှမသိတဲ့ ရန်ကုန်မှာပဲ စိတ်ချမ်းချမ်းသာသာ မီးဖွားစေချင်တယ်၊ ရန်ကုန်မှာတော့ သူ့ယောကျ်ားရှိတယ်၊ သင်္ဘောလိုက်သွားတယ်ပြောလို့ မယုံတဲ့သူလဲ ရှိမှာမဟုတ်ဘူး"

မေမေ့ စေတနာစကားကို အခန်းထဲမှ ကြားရတော့ ပါးပြင်ပေါ်ကို မျက်ရည်တို့ စီးကျလာပြန်၏။

မိဘမေတ္တာ၏ အတိုင်းအဆကို မှုဝေခံစားရင်း ရင်ထဲမှာ တသိမ့်သိမ့် ခံစားနေရပြန်ပြီလေ။



(၅)

မေမေ အန်တီနှင့်သူ့အပါအဝင် မိသားစု သုံးဦးတည်းမို့ ရန်ကင်းဘက်မှာ တိုက်ခန်းတစ်ခုဝယ်ပြီးနေလိုက်သည်။ မေမေ့မှာက လက်ဝတ်လက်စား အတွင်းပစ္စည်းလေးတွေ ထုခွဲပြီးသည့် ငွေအပိုငွေအလျှံ ရှိနေသေးသည်။

မေမေက အသားကျသွားရင် အတိုးရင်းပွားလေး ချစားမည်ဟုပြောသည်။ ဒီကြားထဲ နယ်က အိမ်ကလည်း ရောင်းရသည့်အခါ ငွေထပ်ဝင်လာဦးမှာပဲ ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပြီးခဲ့တာတွေ သမီးဘာမှ တွေးပြီး စိတ်မကောင်း မဖြစ်နဲ့ သမီးကျန်းမာရေးကိုပဲ သမီးဂရုစိုက်၊ မောင်စိုးဝေကတော့ တစ်နေ့ မြန်မာပြည်ကို ပြန်လာမှာပဲ၊ ပြန်မလာဘဲ တစ်သက်လုံး တော့ မနေပါဘူး၊ ပြန်ရောက်လာရင် အဆက်အသွယ်ရမှာပဲ ဒါနောက်ဆုံးပြောတာ၊ ဒီကြားထဲမှာလဲ အဆက်အသွယ်ရနိုင် တာပဲ၊ သူပြန်လာရင် မေမေတို့လဲ သမီးအတွက် စိတ်အေးရပြီ အခုတော့ ဘာမှ မတွေးနဲ့၊ သမီး စာပေးစာယူ တက်စရာရှိတာ တက်၊ လုပ်စရာရှိတာလုပ် စီးပွားရေးလဲ မေမေကြည့်လုပ်မယ်"

မေမေက သူ့အားငယ်နေမည်စိုး၍လားမသိ။ သူ့ကို နဖူးသပ်ပြီး အားပေးစကားဆိုသည်။

"တစ်နေ့ကတော့ အောင်မြတ်ကျော်ဆီက စာလာသေး တယ်၊ ဘာမှ မထူးခြားဘူးတဲ့"

"မေမေ ပြောထားတာပဲ တစ်နေ့တော့ ပြန်လာမှာပေါ့ သမီးရယ်"

တွန့်နေသည့် ဗိုက်ဖုံးအကျႌစကို မေမေက ဆွဲချပေးရင်း ပြောလိုက်သည်။





မျှော်လင့်ခြင်းဖြင့်သာ အသက်ရှင်နေရမှာပါလားဟု နားလည်မိရင်း သက်ပြင်းငွေ့ငွေ့ကို ချမိပြန်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း (၄)

"သောက်လိုက်ဦး၊ ကိုထွန်းကျော်"

နက်စ် ကော်ဖီကို စားပွဲပေါ်သို့ စာရေးမလေး လာချပေး စဉ်မှာ စိုးဝေက ပြောလိုက်သည်။

"ကျွန်တော်တို့ ကုမ္ပဏီက ခင်ဗျားပြောတဲ့ လုပ်ငန်းနဲ့ မတူလို့ ကိုထွန်းကျော်၊ ကျွန်တော်လုပ်ပေးနိုင်တာကို လုပ်ပေးဖို့ အဆင်သင့်ပါ၊ ခင်ဗျားနဲ့ ကျွန်တော်ကဗျာ သဘောပေါ်မှာ





ကတည်းက ညီလိုအစ်ကိုလိုလဲ နေခဲ့ကြတဲ့သူတွေပဲဟာ"

သူ ခပ်ပြုံးပြုံးနှင့် စကားဆက်၏။ ကိုထွန်းကျော်က ကော်ဖီခွက်ကို ယူပြီး သောက်လိုက်သည်။

"အောင်မြင့်ကြီးတို့ ခင်ဗျားတွေ့သေးလား"

ဟုမေး၏။

"ကျွန်တော်က ကုမ္ပဏီထောင်ပြီးကတည်းက ဒီ စီးပွားရေး လောကကြီးထဲမှာ နစ်သွားပြီဗျ၊ သဘော်သား လောကနဲ့လဲ အဆက်အသွယ် ပြတ်သွားပြီ၊ နေ့တဓူဝ ကုန်သည် တွေ၊ ပွဲစားတွေ၊ စီးပွားရေး သမားတွေနဲ့ပဲ ဆက်ဆံ နေရတော့ တာ"

"ခင်ဗျား ကုမ္ပဏီအောင်မြင်တာကိုတော့ လူတော်တော် များများက ချီးကျူးကြတယ်၊ ခင်ဗျားက ငယ်လဲငယ်တာကိုး၊ ကျွန်တော်တို့ သဘော်သားတွေ တွေ့ရင်လဲ ပြောရတယ်၊ ခင်ဗျား ကြီးပွားသွားတာကို အားကျဟယ်ပေါ့ဗျာ"

"ကံပဲလို့ပြောရမှာပေါ့၊ ကိုထွန်းကျော်ရာ ခင်ဗျား သိပါတယ်၊ ကျွန်တော်က သဘော်စလိုက်ကတည်းက နိုင်တီဘူး



www.burmeseclassic.com

www.burmeseclassic.com



နှစ်စအထိ ကျွန်တော် မြန်မာပြည်ကို တစ်ခေါက်မှ မပြန်ဖြစ်နေတာ၊ နားရင် ဗန်ကောက်မှာနားလိုက်၊ စင်္ကာပူမှာနားလိုက်၊ အဲဒီ ငါးနှစ်လောက် မပြန်ဖြစ်တဲ့ အကျိုးလို့ ပြောချင်လဲ ပြောရတာပေါ့ဗျာ၊ တစ်နှစ်လောက်စုထားတဲ့ ပိုက်ဆံကို ကမန်းကတမ်း ဟိုနဲ့အတူ စတက်ခဲ့ သူငယ်ချင်းရှိတယ်၊ အဲဒီ သူငယ်ချင်းကို ကျွန်တော် ပြန်ပေးလိုက်တယ်။ သူများတွေလို ဝယ်ချမ်းပြီး ပို့ရမယ့်သူလဲ မရှိတော့ ဘာမှ ဝယ်မပို့ဖြစ်ဘူး။ အဲဒီသူငယ်ချင်းက သူ့မိဘတွေကို ကျွန်တော့်ငွေနဲ့ ရမယ့် မြေကွက်ဝယ်ခိုင်းတယ်၊ ဒီကောင်ပြန်လာရင် ကျွန်တော့်ကို စာချုပ်စာတမ်းတွေဘာတွေ ယူလာပေးတယ် ဒီကောင်ကလဲ စိတ်ချရတယ်၊ ဒီလိုနဲ့ မြေကွက်သုံးကွက်လောက်ရလိုက်တယ်ဗျ၊ အဲဒီတုန်းက ရတဲ့ဈေးလဲ ခင်ဗျာသိပါတယ်၊ အခု ကျွန်တော် အခု ငါးနှစ်လောက်ကြာလို့ ပြန်လာတော့ ဒီနေရာတွေက ဈေးမတရား တက်နေပြီ၊ ကျွန်တော့်ကံပေါ့၊ ကျွန်တော်လဲ ဒီမြေကွက်တွေ ရောင်းပြီး ကုမ္ပဏီထောင်တာ၊ အကျိုးပေးချင် တော့ ကုမ္ပဏီလဲ အောင်မြင်သွားတယ်ဗျာ၊ ခြုံပြောရရင်တော့ ဗျာ ကျွန်တော်





တော်လို့ မဟုတ်ပါဘူး၊ ကံတရားပေါ့"

စိုးဝေက ကိုထွန်းကျော်ကို ရှင်းပြနေ၏။ ပြီးတော့ ဘင်ဆင်စီးကရက် ရွှေရောင်ဘူးလေးကို ထုတ်ကာ တစ်လိပ် ထုတ်ယူပြီး မီးညှိသည်။ ကိုထွန်းကျော် ရှေ့သို့ စီးကရက်ဘူး ထိုးပေးလိုက်၏။

"သောက်ဗျာ . . . ကိုထွန်းကျော်"

ထိုစဉ် တံခါးတွန်းဖွင့်သံကြားလိုက်၍ စိုးဝေ အကြည့်က တံခါးဆီ အကြည့်ရောက်သွားသည်။

"ဟော မြတ်မာတောင် လာပြီ၊ လာ . . မြတ်မာ"

ဝင်လာသူကို ပြုံးပြရင်း နှုတ်ဆက်၏။

"မြတ်မာနောက်ကျနေပြီလားလို့"

ခပ်ပြုံးပြုံး ဝင်ထိုင်ရင်း ပြောသည်။

"ကိုထွန်းကျော် ဒါ မြတ်မာဆွေတဲ့၊ ကျွန်တော့် ဇနီးလောင်းပေါ့၊ မြတ်မာ ဒါ ကိုထွန်းကျော် ကိုစိုးတို့ သင်္ဘောပေါ်မှာတုန်းက ဆရာကြီးပေါ့၊ ကိုစိုးနဲ့ အရမ်းရင်းနှီးတာ"

"ဟုတ်ကဲ့ . . တွေ့ရတာ ဝမ်းသာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . ကိုစိုးဝေ၊ ကျွန်တော် သွားမယ်ဗျာ"

နှုတ်ဆက်ရင်း ထရပ်သည်။ စိုးဝေကလည်း ထရပ်လိုက်ရင်း . . .

"နောက်လဲဝင်ခဲ့ပါကိုထွန်းကျော်၊ ကျွန်တော်ပေးထားတဲ့ ကတ်မှာ ကျွန်တော့်အိမ် လိပ်စာပါတယ် ဝင်လာခဲ့ပါဗျာ၊ အခု လောလောဆယ် ကျွန်တော်နဲ့ ကျွန်တော့်တပည့် နှစ်ယောက်ပဲ ရှိပါတယ်"

"ဟုတ်ကဲ့ . . . ကိုစိုးဝေ ဟုတ်ကဲ့"

ပြောရင်း ကိုထွန်းကျော် ထွက်သွားသည်။

"ကဲ မြတ်မာ၊ ဘယ်မှာ သွားစားမှာလဲ"

မြတ်မာဆွေကို ကြည့်ရင်း သူမေးသည်။ ပြီးတော့ နောက်မှ တိုက်ပုံအင်္ကျီကို လှမ်းယူ၏။

"တစ်နေရာရာ သွားတာပေါ့ ကိုစိုး၊ ကိုစိုးက နှစ်နာရီမှာ အစည်းအဝေးလဲ ရှိသေးတယ်ဆို"

"ဟုတ်တယ်၊ နှစ်နာရီမထိုးခင် ပြန်လာရမှာ"

"ဒါဆို ဒီအနီးအနားတင် သွားတာပေါ့"





ပြောရင်း အခန်းထဲမှ အတူထွက်လိုက်၏။ အခန်းရှေ့မှ စာရေးမလေး စားပွဲမှာရပ်ရင်း တယ်လီဖုန်းလာလျှင် မှတ်ထားနိုင်ရန် ပြောပြောနိုင်ရန်တို့ကို သူမှာနေမိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

## (၂)

ရိန်းဘိုးစားသောက်ဆိုင်ရှေ့မှာ ကိုးဆယ့်နှစ်မော်ဒယ် တိုရိုလာ ကားအညိုရောင် ထိုးရပ်လိုက်တော့ ဆိုင်ဝမှာ စောင့်နေသည့် ဝိတ်တာတစ်ဦးက လာပြီး တံခါးဖွင့်ပေးသည်။

မြတ်မာဆွေနှင့်အတူ ယှဉ်တွဲလျက် စိုးဝေ ဆိုင်ထဲသို့ ဝင်လိုက်၏။ အပေါ်ထပ်က သီးသန့်ခန်းကို သူတို့ တက်ခဲ့သည်။ မီနူးကတ်ကိုကြည့်ရင်း စားစရာများ မှာလိုက်၏။

"အခု ကိုးဆယ့်သုံးကုန်ရင် ကိုယ်စင်ကာပူမှာ ရုံးခွဲဖွင့်ဖို့





ဒီစဉ်နေတယ်မြတ်မာ၊ ဒီနဲ့ဟို ကူးလိုက် သန်းလိုက်ပေါ့၊ ဒီမှာလဲ ကိုယ်စိတ်ချရတဲ့ လူတစ်ယောက်တော့ ကြည့်ထားတယ်"

မြတ်မာဆွေကို ကြည့်ရင်း သူပြောလိုက်သည်။

"ကိုစိုးကလဲ မြတ်မာနဲ့တွေ့တုန်းတော့ အလုပ်ကို ခဏမေ့ထား ပါလား၊ ကိုစိုးနဲ့တွေ့လိုက်ရင် အလုပ်အကြောင်း၊ ကုမ္ပဏီအကြောင်း၊ ငွေတွေအကြောင်း၊ ဒေါ်လာတွေအကြောင်း ဒါပဲပြောနေတာပဲ၊ ကိုစိုးအသက်က ခုမှ ငယ်ငယ်လေးရှိသေးတာ"

မြတ်မာကိုကြည့်ရင်း သူပြုံးသည်။

"မြတ်မာရယ် ကိုစိုးက အသက်ငယ်ပေမယ့် အရွယ်နဲ့ မမျှတဲ့ဘဝအတွေ့အကြုံတွေ ရှိနေခဲ့တာပဲ၊ မြတ်မာပြောတာလဲ မှန်ပါတယ်၊ ကိုစိုးခေါင်းထဲမှာ စီးပွားရေး၊ ကြီးပွားရေး တွေပဲ ဝင်နေတယ်၊ ကျန်တာ အသေးအဖွဲပဲ"

မြတ်မာဆွေက နှုတ်ခမ်းကို တွန့်လျက် . .

"အဲဒါကို မြတ်မာ မကြိုက်တာ"

ဟု ပြောတော့ သူပြုံးရင်း ကြည့်နေလိုက်မိသည်။



www.burmeseclassic.com

"မာမီတို့ ဒက်ဒီတို့ကတော့ အဲဒါကို ကိုစိုးကို ကြိုက်နေကြတာ ကိုစိုးက လူငယ်ပေမယ့် လူငယ်လို အဖျော် အပါးစိတ် နည်းတယ်၊ ကြီးပွားတိုးတက်ရေးကိုပဲ စိတ်ဝင်တစားရှိတယ်တဲ့၊ မြတ်မာနဲ့ လက်ထပ်ပြီးရင် ဒက်ဒီက သူ့ကုမ္ပဏီကိုတောင် ကိုစိုးကို လွှဲချင် လွှဲမလားပဲ"

"မလုပ်ပါနဲ့ မြတ်မာရယ်၊ ကိုစိုး ဘယ်နိုင်မှာတဲ့လဲ မြတ်မာ ဖေဖေရဲ့ လုပ်ငန်းကလဲ နည်းတာမှ မဟုတ်ဘဲ"

"မြတ်မာတော့ အဲဒါတွေ သိပ်စိတ်မဝင်စားဘူး၊ မြတ်မာ ကိုစိုးကိုချစ်တာလ ကိုစိုး ကြီးပွားနိုင်တဲ့သူပဲဆိုပြီး ချစ်တာ မဟုတ်ဘူး၊ ဒက်ဒီအိမ်ကို ဖိတ်ပြီး ထမင်းကျွေးကတည်းက ကိုစိုးကို မြတ်မာသဘောကျတာ"

ကလေးတစ်ယောက်နှယ် ပြောနေသည့် မြတ်မာ့ဆွေကို သူခပ်ပြုံးပြုံးပင် ကြည့်နေလိုက်နိုင်ပြီ။

"မြတ်မာတို့ ဖေဖေက လုပ်ငန်းတွဲပြီး ဆက်ဆံကြည့်မှ တကယ့်လူကြီးလူကောင်း ပီသတယ်ဆိုတာ သိရတယ်၊ စတွေ့စ ကတော့ ဘုကန့်လန့်ကြီး၊ သူ့ပါးစပ်ထဲရှိတာ မထင်မထင်သလို





ပြောတတ်တယ်နော်"

"ဟုတ်တယ်ကိုစိုး လူတော်တော်များများက ဒက်ဒီနဲ့ ဆက်ဆံရမှာ ဝန်လေးတယ်၊ ကိုစိုးကုမ္ပဏီနဲ့ ဒက်ဒီအလုပ်လုပ်ပြီးတော ကိုစိုးကို သူ အရမ်းသဘောကျသွားတာ၊ ဒက်ဒီက ကိုစိုးနဲ့ မြတ်မာကို သဘောတူနေပြီ ဆိုတာ မာမီပြောလို့သိသားပဲ"

"ဟုတ်လား"

"ကိုစိုး ဘာမှမသိဘူးလား"

"ကိုစိုးက အလုပ်ပဲ စိတ်ဝင်စားတာ"

"သိပါတယ်"

စားစရာများ ရောက်လာသည်။ ဇွန်းခက်ရင်းကို ပဝါဖြူဖြူဖြင့်သုတ်ရင်း မြတ်မာက သူ့ကို လှမ်းပေး၏။ သူက သင့်(ခ်)ယူ ဟု ပြောလိုက်သည်။

"နောက်ဆုံးတော့ မြတ်မာ့အဒေါ်က မဆီမဆိုင်မနေနိုင်တော့ဘဲ ကိုစိုးကို ပြောင်ပဲ နားဖောက်ရတဲ့အဆင့် ရောက်ရော"

သူရယ်နေလိုက်သည်။ မြတ်မာတို့ ဒက်ဒီနှင့် အလုပ်ချင်း

www.burmeseclassic.com



ဆက်စပ်ဆက်ဆံမိရာမှ မိသားစုနှင့်ပါ ရင်းနှီးသွားခဲ့သည်။

သို့သော်လည်း သူက မြတ်မာဆွေကို စိတ်မဝင်စားခဲ့ပြီး အမှန်၊ မြတ်မာဆွေထံမှ ချစ်ရိပ် ချစ်ဟန်စကားစန သူကြားရ သော်လည်း မသိဟန်နေနိုင်ခဲ့သည်။

သူ့မှာ နှလုံးသားမရှိတော့တာ သူ့ဘာသာပင်အသိဆုံး။ သူ့နှလုံးသားသည် ရှိနေသေးသည် ဆိုပါက ချစ်ခြင်း၊ မုန်းခြင်း ခံစားရခြင်းအလုပ်တို့ကို မလုပ်တော့ဟု သူထင်လိုက်သည်။

နောက်ဆုံးတော့ တဖြည်းဖြည်း ရင်းနှီးလာကာ မြတ်မာတို့၏ အန်တီက သူ့အိမ်ထောင်ရေးကိစ္စများကို တစ်စ တစ်စ ဆွေးနွေးသည်။

နောက်တော့ မြတ်မာဆွေနှင့် အိမ်ထောင်ပြုစေချင်ကြောင်း အကြံပေး၏။ သူကတော့ ဦးနှောက်ပင် အလုပ်လုပ်ရ တော့သည်။ မြတ်မာဆွေနှင့် လက်ထပ်လိုက်ခြင်းဖြင့် သူ့စီးပွားရေးနယ်ပယ် ဘယ်အထိ ကျယ်ပြန့်လာနိုင်သည်ကိုသာ သူ အဓိက ဆုံးဖြတ်ခဲ့သည်ပဲ။

သူ့ပန်းကန်ထဲသို့ ဟင်းတွေ ထည့်ပေးနေသည့် မြတ်မာ





ဆွေကို ကြည့်ရင်း သူတွေးနေမိပြန်၏။

"ဝါမဝင်ခင်မှာ စေ့စပ်ပွဲလုပ်ပြီး သီတင်းကျွတ်တာနဲ့ လက်ထပ်ရင် ကောင်းမလားလို့ ကိုစိုး"

"မြတ်မာကို ကိုစိုး လွှဲထားပြီပဲ၊ မြတ်မာ သဘောပါ"

"အိမ်ထောင်ပြုတာတောင်မှ ကိုစိုးအတွက် အသေးအဖွဲ ကိစ္စလိုပဲနော်"

"တစ်မျိုး မထင်ပါနဲ့မြတ်မာ၊ ကိုစိုးက တစ်ခုဆို တစ်ခုခု ကို ဇောက်ချပြီး စိတ်ဝင်စားတတ်တဲ့အကျင့် ပါနေလို့ပါ"

"ဒါဆိုလဲပြီးရော၊ မြတ်မာပဲ ဒက်ဒီတို့နဲ့ စီစဉ်ပြီးလုပ်လိုက် မယ်"

"မြတ်မာကို လွှဲထားပါတယ်"

အရယ်ဖြင့် သူပြောသည်။

"ဘယ်လိုလဲ၊ ဒီည ကာရာအိုကေ လိုက်ပို့မယ်ပြောထား တာရော"

"ဩော် . . အေး . . . ဟုတ်သားပဲ၊ ကိုစိုးမေ့နေတယ်၊ ဆောရီးနော် မြတ်မာ၊ ဒီညလဲ ကိုစိုး အားမှာ မဟုတ်ဘူးကွာ၊



www.burmeseclassic.com

www.burmeseclassic.com



အင်းယားလိတ်မှာ ဟောင်ကောင်ကုမ္ပဏီတစ်ခုက နိုင်ငံခြားသား တွေနဲ့ တွေ့စရာရှိနေလို့"

"သိပါတယ် . . . ဒက်ဒီဆီက သိပြီးပြီ၊ ဒက်ဒီလဲ အဲဒီ ပဲသွားရမယ်ပြောလို့"

"ဟုတ်တယ် မြတ်မာ ဟုတ်တယ်"

"လက်ထပ်ပြီးရင်တော့ တစ်လနှစ်လ အနားယူပါ တို ရယ်"

"စီးပွားရေးချည့်လဲ အာရုံစိုက်မနေပါနဲ့ဦး"

ဘာမှ ပြန်မပြောမိတော့ဘဲ ပြုံးရုံသာ ပြုံးပြနေလို မိတော့သည်။

ငွေတွေ ဂုဏ်တွေ အစစအရာရာ လိုလေသေး ပြည့်စုံနေပြီလေ။

အသက်သုံးဆယ်မပြည့်မီမှာ အောင်မြင်သော စီးပွား ရေး သမားတစ်ဦးအဖြစ် အားလုံးက သူ့ဘဝကို အားကျနေပြီ လေပြီ။

သူပျော်နိုင်ပါရဲ့လားဟု သူ့ကိုယ်သူ ဆန်းစစ်မကြည့်





တာကိုတော့ သူမှလွဲ၍ မည်သူမှ မသိနိုင်ပါလား။

စီးကရက် တစ်လိပ်ကိုယူသောက်ရင်း မီးခိုးငွေ့တွေကို သူမှုတ်ထုတ်မိပြန်၏။



www.burmeseclassic.com

www.burmeseclassic.com

(၃)

"သားရော မေမေ"

အလုပ်မှပြန်ရောက် အိမ်ခန်းထဲ ဝင်မိသည်နှင့် သားကို မတွေ့ရတော့ ထားသက်ပိုင် မေးသည်။

"သမီး အခန်းထဲမှာ စောစောကပဲ စာကျက် သံကြား သေးတယ်"

ဟု ပက်လက်ကုလားထိုင်မှာ ထိုင်နေသည့် မေမေက ပြောသည်။ ဆွဲခြင်းကလေးကို ထားနေကျ နေရာမှာ တင်လိုက်





၏။

"တစ်နေ့ကုန် ကောင်တာမှာ မတ်တပ်ရပ်နေရတော့ ညောင်းလိုက်တာ မေမေရာ"

ဟု ပြောရင်း မေမေ့ဘေးနားမှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

မေမေက သူ့ကို ကရုဏာမျက်လုံးဖြင့် ငုံ့ကြည့်လိုက်တာ တွေ့၏။

" သားရေ . . သား လာပါဦး"

သားကို လှမ်းခေါ်လိုက်သည်။

အခန်းထဲမှ ပြေးထွက်လာပြီး သားက သူ့အပေါ် ဝင်ထိုင်လိုက်၏။

"အမယ်လေး သားနဲ့မေမေလဲ ညပဲတွေ့ချိန်ရှိတော့တယ်"

ဟု ပြောရင်း သားကို သူ့ဖက်နမ်းလိုက်သည်။

"သား ဒီနေ့ စာတွေ ရရဲ့လား"

သားက ငါးနှစ်ပြည့်ပြီမို့ ကျောင်းစတက်နေပြီ။ ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



က အိမ်နှင့်မဝေးလှသည်မို့ သားအတွက် သိပ်စိတ်မပူရ။ အန်တီက ကျောင်းသွား ကျောင်းပြန် တာဝန်ယူ ကြိုပို့ လုပ်ရသည်။

"ရတယ် မေမေ"

"သား ထမင်းစားပြီးပြီလား"

"ပြီးပြီ"

"တဲ . . . ဒါဆို သား စာကျက်ချင်ကျက်၊ ဆော့ချင်ဆော့ သွားတော့ မေမေ ရေချိုးလိုက်ဦးမယ်"

သူ့ထံမှ သားထွက်သွားပြီး အခန်းထဲဝင်သွားသည်။

"ညည်းသားက ဒီနေ့ ငါ့ကို မေးတယ်၊ သူ့ သူငယ်ချင်း အဖေက သင်္ဘောသားတဲ့၊ ပြန်လာလို့ ချောကလက်ပါလာတာ သူ့ကို ကျွေးတယ်တဲ့၊ သားဖေဖေကရော ဘယ်တော့ ပြန်လာမှာလဲ ဖွားဖွားတဲ့"

မေမေ့ နှုတ်မှထွက်လာသည့် စကားတို့သည် သူ့ရင် ကို စူးစိုက်နစ်ဝင် နာကျင်ခံခက်စေပြန်၏။ ရေချိုးမည်ဟု ထလိုက်ရင်း ခြေမလှမ်းမိဘဲ ခပ်တွေတွေ ရပ်ကာ အပြင်ကို လှမ်းကြည့်





နေမိပြန်သည်။

"သမီးကို မေးရင်၊ သမီးက သေပြီလို့ ပြောတာ သူမကျေနပ်ဘူး၊ အရင်တုန်းကတော့ ပြန်လာမှာပေါ့ပြောပြီး အခုဘာလို့ သေရတာလဲ ထပ်မေးတယ်၊ သမီး စိတ်မရှည်လို့ ငါ့ကို အဲဒီအကြောင်း ထပ်မမေးနဲ့ မင့်အဖေ သေသွားပြီလို့ပဲ ပြောလာတော့ သမီးကို ဘာမှ ထပ်မပြောရဲဘူး မေမေ"

မေမေကို မကြည့်ဘဲ သူပြောနေမိပြန်သည်။

မီးဖိုခန်းထဲမှ အန်တီထွက်လာရင်း . . .

"ညည်းစောင့်နေတာ ကလေးပဲ ငါးနှစ်ပြည့်ပြီ ထား၊ ငါ့အထင်တော့ ပြန်လာချင်မှ လာတော့မယ် ထင်တယ်၊ ဘာပဲဖြစ်ဖြစ် ငါပြောချင်တာတော့ ညည်းအိမ်ထောင်ပြုဖို့ စဉ်းစားသင့်ပြီ။ ညည်းအမေ ပြောတာ ညည်းအမေတို့ ငါတို့က နောက်ဘယ်လောက် ကြာနေရမှာလဲ၊ တို့မသေခင် ညည်းကို အားကိုး အားထား တစ်ယောက် ရှိစေချင်တယ်"

"ကလေးနောင်ရေးလဲ စိတ်ချရအောင်ပေါ့၊ ညည်း သိတဲ့အတိုင်းပဲ၊ ညည်းအမေ ငွေတိုးချေးတာ စီးပွားရေးလုပ်



www.burmeseclassic.com

www.burmeseclassic.com



လိုကတာလဲ ရှိတာလေးပြောင်ပြီ၊ မလည်မပတ်ဆိုတော့ အလိမ်ခံရတာ ရှေ့တုန်း တိုးတာနဲ့၊ အခုလို ညည်း ပင်ပင်ပန်းပန်း စတိုးဆိုင်မှာ ဝင်လုပ်ရတာမျိုးလဲ အန်တီ မကြည့်ရက်ဘူး။ ထိုင်စားနေလို့ မလောက်တော့တဲ့ အခြေအနေမို့သာ။ ညည်း ဘယ်လောက်ပင်ပန်းတယ်ဆိုတာ သိတယ်"

အန်တီက အိမ်ထောင်ပြုဖို့ နားချပြန်ပြီ။ မေမေကလည်း အလျဉ်းသင့်သလို အိမ်ထောင်ပြုရန် တိုက်တွန်း၏။

"ဒီလောက် စောင့်ရင်တော်ပါပြီ သမီးရယ်၊ မိန်းကလေးမှာ အရွယ်ဆိုတာ သိပ်အရေးကြီးတယ်၊ သမီးလဲ အခုလို နှစ်ဆယ့်သုံးလေးဆိုတော့ အိမ်ထောင်ပြုသင့်တဲ့ အရွယ်ပဲ၊ ပြီးတော့ သမီးကုသိုလ်ပဲ ကလေးတစ်ယောက် အမေလို့ ဘယ်သူမှ မထင်ကြဘူး၊ ကိုယ်က ရွေးနိုင်တုန်း ကလေးနဲ့ အဆင်ပြေတဲ့သူတို ရွေးပြုစေချင်တယ်"

မေမေကလည်း ထုံးစံအတိုင်း စကားဆက်တော့ သည်။ သူသက်ပြင်းကို ချမိပြန်၏။

"သမီး စိတ်ကုန်တာ အမှန်ပဲ၊ ဘယ်သူ့ကိုမှ အိမ်ထောင်





ပြုဖို့ သမီးမစဉ်းစားချင်ဘူး၊ သမီးကို ကြိုက်တဲ့သူတွေ လက်ကမ်းတဲ့သူတွေထဲမှာ ယောကျ်ားပီသပြီး အိမ်ထောင်ပြုသင့်တဲ့သူတွေ ပါပါတယ် ဒါပေမယ့် သမီး လိပ်ပြာမသန့်ဘူး မေမေ"

"ဟဲ့ လိပ်ပြာမသန့်ရအောင် ကိုယ်က အပျိုလေးပါ လို့ ညာပြောတာမှ မဟုတ်ဘဲ"

"အဲဒါမဟုတ်ဘူး မေမေ၊ ကလေးအဖေက လွဲရင် သမီး အိမ်ထောင်ဖက် အနေနဲ့ စဉ်းစားဖို့ လိပ်ပြာမသန့်တာပါ"

"ညည်းက သစ္စာရှိချင်သေးတယ်၊ ညည်းပဲ သေပြီလို့ ကလေးကို ပြောပြီး"

"သမီး စိတ်ထဲမှာတော့ ဘယ်တော့မှ သေမှာမှ မဟုတ်တာ အန်တီရယ်"

ပြောရင်း အဝတ်အစားလဲရန် အခန်းထဲ ဝင်လိုက်သည်။ ငယ်ငယ်ရွယ်ရွယ်နှင့် ကလေးတစ်ယောက်အမေ မုဆိုးမ ဘဝ၏ မလုံခြုံ၊ စိတ်မချရမှုများကိုလည်း သူတွေ့ကြုံရဖူးသည်ပဲ။ စော်ကားရဲသူများ ကြုံဆို ကျူးသွင်းသူများကိုလည်း သူ တွေ့ခဲ့ဖူးသည်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



လောကမှာ တစ်ယောက်တည်းလျှောက်ရန် မရဲဝံ့သူ အဖြစ် သူ့ကိုယ်သူ အဖြစ်မခံလို။ သူ့ဏ္ဍနြွေ သူ့သိက္ခာနှင့် သူ့ကိုယ်တျင့်တရားကို တံတိုင်းပမာ လုံခြုံနေရမည်ဟု သူအမြဲ ယုံကြည်ခဲ့မြဲ။ သူ့ရင်ထဲသို့ မရောက်နိုင်ပါဘဲနှင့်တော့ ယောကျ်ား တစ်ဦးကို လင်အဖြစ် သူ အမည်မခံချင်တော့။

သူ့ အနာဂတ်သည် သူမဟုတ်တော့ဘဲ သူ့သား ဖြစ်နေ တာကို သူအသေအချာ သိနိုင်လိုက်သောကြောင့်ပင်။

ရေမိုးချိုး ထမင်းစားပြီးတော့ သူအိပ်ရာပေါ် ပစ်လှဲ လိုက်သည်။ စတိုးဆိုင်ကောင်တာမှာ တစ်နေကုန်ရပ်နေရသည် က များတော့ တစ်ကိုယ်လုံး တောင့်တင်းကိုက်ခဲနေချင်သည်။

အိပ်ရာပေါ် လှဲလိုက်ရင်း အညောင်းဆန့်၏။ ပြီးတော့

"သားရေ"

"ဗျာ"

စာကြည့် စားပွဲပေါ်မှာ အရှုပ်ထိုင်ဆွဲနေသော သားကို သူခေါ်သည်။

"ဘွားဘွားတို့ဆီမှာ သတင်းစာ သွားတောင်းပေးပါဦး"





သားလေး အခန်းထဲမှ ထွက်သွားတာကို သူငေးကြည့် နေလိုက်မိသည်။ သူ့သားသည် သူ့အဖေနှင့်မတူဘဲ သူနှင့် တော် တော်လေးတူသည်ဟု မေမေရော အန်တီကပါ ပြော၏။ ဟို တလောက အောင်မြတ်ကျော်နှင့် သူ့ဇနီး ရန်ကုန် အလည် ရောက်လာစဉ်ကလည်း နင့်သားက နင်နဲ့ တစ်ပုံစံတည်းဟု ပြောခဲ့သေးသည်။ အောင်မြတ်ကျော်အကြောင်း တွေးမိရင်း ဒီကောင် ငါ့ကိုပါ အဆက်ဖြတ်တာ ငါမကျေနပ်ဘူးဟု ပြောခဲ့ သည့် အောင်မြတ်ကျော် စကားကို ပြန်ကြားယောင်မြန်သည်။

"ရော့ မေမေ"

သားဆီက သတင်းစာကို သူလှမ်းယူလိုက်၏။ ပြီးတော့ သတင်းစာကို ဖတ်နေမိပြန်သည်။

"ဟင်"

သူ့မျက်လုံးတွေ အလိုလို ပြူးကျယ်သွားပြီဟု ထားသက်ပိုင်ထင်လိုက်၏။ ပြီးတော့ သတင်းစာကို အသေအချာ စေ့စေ့စပ်စပ် ဖတ်သည်။ စေ့စပ်ပြီးစီးခြင်းသတင်း။ နာမည်တူ ဖြစ်မှာလား အတွေးဖြင့် အထပ်ထပ် ဖတ်သည်။ မြို့အမည်



www.burmeseclassic.com

www.burmeseclassic.com



မိဘအမည် ဘာမှ လွဲစရာမရှိ။

သူ ရန်ကုန်မှာ ရှိနေပါရောလား။ သူ့ဘယ်တုန်းက မြန်မာပြည်မှာ ရှိနေတာလဲ။ ကုမ္ပဏီတစ်ခုရဲ့ ဦးဆောင်ဒါရိုက်တာဆိုတော့ သူကြီးပွားချမ်းသာနေပြီပဲ။

ကြည့်စမ်း သူ့ခြေရာကို စပြီးခံမိတဲ့အချိန်မှာ သူတကိုယ်နှင့်ဆိုင်စရာ မရှိတော့သည် အခြေအနေပါလား။ ဘုရား ဘုရား . . . မေမေတို့ ဒီသတင်းကို ကျော်ဖတ်ပြီး မတွေ့ကြလို့ သူ့ကို မပြောမိခြင်း ဖြစ်မည်။ မေမေတို့ မသိတာပဲ ကောင်းပါတယ်ဟု တွေး၏။ သတင်းစာကို ကျစ်ကျစ်ကိုင်ရင်း ရှုတ်တရက်သေဆုံးသွားသူပမာ မလှုပ်ရှားမိ။ သတိရတော့ မျက်ဝန်းမှာ မျက်ရည်တွေ တတွေတွေ လိမ့်ဆင်းစီးသွယ်သည်။ သားကို သူတစ်ချက် လှမ်းကြည့်၏။ သားကတော့ ဘာမှ မသိသလို သူ့ကို တျောခိုင်းထားသည်။ သူမျက်ရည်ကျသည်ကို သား မတွေ့စေလို၍ မျက်ရည်စတွေကို လက်ဖဝါးဖြင့် သုသုတ်သည်။ ပြီးတော့ တုတင်ပေါ်မှာ သူထထိုင်လိုက်မိသည်။

"သား"





"ဘာလဲ မေမေ"

"လာပါဦး သား"

သားက သူ့အနားကပ်လာပြီး ထိုင်သည်။

"သား ဖေဖေသေပြီဆိုတာ သားက မယုံလို့ ညနေက ဘွားဘွားကို မေးတာလား"

သားက ပြန်မပြောဘဲ သူ့ကို ကြည့်နေသည်။

"မေမေပြောတာ ယုံပါသားရယ်၊ သားဖေဖေ တကယ်သေသွားပြီ၊ မေမေတို့ဆီကို သူဘယ်တော့မှ ပြန်လာနိုင်မှာ မဟုတ်တော့ဘူး"

"မေမေ သိလို့လား"

"မေမေသိတယ်၊ မေမေ သားကို မညာဘူး"

"ဒါဆို တကယ်သေပြီပေါ့"

"အင်း . . ."

"ဘွားဘွားတို့က ဘာလို့ နိုင်ငံခြားမှာလို့ ပြောလဲ မေမေ"

"သား စိတ်ဆင်းရဲမှာစိုးလို့"

သားက ခဏငြိမ်သွားသည်။ ပြီးမှ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဖေဖေ သေပြီလို့ သားမေမေ့စကား ယုံတော့မယ်နော်"

သားကို ဆို့နင့်စွာ ကြည့်ရင်း သူခေါင်းကို ညိတ် သည်။ ခေါင်းအညိတ်မှာ တွဲခိုလာသည့် မျက်ရည်တစ်စက်ပါးပြင်ပေါ် ကျလာတော့ သား မမြင်အောင် ရုတ်တရက် ထရပ်လိုက်ရင်း မျက်နှာလွှဲ၏။

"ကဲ . . သား သွားတော့"

သားက သူ့ကို နားမလည်သလို ကြည့်နေတာ သူခံနိုင်တော့။

မျှော်လင့်ခြင်းဖြင့်သာ အသက်ရှင်နေရပါသည် ဆိုပါက သည်အချိန်မှစ၍ သူ့ဘဝ သေဆုံးပြီလားဟု ထားသက်ပိုင် တွေးသည်။ တစ်နေ့ မောင်ပြန်လာမှာ ဆိုသည့် အတွေးဖြင့် ငါးနှစ်တာကို ကျော်လွှန်ခဲ့ရပြီပဲ။ ခွဲခွာနေရခြင်းဖြင့် နှလုံးသားမှာ မောင်နှင့် ကင်းကွာမသွားဟု သူ့ထာဝရ နားလည်ခဲ့သည်လေ။

အခုတော့ ဆုံစည်းခွင့် ပိုင်ဆိုင်ခွင့်ဆိုတာ မရှိတော့သည့်





အဖြစ်ကို စင်စစ် သိခွင့်ရလိုက်ပြီပဲ။ ရင်ထဲမှာ ကျန်နေသည့် ချစ်ခြင်းကိုတော့ ဘယ်သူ ဆွဲနုတ်သုတ်သင်နိုင်မှာတဲ့လဲလေ။

ဆုံခွင့်ပိုင်ခွင့် မရှိနိုင်တော့ငြား၊ နှလုံးသားမှ ဇာတ်ရာ အမာရွတ်ကတော့ ပကတိအတိုင်း ရှိနိုင်တော့မည် မထင်။

သူ့ဘဝ သေပြီဟု ဆိုလင့်ကစား သူ့ဝိညာဉ်သည်ကား သားအတွက် ရှင်သန်လှုပ်ရှားနေရပါဦးမည်။

အဖေ မရှိသည့်သားမို့ အစစအရာရာ နွမ်းပါးသည် မရှိရအောင် သူ အတတ်နိုင်ဆုံး ရုန်းကန်ရဦးမည်။

ဪ . . . သူဖြစ်ချင်သလို ချမ်းသာကြွယ်ဝ အစစပြည့်စုံသူ တစ်ဦးဖြစ်နေပြီပဲဟု မုဒိတာပွားကာ ကျေနပ်အားရစိတ်နှင့်အတူ ကြေကွဲကျွမ်းလောင်စိတ်သည် ထားသက်ပိုင်၏ ရင်ကို နှိပ်စက်နေပြီတည့်၏။



www.burmeseclassic.com

www.burmeseclassic.com

(၄)

ကံကြမ္မာကိုပင် ရိုးမယ်ဖွဲ့ရတော့မည်ဟု ထင်... သတင်းစာထဲကစေ့စပ်ပြီးစီးခြင်းတွေ့ပြီး တစ်ပတ်ကျော်... အကြာမျှာ သူမမျှော်လင့်ပါပဲ သူကောင်တာရှေ့မှာ မောင့်... မြင်လိုက်ရတော့ ရုတ်တရက်ကြောင်သွားသည်။ ပြီးတော... ကျောက်ရုပ်တစ်ရုပ်နှယ် တောင့်တင်းစွာ ရပ်နေမိရင်း အသက်... ရန်မေ့လျော့နေသလို . . .

"ထား"





မောင့်နှုတ်က အသံစထွက်သည်။

"စိုးဝေ . . ."

စိတ်ကို ထိန်းချုပ်လျက် မျက်နှာကိုပြင်ရင်း သူပြန်နှုတ်ဆက်သည်။ မောင့်ဘေးမှာ အမျိုးသမီးတစ်ဦးပါလာတာ သူသတိရရင်း ချက်ချင်းပင် စိတ်ကို ချုပ်တည်းသည်။

"နင် ဘာလာဝယ်တာလဲ"

"မြတ်မာ ဒါ ကိုစိုး သူငယ်ချင်း ငယ်သူငယ်ချင်းလေ၊ ထားသက်ပိုင်တဲ့၊ ထား . . . ဒါ ငါ့၊ ငါ့ ဇနီးလောင်း"

"ဟုတ်ကဲ့"

ပြုံးလျက် အသိအမှတ်ပြု ခေါင်းညိတ်ပြသည်။

"ကြည့်နော် . . ဘာလိုချင်လဲ"

စကားကို လွှဲ၏။

"နေပါဦး၊ နင်ဘယ်လို ဒီရောက်လာလဲ၊ အမျိုးသားက ရန်ကုန်ပြောင်းလာလို့လား"

"ဟုတ်တယ်"

ဆို့နင့်လာသည့် ခံစားမှုကို ထိန်းရင်းဖြေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင့်အမျိုးသားရော"

"ဆုံးပြီ"

"ဟုတ်လား"

နှုတ်မှ အသံမထွက်တော့ဘဲ ခေါင်းကို ညိတ်မိ၏။

"ကလေး ကျန်ခဲ့လား"

"သားရှိတယ်"

"နင် အခု ဘယ်မှာနေလဲ ထား၊ ငါလာတွေ့ ဦးမယ်"

"မလာပါနဲ့ဟာ၊ ငါက ဆိုင်မှာချည့် များတယ်၊ အိမ်မှာလဲ မေမေတို့က အမြဲရှိတတ်တာမဟုတ်ဘူး"

အိမ်ကို မာစေချင်၍ သူ့စကားကို ဖြတ်၏။ ပြီးတော့ နေဦးနော် စိုးဝေ၊ ငါက အလုပ်များတယ် ပြောပြီး တခြား ဝယ်သူဆီ သူတမင်ရှောင်ထွက်ခဲ့၏။

ဆိုင်ထဲမှာ လှည့်ကြည့်ပြီးတော့ ငါပြန်မယ်ထား။ နောက်မှ ငါလာတွေ့ဦးမယ်ဟု ပြောရင်း ဆိုင်ထဲက ထွက်သွားသည်။

နောက်ကျောကို ငေးကာ ကြည့်နေမိ၏။ ငိုချင်သည့်





စိတ်ကို မြိုသိပ်ရသည်မှာ မလွယ်။ ဆို့၍ တက်လာသော ခံစားမှုဖြင့် မိုက်ခနဲဖြစ်သွားတော့ နောက်က နံရံမှာ သူမှီရပ်ရင်း မျက်စိမှိတ်ထားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၅)

"ထား . . ."

"ဟင် . . . စိုးဝေ"

နောက်တစ်နေ့ စိုးဝေတစ်ယောက်တည်း ထားရှေ့မှာ လာရပ်သည်။

"နင် . . . ဘာဝယ်ဦးမလို့လဲ"

"မဟုတ်ဘူး၊ နင့်ဆီလာတာ"





"ငါနင်နဲ့ စကားပြောချင်တယ်၊ တစ်ခုခု လိုက်သောက် ပါဟာ၊ တစ်ယောက်ယောက်ကို ခဏအပ်ခဲ့ပါ"

"မရဘူးစိုးဝေ၊ ငါတို့ဆိုင်မှာ အဲဒီလို မရဘူး"

"ခဏလေးပါ ထားရယ်"

"မဖြစ်လို့ပါ"

စိုးဝေက စိတ်ပျက်သွားပုံရသည်။ ပြီးတော့ ထားက တင့်အင်းဆိုလျှင် ပြန်ပြင်မည်မဟုတ်ကြောင်း သူအသိဆုံး။

"ငါပြောမယ် စိုးဝေ"

"ဘာလဲ"

"နင် အမျိုးသမီးက တစ်မျိုးထင်နေပါ့မယ်၊ နောက်ဆို ငါ့ဆီ နင်မလာနဲ့"

"မဆိုင်ပါဘူး ယူထားတာမှ မဟုတ်တာ"

"လက်လွတ်စပယ် မပြောနဲ့ စိုးဝေ"

"အဲဒါ ငါ့ကိစ္စပါ"

"ဒါပေမယ့်၊ ငါ့ကို အရွယ်ငယ်ငယ်နဲ့ မုဆိုးမဆိုပြီး လူတွေက အထင်သေးချင်ကြတာ၊ နင် ခဏခဏ မလာနဲ့ဟာ"



www.burmeseclassic.com

www.burmeseclassic.com



ငါ နာမည်ပျက်မှာ စိုးတယ်"

စိုးဝေ ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်သွားသည်။

"နင် ဘာလို့ ငါ့ကို ရှောင်ရတာလဲ ထား၊ နင့် အပြစ်ကို ငါခွင့်လွှတ်ပါတယ်"

"ဘာ"

"ဩော် . . နင် လက်ထပ်သွားတာကို ငါ ခွင့်လွှတ်နိုင်တယ်ဆိုတာ အခု ငါ့ဘာသာသိတယ်"

တံတွေးကို မြိုချရင်း သူ ဘာမှ ဆက်မပြောမိတော့။ မပြောမိအောင် ထိန်းသိမ်းစောင့်စည်းရမည့် တာဝန်ရှိသည်ပဲ ဟု သူ့ဘာသာ အထပ်ထပ် သတိပေးနေမိပြန်၏။

"ပြန်ပါတော့ စိုးဝေရယ်၊ ငါ့ကို မန်နေဂျာက ငြိုငြင်နေဦးမယ်"

"အေးလေ"

စိုးဝေ ချာခနဲ လှည့်ထွက်သွားသည်။ ဈေးဝယ်သူတွေကြားမှာ စိုးဝေ တိုးလျက် ဆိုင်ပြင်ထွက်တာ လှမ်းမြင်ရပြန်သည်။

နေမကောင်းလို့ကွယ်ဟု သူ့ဘေးမှ သူငယ်ချင်းကို





ကိုစိုး စေ့စပ်တာကို ဖျက်သိမ်းဖို့ ဆုံးဖြတ်လိုက်ပြီ"

မြတ်မာဆွေက . . .

"ကိုစိုး တကယ်ပြောနေတာလား"

ဟု ပထမ မယုံသလိုမေးသည်။

သူ ခေါင်းကို ညိတ်၏။

"ဟုတ်ရဲ့လား ကိုစိုးရယ်၊ ကိုစိုးလို စီးပွားရေးသမားတစ်ယောက်က မြတ်မာလို အနေအထားမျိုးနဲ့ စတိုးဆိုင်က ဈေးရောင်းတဲ့ကောင်မလေးတစ်ယောက်ကို ဘယ်လို နှိုင်းယှဉ်ပြီး ရွေးလိုက်တာလဲ"

"ဒါ စီးပွားရေးမှ မဟုတ်ဘဲ မြတ်မာ"

"ပြီးတော့ သူက ကလေးတစ်ယောက်အမေ၊ မုဆိုးမ"

"အချစ်မှာ အဲဒါတွေမှ မရှိဘဲ"

"ကိုစိုး မြတ်မာကို မချစ်ဘူးဆိုတာတော့ မြတ်မာသိပါတယ်၊ ဒါပေမယ့် ကိုစိုးဒီလောက် စိတ်ကူးယဉ်ဆန်မယ်လို့ မြတ်မာ မတွေးခဲ့မိဘူး၊ ကိုစိုးရဲ့ အကျိုးအမြတ်ကို ကိုစိုး ဒီလောက် လွယ်လွယ်နဲ့ မစွန့်လွှတ်ရဘူးလို့ မြတ်မာထင်ခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



သူ တစ်ချက်ပြုံးသည်။

"မေတ္တာသည် မည်သည့် အကျိုးအမြတ်ကိုမျှ မမျှော်ကိုးတဲ့ မြတ်မာရဲ့"

ဟု သူပြောလိုက်၏။

"ကိုစိုးရယ်"

"မြတ်မာ အံ့ဩချင်အံ့ဩမယ်၊ ဒီဆုံးဖြတ်ချက်ကို ကိုစိုး ပင်ပင်ပန်းပန်း စဉ်းစားပြီး ဆုံးဖြတ်ရတာမျိုးမဟုတ်ဘဲ ထားအမျိုးသား ဆုံးပြီဆိုတာ သိရတာနဲ့ အလိုလိုဖြစ်လာတဲ့ ဆုံးဖြတ်ချက်မျိုးပါ"

"မြတ်မာ မာနနဲ့ တင်းနိုင်ပါတယ် ကိုစိုး၊ လူကြီးတွေကိုလဲ ကိုစိုးပဲ ပြောလိုက်ပေါ့"

ပြောပြီး ဧည့်ခန်းထဲမှ မြတ်မာထွက်သွားသည်။

နောက်နေ့မှာပင် မြတ်မာဆွေ၏ မိခင်နှင့် အန်တီကို သူရှင်းပြသည်။ မြတ်မာထံမှ သတင်းသိပြီးဖြစ်၍ သူ့ကို ခပ်တင်းတင်း ဆက်ဆံပုံရ၏။ သမီးလေး ကံကောင်းပါတယ်ကွယ်၊ လက်ထပ်ပြီးမှဆိုရင် ဒုက္ခဟု မြတ်မာ အမေက ပြောသည်။





သူ့ထက်သာသူများနှင့် မြတ်မာကို အချိန်မရွေး လက်ထပ်ပေးနိုင်သည်ဟု သွယ်ဝိုက်ရင်း သူ့ကို အသိပေးခဲ့သေး၏။

ဘာဖြစ်ဖြစ် သူက စကားကို ဖျက်ရသူမို့ သူ့မှာ အပြစ်ရှိသည်ဟု ခံယူရင်း ပြောသမျှ သူခေါင်းငုံ့ခံခဲ့သည်။

ထူးခြားသည်မှာ မြတ်မာ၏ ဒက်ဒီကို သူခွင့်တောင်းလျှက် တောင်းပန်စကားဆိုစဉ်မှာပင် မြတ်မာ၏ ဒက်ဒီသည် သူ့အပေါ် ဘာအာဃာတစကားမျှ မဆိုဘဲ နှစ်လို ကြည်ဖြူစွာ ခွင့်ပေးလိုက်ခြင်းပင်။

စီးပွားရေးသမားကြီးတစ်ဦး၏ အတုယူဖွယ် စိတ်ဓာတ်နှင့် ဆက်ဆံရေးပါလားဟု စိုးဝေ သိခွင့်ရလိုက်ပြန်၏။

စေ့စပ်ကြောင်းလမ်းခြင်းကို ဖျက်သိမ်းကြောင်း သတင်းစာထဲမှာ ပါပြီးညနေမှာပင် စိုးဝေ ထားအလာကို စောင့်၏။ သူ့ဆိုင်ဘေးနားက လမ်းမှာ ကားကို ရပ်ရင်း ဆိုင်နှင့် မလှမ်းမကမ်းမှာ စောင့်ကြည့်သည်။

ည ရှစ်နာရီကျော်ကျော်လောက်မှာ ဆိုင်သိမ်း၍ ထားဆိုင်ထဲမှ ထွက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ထား"

"ဟင် စိုးဝေ ဘာလာလုပ်တာလဲ"

"ထားကို စောင့်နေတာ"

"ရှုးနေလား စိုးဝေ"

"ထားပြောချင်တာတွေချည့် ပြောမနေနဲ့၊ လာ . . လိုက်ခဲ့"

ပြောရင်း လက်ထဲက ဆွဲခြင်းကို ဆတ်ခနဲ လုယူလိုက်သည်။

"ဘယ်လိုလုပ်တာလဲ စိုးဝေ"

ထားက နားမလည်သလို ကြည့်ရင်း ဆိုသည်။ ဆိုင်ထဲက ထွက်လာသူတို့က သူတို့နှစ်ယောက်ကို တစေ့တစောင်း ကြည့်သွားကြ၏။

"ထားရယ် . . လာပါ၊ ထားလုပ်ပုံနဲ့ မောင်က လိုက်နှောင့်ယှက်နေတယ် ထင်ပြီး ဝိုင်းရိုက်ခံရတော့မယ်"

"စိုးဝေ နင်ဘာတွေ ပြောနေတာလဲ"

"လာ . . နောက်မှ အေးအေးဆေးဆေး စကားပြော





စိုးဝေ၊ နင် ငါ့မာနကို အသိဆုံးပါ"

စိုးဝေက ပြုံးရင်း . . .

"ထားရယ်၊ နင် အရင်အတိုင်း စွာတုန်းပါပဲလား"

ပြောလျက် လာချပေးသည့် သံပုရာရည် ဖန်ခွက်ကို လှမ်းယူသည်။

"ရော့ . . ဒီမှာ သတင်းစာဖတ်ကြည့်၊ နင် တစ်နေ့လုံး သတင်းစာ မကြည့်ဖြစ်ဘူးဆိုတာ သိလို့ ယူလာခဲ့တာ"

ပြောရင်း သတင်းစာကို လှန်သည်။

"ငါက အိမ်ရောက်မှ သတင်းစာဖတ်ရတာ"

စိုးဝေ သတင်းစာကို လှန်နေစဉ် ထားသက်ပိုင်ပြော၏။

"ရော့ ဒီမှာ"

စိုးဝေ ပြသည့် သတင်းကို ဖတ်ရင်း ဖတ်ရင်း သူ့ ရင်ခုန်မြန်နေပြီ။

"စိုးဝေ ဒါဘာလုပ်တာလဲ"

စေ့စပ်ကြောင်းလမ်းခြင်း ဖျက်သိမ်းသည့် သတင်းကို ဖတ်အပြီး စိုးဝေမျက်နှာကို ကြည့်ကာ ထားက မေး၏။



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို လက်ထပ်မလို့လေ"

"မဟုတ်ပါဘူး၊ ငါ အဲဒီလိုလဲ အနိုင်မယူချင်ဘူး၊ ဟိုက ဘယ်လိုခံစားရမလဲ"

"နင် မသိပါဘူး ထားရယ်၊ နင်နဲ့ငါ ခံစားရသလောက် မြတ်မာ မခံစားရဘူးဆိုတာ ငါသိတယ်၊ သူ ငါ့ကို လက်ခံခဲ့တာလဲ ဈေးတွက်နဲ့ တွက်ခဲ့တာပဲ၊ ငါလဲ သူ့ကို ဒီသဘောပဲ၊ ငါ့ကိစ္စငါ ရှင်းခဲ့ပြီးသားပါ"

"နင် အသေအချာ စဉ်းစားပြီးပြီလား"

"ဘာကိုလဲ"

"နင်က သိပ်ကြီးပွားချင်တာ၊ ဟိုအမျိုးသမီးကို လက်ထပ် ရင် နင် ပိုပြီး ကြီးပွားမယ်၊ ပြီးတော့ သူက အပျို၊ ငါက မုဆိုးမ ကလေးတစ်ယောက်နဲ့"

"ထားရယ်၊ အဲဒါတွေ မောင့် မေတ္တာ မယုံလို့ ပြောနေ တာလား"

စကားသံက တိုးညင်းသွားပြီး ထားလက်ကို ဆုပ်ကိုင် ထားလိုက်တော့ ထားရင်၌ တလှပ်လှပ် ခုန်ရပြန်ပြီလေ။

ရွှေစကားစာပေ



"အိမ်ပေါ်မခေါ်တော့ဘူးလား"

ကား ရပ်ပေးတော့ ထားကိုမေးသည်။

"မခေါ်တော့ဘူး"

"ဒါဆို မနက်ဖြန် လက်ထပ်မှာနော်၊ တရားရုံးကို သွားပြီး လက်ထပ်မယ်"

"လမ်းထိပ်က စောင့်လေ၊ ဆိုင်အရင်သွားပြီး ခွင့်တင် မယ်၊ ပြီးမှ"

"ဟုတ်ပြီ၊ ဒီကပဲ စောင့်မယ်"

"သွားမယ်နော်၊ မနက်ဖြန်မှပဲ အိမ်ခေါ်တော့မယ်၊ မေမေတို့ လက်ထပ်ပြီးမှ အံ့သြသွားအောင်လို့"

ပြောပြီး ထားထွက်သွားတော့ ထားနောက်ကျောကို စိုးဝေ ငေးကြည့်နေမိတုန်း။

ရွှေစကားစာပေ

www.burmeseclassic.com

www.burmeseclassic.com

(၇)

တရားရုံးက လက်မှတ်ထိုးပြီး ဆင်းလာတော့ . . .

“ထား အသက်နှစ်ဆယ် ပြည့်ပါပြီနော်”

ဟု ပြုံးရင်း မောင်က နောက်သည်။

“နှစ်ဆယ့်သုံး ပြည့်ပြီးပြီ မောင်၊ ဘယ်သူမှ ခွဲလို့ မရတော့ပါဘူး”

ထားက ခပ်ပြုံးပြုံး ပြန်ပြောလိုက်၏။





ကားတံခါးမဖွင့်မီ ကားကို မှီရပ်ရင်း . . .

“မောင် . . .”

“ပြောလေ ထား”

“မောင့်ကို ပြစရာရှိတယ်”

“ဘာလဲ”

ထားက ပိုက်ဆံအိတ်ကို ဖွင့်သည်။ ပြီးတော့ စာရွက်ခေါက်ကလေးတစ်ခုကို ဆွဲထုတ်လိုက်ရင်း လှမ်းပေးသည်။

စိုးဝေယူပြီး ဖြန့်ဖတ်လိုက်၏။

သက်ပိုင်စိုးစေချင်တော့သည်ဟု ဆုံးထားသော နတ်သျှင်နောင်၏ ကဗျာကလေး။ သူ့လက်ရေးနှင့် ကူးပေးခဲ့သည့် စာရွက်ငယ်ကို ကြည့်ရင်း စိုးဝေ ရင်ခုန်နေမိပြန်သည်။

“ထား . . . သိမ်းထားတာပဲ”

“အသက်ကိုတောင် စိုးပိုင်စေချင်ပါတယ်ဆိုတော့ ထားက သိမ်းထားရတာပေါ့”

“ဘာလဲ မယုံလို့လား”

“အခု မောင့်ကို အရမ်းကို ယုံသွားပြီမောင်”



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲဟင်"

"နောက် ပြစရာတစ်ခု ရှိသေးတယ်၊ ရော့ . . . ကြည့်"

ပိုက်ဆံအိတ်ထဲမှ ဆွဲထုတ်ပြီး စာရွက်ခေါက်တစ်ခုကို ပေးလိုက်ပြန်၏။

"ဟင် . . . ဒါမွေးစာရင်း"

"ဟုတ်တယ်၊ သားရဲ့ မွေးစာရင်း"

"ဟာ . . အဘအမည် ဦးစိုးဝေ၊ ဒါဆို . . ဒါ . . ဒါ သားက မောင့်သားပေါ့၊ ဟုတ်လား ထား၊ မောင့်သား"

တုန်တုန်လှုပ်လှုပ် အမူအရာကို စိုးဝေ ထိန်းချုပ်နိုင်ခြင်း ငှာ မစွမ်းတော့။ ထားက သူ့ကို ကြည့်ရင်း ခေါင်းကို ညိတ်သည်။

"ထားရယ်၊ ဘာလို့ အိမ်ထောင်ကျတယ်၊ ကလေး တစ်ယောက် အမေမုဆိုးမလို့ မောင့်ကို ညာရတာလဲ"

"မောင်တို့ လက်ထပ်ပွဲမပျက်စေချင်တာ တစ်ခုတည်း ပါမောင်ရယ်၊ မောင်ပိုပြီး ကြီးပွားချမ်းသာတာကို ထား မုဒိတာ ပွားနိုင်လို့ပါ"

"မဟုတ်ဘူး ထားရယ်၊ ကဲ . . တက်၊ သားကို မောင်





တွေ့ချင်လှပါပြီကွာ၊ ထား ညကတည်းက ပြောလိုက်ရင် ပြီးသား နဲ့"

ကားတံခါးကို ဖွင့်ပေးလိုက်၏။

"သားက ဒီအချိန် ကျောင်းမှာ မောင်"

ဟားစထွက်တော့ ထားက ပြောသည်။

"အရေးကြီးလို့ဆိုပြီး လိုက်ခေါ်ပါ ထားရယ်"

"သားတော့ အရမ်းပျော်မှာ"

"မောင်လဲ အရမ်းပျော်တာပေါ့"

"ထားက သားဖေဖေ သေပြီပြောထားတာ"

"ထားကလဲ"

ဟု ပခုံးချင်းတိုက်ရင်း စိုးဝေက ပြောသည်။

"ဒါပေမယ့် ထားရင်ထဲမှာ မောင် အမြဲရှိနေတယ်ဆိုတာ ထား ဘာသာပဲသိတာပါ မောင်"

စိုးဝေက ကား ကက်ဆက်ခလုတ်ကို ဖွင့်လိုက်၏။ တေးသံငြိမ့်ငြိမ့် ကားထဲမှာ ပျံ့လွင့်လာသည်။

သားကို ကျောင်းမှ ပြန်ခေါ်လာပြီး စိုးဝေနှင့် တွေ့ပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

"သား"

စိုးဝေက သားကို ပွေ့ဖက်နမ်းရှုပ်ရင်း ခေါ်လိုက်သံသည် ကမ္ဘာပေါ်၌ အသာယာဆုံး အသံဟု ထားသက်ပိုင် ထင်မိပြန်၏။

သားအဖ နှစ်ယောက်ကို ကြည့်ရင်း ထားသက်ပိုင်၏ မျက်ဝန်းမှာ မျက်ရည်တို့ လိမ့်ဆင်းစီးကျနေပြန်သည်။

ကြည်နူးမှု၏ အရိုက်အခတ်ဖြင့် နှလုံးသားကဆတ်ဆတ်ခါသည့်အခါ မျက်ရည်များကျ၍ လာတတ်ပါသတဲ့ လား။

ပြီး

မောင်စိန်ဝင်း (ပုတီးကုန်း)



BURMESE CLASSIC .com

www.burmeseclassic.com